**စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ**။ ။စက္ခာယတန၌ (၁၅)ဝါရဟူသော်ကား- ကေကလေးဝါရ စသည်ကိုဆိုပါ။

**ကေက လေးဝါရ** ဟူသော်ကား- ''စက္ခာယတနံ ပစ္စယာစက္ခုဝိညာဏံ'' ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိဘော်ပါဌ်၌ စက္ခာယတနံ၏ အရကို စက္ခုပသာဒယူ၍ စက္ခုဝိညာဏံ၏အရကို ဝေဒနာယူ၍ တဝါရ။ (ဤနည်းအတိုင်း (၁၅)ဝါရ ကုန်အောင် ဆိုပါ။ သောတာယတန စသည်လည်း နည်းတူ။)

**ဝတ္ထုကံ၊ ဟဒယ**။ ။၎င်း၌လည်း နည်းတူ (၁၅)ဝါရ ပင်ရ၏

**ကေကလေးဝါရ** ဟူသော်ကား-''ဝတ္ထုံပစ္စယာ ဝိပါကာဗျာကတာကြိယာဗျာကတာ ခန္ဓာ''ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိဘော်ပါဌ်၌ ဝတ္ထု၏ အရကို ဟဒယဝတ္ထုယူ၍ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ၏အရကို ဝေဒနာယူ၍ တဝါရ။ အကြွင်းစု ဆိုပါတော့။

**(ဗျာ–ကု)၌**။ ။''ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ'' ဟု ဟော၍(၁၅)ဝါရပင်ဖွဲ့ပါ။

**(ဗျာ-အကု)**။ ။နည်းတူ (၁၅)ဝါရပင်။

**(ဗျာ–ကုဗျာ)၌**။ ။''ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ'' အတွက် (၁၅)ဝါရ၊ ၎င်းသည် (ဗျာ-ကု)နှင့်တူ၏။ ။ ''မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ''အတွက်(၁၅)ဝါရဟု ခန္ဓာဝါရ(၃၀) ဖြစ်၏။

**ကေကလေးဝါရ** ဟူသော်ကား-- မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ'' ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ မဟာဘူတေ၏ အရကို ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ စိတ္တသမုဋ္ဌာနံရူပံ၏ အရကို အာပေါ,တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ။ တိက စသည်ကိုပါ ဆိုတော့။

**စတုက္ကတဝါရ** ဟူသော်ကား- မဟာဘူတေ၏ အရကို ပထဝီ, အာပေါ, တေဇော, ဝါယော စိတ္တဇမဟာဘုတ်ယူ၍ စိတ္တသမုဋ္ဌာနံရူပံ၏ အရကို စိတ္တဇဥပါဒါရုပ် ယူ၍ တဝါရ၊ ဤသို့လျှင် စတုက္ကတဝါရ ဖြစ်သတည်းဆို။

**(ဗျာ–အကုဗျာ)**။ ။ဗျာ-ကုဗျာနှင့် တူပြီ။

**(ကုဗျာ–ကု)**၌။ ။အစိတ်အစိတ် ဖြစ်၍ (၁၄) ဝါရသာ။ "ကုသလံ ကေ့ံ ခန္ဓဋ္ဌ ဝတ္ထုံစ ပစ္စယာ တယော ခန္ဓာ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ကုသလံ ကေံ ခန္ဓဋ္ဌ ဝတ္ထုံစ၏ အရကို ဝေဒနာ, ဟဒယဝတ္ထုယူ၍ တယော ခန္ဓာ၏ အရကို သညာ, သင်္ခါရ, ဝိညာဉ်ယူ၍ တဝါရ၊ ဤသို့ စသည်ဖြင့် ဆိုတော့။

**(ကုဗျာ–ဗျာ)**။ ။ကု-ဗျာနည်းတူ (၂၂၅) ဝါရဖြစ်၏။

**ကေက လေးဝါရ** ဟူသော်ကား– "ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ကုသလေ ခန္ဓေ စ မဟာဘူတေစ၏ အရကို ဝေဒနာ, ပထဝီမဟာဘုတ် စိတ္တဇရုပ်ယူ၍ စိတ္တသမုဋ္ဌာနံရူပံ၏ အရကို အာပေါ, တေဇော, ဝါယော မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ၊ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ၏ အရကို သညာ, ပထဝီမဟာဘုတ်စိတ္တဇရုပ်ယူ၍ စိတ္တသမုဋ္ဌာနံရူပံ၏ အရကို အာပေါ, တေဇော, ဝါယောမဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ၊ ဤသို့ကံပုဒ်က ခန္ဓာကိုလဲ၍ ပထဝီမဟာဘုတ်စိတ္တဇရုပ်၌(၁၅)ဝါရ။ ထိုနည်းတူ အာပေါမဟာဘုတ် စိတ္တဇရုပ်၌ (၁၅)ဝါရ စသည်တို့ကို (ကု-ဗျာ) သဘောသွားဆိုပါ။ ကံဘက်က ဘုတ်ကိုးလာမူသာ ထူး၏။

**(ကုဗျာ-ကုဗျာ)**၌။ ။(ကုဗျာ-ကု) အတွက် အစိတ်အစိတ် (၁၄)ဝါရ၊ (ကုဗျာ-ဗျာ)အတွက် အစိတ်အပေါင်း (၂၂၅)ဝါရဖြစ်၍ ၁၄+၂၂၅=(၂၃၉)ဝါရဖြစ်၏။ ပါဠိတော်အတိုင်း အသီးသီးခွဲ၍ ခန္ဓာဝါရဖွဲ့ပါတော့။

**(အကုဗျာ)**။ ။သုံးချက်လုံးသည် (ကုဗျာ) သုံးချက်နှင့်တူပြီ။

## သံသဋ္ဌဝါရ

သံသဋ္ဌဝါရ၌ နာမ်သက်သက်သာဖြစ်၍ ဤအနုလုံပဝတ္တိပဋိသန္ဓေဟူသမျှတို့၌ အစိတ်အစိတ်သာဖြစ်ရကား (၁၄) ဝါရကိုသာ အသီးသီးရကြ၏။ (ကု-ကု)သဘောအတိုင်းဖွဲ့တော့။

## ဆဝါရ ပစ္စနိက် သုဒ္ဓသင်္ချာ ဇယား

| ပစ္စည်း | နာမ် | ရုပ် | သင်္ချာ | | |
|---|---|---|---|---|---|
| | | | [illegible] | [illegible] | [illegible] |
| နဟေတု | မောဟမူဒွေ၌မောဟ<br>အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး | အဟိတ်စိတ္တဇရုပ်(ပ)ပဝတ္တိ ကမ္မဇရုပ် | ၂ | ၄ | ၂ |
| နအာ၊ နနံ၊နသနံ၊<br>နဥ၊နသံ၊နောနတ်<br>နောဝိဂ | | စိတ္တဇရုပ်-ပဋိသန္ဓေကမ္မဇရုပ်-ဗာဟိရရုပ်<br>အာဟာရဇရုပ်-ဥတုဇရုပ်-အသညသတ်<br>ကမ္မဇရုပ်-ပဝတ္တိကမ္မဇရုပ် | ၅ | ၅ | |
| နာဓိပတိ | အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်။ မရသောအခါ အကုသိုလ် ဒွါဒသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ်၊ မဟာကြိယာ၊လောကီဝိပါက် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး | နိရာဓိပတိစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊<br>ဗာဟိရရုပ်(ပ)ပဝတ္တိကမ္မဇရုပ် | ၈ | ၁၇ | ၃ |
| နအညမည | | နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်။ ဟဒယဝတ္ထုမှတပါးသောပဋိသန္ဓေကမ္မဇရုပ်။ မဟာဘုတ်မှ ထောက်အပ်သော စိတ္တဇ ဥပါဒါရုပ်၊ ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ် (ပ) ပဝတ္တိကမ္မဇ ဥပါဒါရုပ် | ၅ | ၅ | |
| နပုရေဇာတ | အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ အရူပဘုံ၌ဖြစ်သောအခါလောဘမူ၊မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်၊မဟာကြိယာ၊အရူပကုသိုလ်၊အရူပကြိယာ၊ အထက်မဂ်သုံးခု၊ဖိုလ်လေးခု၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ | စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ် | ၇ | ၇ | ၃ |
| နပစ္ဆာဇာတ | အလုံးစုံသောပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး | စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ် | ၈ | ၁၇ | ၃ |
| နာသေဝန | အကုသိုလ်ဒွါဒသ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာပထမဇော၊အာဝဇ္ဇန်းဒွေ၊ဝိပါက်စိတ် ဆတ္တိံသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ | စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ် | ၈ | ၁၇ | ၃ |
| နကမ္မ | ကုသိုလ် အကုသိုလ် ကြိယာစေတနာ | ဗာဟိရရုပ်၊အာဟာရဇရုပ်၊ ဥတုဇရုပ် | ၃ | ၇ | ၃ |
| နဝိပါက | ကုသိုလ် အကုသိုလ် ကြိယာနာမက္ခန္ဓာ | ကုသိုလ် အကုသိုလ်ကြိယာ ပြုအပ်သောစိတ္တဇရုပ်<br>ဗာဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ် | ၈ | ၁၇ | ၃ |
| နအာဟာရ | | ဗာဟိရရုပ်၊ ဥတုဇရုပ်၊<br>အသညသတ်ကမ္မဇရုပ်၊ပဝတ္တိကမ္မဇရုပ် | ၁ | ၁ | |
| နဣန္ဒြိယ | | ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊<br>အသညသတ်ရုပ်ဇီဝိတိန္ဒြေ၊ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ | ၁ | ၁ | |
| နဈာန | ဒွေပဉ္စဝိညာဉ်တဆယ် နာမက္ခန္ဓာလေးပါး | ဗာဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ် | ၁ | ၁ | ၁ |
| နမဂ္ဂ | အဟိတ်ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး | အဟိတ်စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ် | ၁ | ၁ | ၁ |
| နဝိပ္ပယုတ္တ | အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေး ပါး။ အရူပဘုံ၌ဖြစ်သောအခါ လောဘမူ၊မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပကုသိုလ်၊ အရူပကြိယာ၊ အထက်မဂ်သုံးခု၊ ဖိုလ် လေးခု နာမက္ခန္ဓာ။ | ဗာဟိရရုပ် (ပ) ပဝတ္တိကမ္မဇရုပ် | ၃ | ၃ | ၃ |

## ဆဝါရပစ္စနိက်သင်္ချာဇယား

| | ကုပဒ ၃ | | | အကုပဒ ၃ | | | ဗျာပဒ ၅ | | | | | ကုဗျာ ၃ | | | အကုဗျာ ၃ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကု | ဗျာ | ကုဗျာ | အကု | ဗျာ | အကုဗျာ | ဗျာ | ကု | အကု | ကုဗျာ | အကုဗျာ | ကု | ဗျာ | ကုဗျာ | အကု | ဗျာ | အကုဗျာ | | |
| | ကု | = | = | အကု | = | = | ဗျာ | = | = | | | ကုဗျာ | | | အကုဗျာ | | | သင်္ချာ | ဝါရ |
| | | | | ။ | | | ။ | | | | | | | | | | | ၂ | ပဋ္ဌ၊ သသင့် |
| | | | | ။ | | | ။ | | ။ | | | | | | | | | ၃ | ပစ္စယ |
| | ။ | | | ။ | | | ။ | | | | | | | | | | | ၃ | ဆဝါရ |
| | | ။ | | | ။ | | ။ | | | | | | ။ | | | ။ | | ၆ | ပဋ္ဌ၊ ပစ္စယ |
| နပုရေ | ။ | ။ | | ။ | ။ | | ။ | | | | | | ။ | | | ။ | | ၇ | ပဋ္ဌ၊ ပစ္စယ |
| နကမ္မ | ။ | | | ။ | | | ။ | ။ | ။ | | | ။ | | | | | | ၇ | ပစ္စယ |
| | ။ | ။ | ။ | ။ | ။ | ။ | ။ | | | | | | ။ | | | ။ | | ၉ | ပဋ္ဌ |
| | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | | ၁၇ | ပစ္စယ |
| | | | | | | | ။ | | | | | | | | | | | ၁ | ဆဝါရ |

**ဆဝါရပစ္စနိက်သုဒ္ဓသင်္ချာဆိုရိုး။** ။နဟေတု ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မောဟမူဒွေ၌ မောဟ၊ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အဟိတ်စိတ္တဇရုပ်၊ အဟိတ် ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ်၊ (ပေယျာလများကို ဖော်ဆိုပါ၊ ကြွင်းပစ္စည်းတို့ကိုလည်း နည်းတူဖော်၍ဆိုပါ။) ဤတရားတို့သည် နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နယသို့လိုက်၍ရင်း ဝါရသို့လိုက်၍ရင်း တိက်ပုဒ်၏ အရသို့ လိုက်၍ရင်း ကံကတ္တားနေ့ဟန်သို့လိုက်၍ရင်း၊ နဟေတုယာ ဒွေ၊ စတ္တာရိ၊ ဒွေဟု သင်္ချာဘပ်၍ ဟောအပ်ကုန်၏။ ဒွေ ဟူသော်ကား- အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည်ဘည်း။ စတ္တာရိ ဟူသော်ကား အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ အဗျာကတေန အကုသလံ၊ အကုသလာဗျာကတေန အကုသလံ ဟူသည်တည်း။ ဒွေ ဟူသော်ကား အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည်ဘည်း။ ကြွင်းသော နအာရမ္မဏ စသည်တို့ကိုလည်း ဇယားအတိုင်းဆိုပါတော့။ ဆိုတတ်လောက်ပါပြီ။

**သုဒ္ဓသင်္ချာသဘော။** ။အနုလုံမှ ကျန်သော တရားများ ပစ္စယုပ္ပန်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဘရားများသည် ပစ္စနိက် တရားများဖြစ်ကြ၏။ ကျန်ပုံကား- အနုလုံဟေတု၌ မောဟကို ကြဉ်၍ ဤ၌ မောဟရ၏၊ အနုလုံ၌ သဟိတ်နာမ်ရ၍ ဤ၌ အဟိတ်နာမ်ရ၏၊ အနုလုံ၌သဟိတ်ရုပ်ရ၍ ဤ၌ အဟိတ်ရုပ် များရ၏။ ဤသို့ အနုလုံ၌ ပစ္စယုပ္ပန်မှကျန်သော တရားများ ၏ ပစ္စနိက်ဖြစ်သာကြောင်းကို ကြံဆပါ။

**သင်္ချာထွက်ပုံ။** ။ဤပစ္စနိက်၌ နဝ- သတ္တရသ- တိဏိ။ တိဏိ-သတ္တ။ တိဏိ-ဧကံဟု ရသော သင်္ချာများကို အနုလုံ သဘောအတိုင်း ယူဆပါ။

**ဒွေ။** ။မောဟအတွက် (အကု-အကု)၊ အဟိတ်နာမ်ရုပ် အတွက် (ဗျာ-ဗျာ)ရ၏။

**စတ္တာရိ။** ။ကတ္တား အကုနေသော သင်္ချာ နှစ်ချက်တိုး လာ၏။

**ပဉ္စ၊** ။ဝိတ္တဇရုပ်၊ သဟိတ် စိတ္တဇရုပ်၊ သာဓိပတိစိတ္တဇ ရုပ်များသည် ကု-အကု-ဗျာတို့ပြုအပ်သော ရုပ်များဖြစ်ကြ၍ (ဗျာ) ငါးချက်ရ၏။ (ဗျာ-ကတ္တားနေသော ငါးချက်ကို အလွယ်နည်း ဆိုသည်။)

**နပုရေဇာတ၊** [illegible] (ဗျာ) ငါးချက်တွင် အရူပဘုံက နာမ်များအတွက် (ကု-ကု) (အကု-အကု) (ဗျာ-ဗျာ)သုံးချက်တိုး၏၊ (ဗျာ-ဗျာ) [illegible] ဖြစ်၍ သင်္ချာသတ္တ ဖြစ်လာ၏။

**နဝိပ္ပယုတ္တ။** ။အရူပနာမ်များသာ ဖြစ်ခြင်း, စိတ္တဇရုပ် များလည်း မရှိခြင်းကြောင့် တိဏိသာရ၏။

### ဆဝါရ အနုလုံ, ပစ္စနိက် သင်္ချာထုတ်ပုံ အကျဉ်းချုပ်

သဟိတ်နာမ် သဟိတ်ရုပ်ရှိလျှင် နဝ-သတ္တရသ-တိဏိ။ သဟိတ်နာမ်သက်သက်ရှိလျှင် တိဏိ-သတ္တ-တိဏိ။ အရူပနာမ် သက်သက်ရှိလျှင် တိဏိ-တိဏိ-တိဏိ။ အရူပနာမ်နှင့် [illegible] ရုပ်ရောနေလျှင် သတ္တ-သတ္တ-တိဏိ။ မောဟနှင့် အဟိတ်နာမ် ရုပ်ရှိလျှင်ဒွေ-စတ္တာရိ-ဒွေ။ မောဟသာရှိလျှင်ဧကံ-တိဏိ-ဧကံ။ သဟိတ်ရုပ်, သာဓိပတိရုပ်သက်သက်ရှိလျှင် ပဉ္စ ပဉ္စ။ [illegible], အဟိတ်နာမ်ရုပ်, ပဋိသန္ဓေဝိတ်,မဟာဘုတ်, ဥပါဒါရုပ်ရှိလျှင် ဧကံ-ဧကံ-ဧကံ။ အရူပဘုံ၌ မောဟဖြစ်လျှင် ဧကံ-ဧကံ-ဧကံ ဟုထုတ်၊ ပစ္စည်းတွန်းရာ၌ ဤသင်္ချာများ ကိန်းသေလာပါ၏။

## ဆဝါရပစ္စနိက် ဝိဘင်္ဂထူးရာ ပါဠိတော်ဇယား

| | ပဒ | ကံ=ပစ္စည်း | ပဒါဝသာန | ကတ္တား=ပစ္စယုပ္ပန် |
|---|---|---|---|---|
| | ကု | ၁ \| ၃ \| ၂ | ကု | ၃ \| ၁ \| ၂ |
| နပုနိဒ် | | အရူပေကုသလံ \| ၁ \| ၃ \| ၂ | | ၃ \| ၁ \| ၂ |
| နကမ္မ | | ကုသလေခန္ဓေ | | ကုသလာစေတနာ |
| နဟေတု | အကု | ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေခန္ဓေ | အကု | ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော |
| နပု-နိဒ် | | အရူပေအကုသလံ \| ၁ \| ၃ \| ၂ | | ၃ \| ၁ \| ၂ |
| နကမ္မ | | အကုသလေခန္ဓေ | | အကုသလာစေတနာ |
| နဟေတု | ဗျာ | ဝတ္ထုံ | ဗျာ | အဟေတုကာဝိပါကာဗျာကတာ ကြိယာဗျာကတာခန္ဓာ |
| နအာ | | ဝိပါကာဗျာကတေ ကြိယာဗျာကတေခန္ဓေ | | စိတ္တသမုဋ္ဌာနံရူပံ |
| | | ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတေခန္ဓေ | | ကဋတ္တာရူပံ |
| | | ခန္ဓေ | | ဝတ္ထု |
| | | \| မဟာဘူတေ | | ။ \| ကဋတ္တာရူပံ \| ဥပါဒါရူပံ |
| နအည | | ဗာဟိရေ,အာဟာရသမုဋ္ဌာနေ,ဥတုသမုဋ္ဌာနေ \| ။ | | ။ |
| | | အသညသတ္တာနံ \| ။ | | ။ \| ။ |
| နပု-နိဒ် | | အရူပေ ဝိပါကာဗျာကတံ ကြိယာဗျာကတံ \| ၁ \| ၃ \| ၂ | | ၃ \| ၁ \| ၂ |
| နပု | | ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ | | ။ |
| နကမ္မ | | ကြိယာဗျာကတေ ခန္ဓေ | | ကြိယာစေတနာ |
| နဣ | | အသညသတ္တာနံ \| မဟာဘူတေ | | \| ရူပဇီဝိတိန္ဒြိယံ |
| နဈာန | | ပဉ္စဝိညာဏသဟဂတံ \| ၁ \| ၃ \| ၂ | | ၃ \| ၁ \| ၂ |
| နကမ္မ | ။ | ဝတ္ထုံ | ကု | ကုသလာစေတနာ |
| နဟေ | ။ | ။ | အကု | ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော |
| နကမ္မ | ကုဗျာ | ကုသလေခန္ဓေစ ဝတ္ထုံစ | ကု | ကုသလာစေတနာ |
| နဟေ | အကုဗျာ | ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေစ ဝတ္ထုံစ | အကု | ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော |

**ဆဝါရပစ္စနိက်ဝိဘင်္ဂပါဠိတော်ထုတ်ပုံ။** ။အနုလုံ၌ပြခဲ့သည့်အတိုင်း သုဒ္ဓသင်္ချာတရားကိုကြည့်၍ ပါဠိတော်များကို ထုတ်ရမည်၊ အနုလုံမှ ထူးရာပါဌ်များကို ပစ္စနိက် ဆဝါရလုံးအတွက် ဤဇယားဖြင့် ပြထားသည်၊ ရုပ်သက်သက်သော်၎င်း၊ စေတသိက် တရားများသော်၎င်း၊ ကံဖြစ်စေ, ကတ္တားဖြစ်စေ နေလျှင် အစိတ်အပေါင်းဖြစ်၍ ''ကေါ်ခန္ဓေ'' စသည်မထုတ်ရဘဲ ''ခန္ဓေ''ဟု ထုတ်ရပေမည်။

**ပဋိစ္စဝါရ။** ။သုဒ္ဓသင်္ချာတရားရအတိုင်း အစိတ်အစိတ် အစိတ်အပေါင်း ဖြစ်သင့်သည် အားလျော်စွာ ပါဠိထုတ်။ အဟိတ်ဖြစ်လျှင်အဟေတုကသဒ္ဒါ၊အရူပဘုံ၌ဖြစ်လျှင် အရူပေ သဒ္ဒါကိုထည့်။ နပုရေဇာတတွင် အနုလုံ ပဉ္စဝေါကာရဘုံက တရားများအတွက် စိတ္တဇရုပ်ကိုထုတ်။

**ပစ္စယဝါရ။** ။သုဒ္ဓသင်္ချာအရ ဝတ္ထုရုပ်ကို၊ မှီနိုင် မမှီနိုင်ကြည့်ကာ ပဒ,ပဒါဝသာနထုတ်၍ ၎င်းတို့ အားလျော်စွာ ပါဠိများကိုထုတ်ပါ။ ဒွေပဉ္စဝိညာဉ်ဆယ်ရလျှင် ''စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ'' စသည်ကို အနုလုံ အတိုင်း ထုတ်ပါ။

**သံသဋ္ဌဝါရ။** ။သမ္ပယုတ္တပစ္စည်းကိုဟောသော ဤဝါရ၌ ရုပ်သက်သက်ကတ္တားနေသော နာရမ္မဏအစရှိသော ဆယ်ပစ္စည်းတို့ကို မဟောရပြီ။ နဟေတု စသော ဆယ်ပစ္စည်းတို့ကိုသာ ဟောရ၏။ ပဋိစ္စဝါရအတိုင်း နာမ်သက်သက်ကိုသာ ရွေး၍ဟောပါ။

# ပဋ္ဌာဝါရ ပစ္စနိက် ကတ္တားကောက်

ဤ ပစ္စနိက် ကတ္တားကောက်ပုံများကိုလည်း အနုလုံနည်း အတိုင်း သုဒ္ဓသင်္ချာကိုကြည့်၍ ကောက်ရပေသည်။

## နဟေတု

**အကု–အကု**=ဝိစိကိစ္ဆာ သဟဂုတ်, ဥဒ္ဓစ္စသဟဂုတ် စေ ၁၄ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ဝိစိကိစ္ဆာ သဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟ ပစ္စယုပ္ပန်တရား ရ၏။ (ပါဠိတော်သွားအတိုင်းပင်)။

**ဗျာ–ဗျာ=ပဝတ္တိ**=အဟိတ်စိတ် ၁၈၊ ဆန္ဒ ကြဉ် အညသမာန်း စေ ၁၂ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဟိတ်စိတ် ၁၈၊ ဆန္ဒကြဉ်သော အညသမာန်း စေ ၁၂ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

**ပဋိ**=အဟိတ်ပဋိ ၂၊ ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်း စေ ၁၀ အစိတ်အစိတ်, အစိတ်အပေါင်းနာမက္ခန္ဓာ ဟဒယဝတ္ထုကိုစွဲ၍ ဖြစ်သော အဟိတ် ပဋိ ၂၊ ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်း စေ ၁၀ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။

**ရုပ်**= ပဉ္စဝေါ .... ဒွေပဉ္စ ၁၀ ကြဉ် အဟိတ်ဝိ, အဟိတ်ကြိနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော အဟိတ်စိတ္တဇ မဟာဘုတ်၊ အဟိတ်ပဋိ၂ခုနှင့် ယထာရဟအတူ ဥပါဒ်သော အဟိတ်ပဋိကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ် (ပ) ပဝတ္တိကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော ဘုတ်နှင့် တကွသော အဟိတ်စိတ္တဇဥပါဒါရုပ်, အဟိတ်ပဋိကမ္မဇဥပါဒါရုပ်, ဗာဟိရ ဥပါဒါရုပ် (ပ)ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။

## နာရမ္မဏ စသည်

**ကု-ဗျာ။ အကု-ဗျာ။ ကုဗျာ–ဗျာ။ အကုဗျာ–ဗျာ** တို့ကို အနုလုံ သဟဇာတအတိုင်းကောက်။

**ဗျာ — ဗျာ = ပဝတ္တိ=** (ရုပ် သက် သက် ကတ္တား နေ၍ ဘုံသတ်ကာရုပ်ကို မဖြစ်စေသောစိတ်များကိုကြဉ်)ပဉ္စဝေါ.... အရူပဝိ ၄, ဒွေပဉ္စ၁၀, ရဟန္တာတို့စုတိ ကြဉ်ဝိ ၂၂, ကြိ ၂၀၊ စေ ၃၈ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

**ပဋိ** = ပဉ္စဝေါ ပဋိ ၁၅ စေ ၃၅ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။

**ရုပ်**=ရုပ်ကုန်ရသဖြင့် အနုလုံ သဟဇာတ ရုပ် သက် သက် အတိုင်းဆို။

## နာဓိပတိ

**ကု-ကု**=ဓိပစ္စည်းရ မဟာကု - ၈၊ ဧ ကန် ရ မဟဂ္ဂုတ်ကု - ၉,မဂ် ၄၊ စေ ၃၈ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ ဖြစ်သော အဓိပတိတရားကိုယ်။ မရသောအခါ မဟာကု-၈၊ **စေ၃၈ အစိတ်အစိတ်**နာမက္ခန္ဓာကို စွဲ၍ဖြစ်သော မဟာကု-၈၊ စေ ၃၈ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ (နာမ်သက်သက် ကတ္တားနေရာတို့၌ သာဓိပတိဇော ၅၂ ရှိ အဓိပတိတရားကိုယ်များကိုပါ ဆိုင်ရာဆိုင်ရာကောက်ရ၏။)



**ကု–ဗျာ**= ကတ္တားမှာ ရုပ်သက်သက်နှင့် ကု–ကုဗျာ= နာမ်နှင့်ရောနေသော ရုပ်တို့ဖြစ်ရကား မရသောအခါသာ (မဟာကု-၈ သာဆို) ရုပ်များမှာ နိရာဓိပတိ စိတ္တဇရုပ်များ သာ ဖြစ်ကြ၏။ ထို့ကြောင့်

**ကု–ဗျာ** ၌ ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရ သောအခါ မဟာကု-၈၊ စေ၃၈ အစိတ်အပေါင်း နာမက္ခန္ဓာ ကိုစွဲ၍ဖြစ်သော နိရာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

**ကု — ကုဗျာ** = ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို မရ သောအခါ မဟာကု-၈၊ စေ ၃၈ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော မဟာကု-၈၊ စေ ၃၈ အစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော နိရာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

**အကု-အကု** = ဓိပစ္စည်းရ လောဘမူ - ၈၊ ဒေါသမူ ဒွေ ဝိစိကြဉ် စေ ၂၆ အစိတ်အပေါင်းနာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိတရားကိုယ်။မရသောအခါ အကု၁၂၊ စေ၂၇အစိတ် အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အကု ၁၂၊စေ၂၇ အစိတ် အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

**အကု–ဗျာ။ အကု — အကုဗျာ**=(ကု) နည်းတူ မရသော အခါ အကု ၁၂ စေ ၂၇ စသည်ဆို။

**ဗျာ — ဗျာ ပဝတ္တိ**= ဓိပစ္စည်း ရ မဟာ ကြိ - ၈၊ ဧကန်ရ မဟဂ္ဂုတ်ကြိ- ၉ ဖိုလ် ၄၊စေ၃၈အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိတရားကိုယ်။ မရသောအခါ အဟိတ် ကြိ ၃၊ မဟာကြိ ၈၊ ကာဝိ ၃၂၊ စေ ၃၅ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဟိတ်ကြိ- ၃၊ မဟာကြိ- ၈၊ ကာဝိ ၂၃၊ စေ ၃၅ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သောနိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ (ရ-မရ နှစ်ချက်လုံးကောက်)

**ပဋိ**။ **ရုပ်** = ပဋိသန္ဓေကို အနုလုံ သဟဇာတအတိုင်းဆို။ ရုပ်သက်သက်၌- အနုလုံသဟဇာတအတိုင်းတွင် နိရာဓိပတိကု, အကု,ဝိ,ကြိ, နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော နိရာဓိပတိစိတ္တဇမဟာဘုတ် စသည်ကိုဆို။

**ကုဗျာ — ဗျာ**။ **အကုဗျာ — ဗျာ**= မရသောအခါ အစိတ် အပေါင်းနာမက္ခန္ဓာ အစိတ် အပေါင်းမဟာဘုတ်စသည်ဆို။

## နအညမည

**ဗျာ — ဗျာ ပဝတ္တိ**= နာရမ္မဏအတိုင်းကောက်။

**ပဋိ**=ပဉ္စဝေါပဋိ ၁၅၊စေ ၃၅ အစိတ်အပေါင်းနာမက္ခန္ဓာ ကိုစွဲ၍ဖြစ်သော ဟဒယဝတ္ထုမှတပါး ကဋတ္တာရုပ်ကိုကောက်။

**ရုပ်**=အနုလုံသဟဇာတအတိုင်းတွင် ကတ္တားဘက်၌"ဘုတ် နှင့်တကွသော"မကောက်ဘဲ ဥပါဒါရုပ်များသာကောက်။

**ကု–ဗျာ။ အကု —ဗျာ။ ကုဗျာ–ဗျာ။ အကုဗျာ–ဗျာ** တို့ကို နာရမ္မဏအတိုင်းကောက်။

## နပုရေဇာတ

**ကု — ကု**= အရူပဘုံ၌ဖြစ်သောအခါ မဟာကု-၈၊ အရူပ ကု-၄၊ထက်မဂ်-၃၊စေ ၃၆ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်

## ပဋ္ဌာန ပစ္စနိက် ကတ္တားကောက်

သော မဟာကု-ဂ၊ အရူပကု-၄၊ထက်မဂ်-၃၊ စေ ၃၆ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်ဘရားရ၏။

ကု—ဗျာ။ အကု—ဗျာ။ ကုဗျာ— ဗျာ။ အကုဗျာ—ဗျာ။ တို့မှာ နာရမ္မဏနှင့်တူပြီ။

အကု—အကု=အရူပဘုံ၌ဖြစ်သော လောဘမူ-ဂ၊ မောဟမူဒွေ၊ စေ ၂၃ ကိုဆို။

ဗျာ—ဗျာ=ပဝတ္တိ=အရူပဝိ ၄၊ အရူပဘုံ၌ ဖြစ်သောအခါ မနောဒွါရာ, မဟာကြိ - ဂ, အရူပကြိ - ၄၊ ဖိုလ် ၄၊ စေ ၃၆ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သောအခါ အရူပဝိ ၄၊ အရူပဘုံ၌ဖြစ်သောအခါ မနောဒွါရာ, မဟာကြိ-ဂ, အရူပကြိ ၄, ဖိုလ် ၄၊စေ ၃၆ အစိတ်အစိတ်နာမက္ခန္ဓာ။ ပဋိသန္ဓေ....အရူပဝိ-၄၊ ဒွေပဉ္စ ၁၀, ရဟန္တာတို့စုတိကြဉ်ဝိ ၂၂, ကြိ ၂၀, စေ ၃၈ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ (ဝိဘင်းအတိုင်း အရူပဘုံတချက်၊ ရုပ် တချက်ဟု နှစ်ချက်ကောက်။)

ပဋိ။ရုပ်=အနုလုံ သဟဇာတအတိုင်းကောက်။

### နပစ္ဆာဇာတ

အနုလုံ သဟဇာတနှင့်အားလုံးတူ၏။

### နာသေဝန

ကု — ကု = မဟာကုပဇော၊ စေ ၃၈ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော မဟာကုပဇော၊ စေ ၃၈ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ကု — ဗျာ အနုလုံသဟဇာတအတိုင်းကောက်။

ကု — ကုဗျာ=ပဋိသန္ဓေ....မဟာကုပဇော၊ စေ ၃၈ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော မဟာကုပဇော၊ စေ ၃၈ အစိတ်စိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

အကုပဒ ၃-ချက်။ ကုပဒ နည်းတူ အကု ၁၂ ပဇော စေ ၂၇ ဟုဆို။

ဗျာ - ဗျာ=ပဝတ္တိ။ ဟသိ, မဟာကြိ ပဇော, ဠွန်းဒွေ, ဝိ၃၆၊ စေ ၃၈ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ဟသိ, မဟာကြိ ပဇော, ဠွန်းဒွေ, ဝိ ၃၆၊ စေ ၃၈ အစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ်။(သုဒ္ဓသင်္ချာအတိုင်း) ပဋိသန္ဓေ...ဟသိ,မဟာကြိ ဒုတိယာဒိ ဇော၊ မဟဂ္ဂုတ်ကြိ-၉၊ စေ ၃၅ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်။(အနုလုံကဒုတိယာဒိဇော စိတ္တဇရုပ်တို့ကျန်ခဲ့၍ နပုရေဇာတအတိုင်း နှစ်ဆင့်ကောက်ရသည်။)

ပဋိ။ရုပ် = အနုလုံ သဟဇာတအတိုင်းကောက်။

ကုဗျာ—ဗျာ။ အကုဗျာ – ဗျာ – အနုလုံ သဟဇာတ အတိုင်း။

### နကမ္မ

ကု — ကု=ကု ၂၁၊ စေတနာကြဉ်သော စေ ၃၇ အစိတ်အပေါင်းနာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကု၂၁၌ရှိသောစေတနာ ပစ္စယုပ္ပန်တရား။

အကု — အကု=အကု ၁၂၊ စေတနာကြဉ်သော စေ ၂၆ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အကု ၁၂ ၌ရှိသော စေတနာပစ္စယုပ္ပန်တရားရ၏။

ဗျာ — ဗျာ=ပဝတ္တိ=ကြိ ၂၀၊ စေတနာကြဉ်သော စေ၃၄ အစိတ်အပေါင်းနာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကြိ၂၀ ၌ရှိသော စေတနာ ပစ္စယုပ္ပန်ဘရားရ၏။

ရုပ် = ဗာဟိရ မဟာဘုတ်, အာဟာရဇ မဟာဘုတ်, ဥတုဇမဟာဘုတ်ကိုစွဲ၍ဖြစ်သော ဘုတ်နှင့်တကွသော ဗာဟိရ ဥပါဒါ,အာဟာရဇဥပါဒါ, ဥတုဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

### နဝိပါက

ကုပဒ ၃ ချက် အကုပဒ ၃ ချက်၊ကုဗျာ—ဗျာ။ အကုဗျာ—ဗျာ တို့ကို အနုလုံ သဟဇာတအတိုင်းကောက်။

ဗျာ — ဗျာ = ပဝတ္တိ = ကြိ ၂၀၊ စေ ၃၅ အစိတ် အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကြိ၂၀၊ စေ၃၅ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုကြိယာနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။

ရုပ်=ပဋိသန္ဓေ....ကု,အကု, ကြိ နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော စိတ္တဇ မဟာဘုတ်၊ ဗာဟိရ မဟာဘုတ်(ပ) ပဝတ္တိကမ္မဇမဟာဘုတ်ကိုစွဲ၍ဖြစ်သော ဘုတ်နှင့် တကွသော ကု,အကု,ကြိပြုအပ်သော စိတ္တဇဥပါဒါ(ပ)ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။

### နအာဟာရ

ဗျာ—ဗျာ=ရုပ်=ဗာဟိရ မဟာဘုတ်, ဥတုဇ မဟာဘုတ်, အသညသတ်ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော ဘုတ်နှင့်တကွသော ဗာဟိရဥပါဒါ, ဥတုဇဥပါဒါ, အသညသတ်ကမ္မဇဥပါဒါ, ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။ (သုဒ္ဓသင်္ချာအတိုင်း)

### နဣန္ဒြိယ

ဗျာ — ဗျာ=ရုပ်=ဗာဟိရ မဟာဘုတ်, အာဟာရဇ မဟာဘုတ်,ဥတုဇမဟာဘုတ်ကိုစွဲ၍ဖြစ်သော ဘုတ်နှင့် တကွသော ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါရုပ်။အသညသတ် ကမ္မဇမဟာဘုတ်,ပဝတ္တိကမ္မဇမဟာဘုတ်ကိုစွဲ၍ဖြစ်သော အသညသတ် ရုပ်ဇီဝိတိန္ဒြေ, ပဝတ္တိ ရုပ်ဇီဝိတိန္ဒြေ ပစ္စယုပ္ပန် တရားရ၏။ (ပါဠိတော်အတိုင်းပင်)

### နဈာန

ဗျာ — ဗျာ=ပဝတ္တိ=ဒွေပဉ္စ ၁၀၊ သဗ္ဗစိတ္တစေ ၇၊ အစိတ်အစိတ်နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ဒွေပဉ္စ ၁၀၊ သဗ္ဗစိတ္တစေ၇ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်ဟရားရ၏။

ရုပ်=ဆိုတော့။

### နမဂ္ဂ

နဟေတု ဗျာ — ဗျာ အတိုင်းကောက်။

### နဝိပ္ပယုတ္တ

ကု—ကု။ အကု—အကု = နပုရေဇာတအတိုင်းကောက်။

## ပစ္စယဝါရ ပစ္စနိက် ကတ္တားကောက်

**ဗျာ—ဗျာ**=အရူပဝိ ၄ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄ပါး။ အရူပဘုံ၌ ဖြစ်သောအခါ မနော‌ဒွါရာဝဇ္ဇန်း .... (ပ) သုဒ္ဓသချာအတိုင်းကောက်ပါ။

**ရုပ်သက်သက်** ဆိုတတ်လောက်ပြီ။

အနုလုံ ပစ္စယဝါရနှင့် ကောက်ပုံ သဘောများတူကြ၏။ ဒွေပဉ္စဝိညာဉ်တို့အတွက် စက္ခာယတနံစသည်ကို အနုလုံအတိုင်း ကောက်။ ၎င်းတို့အတွက် မရေးတော့ပြီ။ ထူးရာမျှသာ ပြပေအံ့။

### နဟေတု

**ဗျာ-ဗျာ**=**ဝတ္ထုကံ**= ပဋိသန္ဓေ အစရှိသော .... ဟဒယဝတ္ထု။ မရဏာသန္နအခါ....ဟဒယဝတ္ထုကို ပုရေနိပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါ....ဒွေပဉ္စ ၁ဝကြဉ် ပဋ္ဌမဘင် အဇရှိသော အဟိတ်ဝိ, အဟိတ်ကြိ, ဆန္ဒကြဉ် အညသမာန်း စေ ၁၂ အစိတ်အပေါင်းနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

**ဗျာ-အကု**=ဝုံ၊ မနောဒွါ .... ဟဒယဝတ္ထု။ မရဏာသန္နအခါ ဟဒယဝတ္ထုကိုပုရေနိပြု၍ဖြစ်သောပဉ္စဝေါ....ဝိစိကိစ္ဆာသဟဂုတ်,ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟပစ္စယုပ္ပန်တရားရ၏။

**အကုဗျာ**—**အကု**= ဝိစိကိစ္ဆာသဟဂုတ်,ဥဒ္ဓစ္စသဟဂုတ် စေ ၁၄ အစိတ်အပေါင်း နာမက္ခန္ဓာကိုသဟဇာတနိဿယပစ္စည်း။ ဝုံ၊မနောဒွါ....ဟဒယဝတ္ထု၊မရဏာသန္နအခါ....ဟဒယဝတ္ထုကို ပုရေနိပြု၍ ဖြစ်သော ပဉ္စဝေါ....ဝိစိကိစ္ဆာသဟဂုတ်,ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟပစ္စယုပ္ပန်တရားရ၏။

### နာဓိပတိ

**ဗျာ-ဗျာ** = **ဝတ္ထုကံ**= ပဋိသန္ဓေ အစရှိသော .... ဟဒယဝတ္ထု။မရဏာသန္နအခါ....ဟဒယဝတ္ထုကိုပုရေနိပြု၍ဖြစ်သော ပဉ္စဝေါ... မိပစ္စည်းရ-မဟာကြိ ၈၊ ကေန်ရ မဟဂ္ဂုတ်ကြိ ၉, ဖိုလ်၄၌ရှိသော အဓိပတိတရားကိုယ်။မရသောအခါအရူပဝိ၄၊ ဒွေပဉ္စ၁ဝကြဉ် လောကီဝိ ၁၈, အဟိတ်ကြိ၃, မဟာကြိ ၈၊ စေ၃၅ အစိတ်အပေါင်း နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။ (မရသောအခါပါ‌ရော၍ ပဋိသန္ဓေစသောဟုဆို၏၊ ရသောအခါဖြစ်မူ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းစသည်နှင့် ဥပါဒ်သောဟုဆို။ နှစ်ချက်ကောက်ရ၏။)

**ဗျာ-ကု**=ဝုံ၊ မနောဒွါ .... ဟဒယဝတ္ထု။ မရဏာသန္န.... ဟဒယဝတ္ထုကို ပုရေနိပြု၍ဖြစ်သော ပဉ္စဝေါ.... မိပစ္စည်းရ မဟာကု ၈၊ ကေန်ရ မဟဂ်ကု ၉၊ မဂ် ၄ ၌ရှိသော အဓိပတိတရားကိုယ်။ မရသောအခါ မဟာကု ၈၊ စေ ၃၈ အစိတ်အပေါင်းနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ (မရအတွက် အစိတ်၊ ရအတွက် အပေါင်းဟုဆို။ နာမ်သက်သက် ကတ္တားနေရာ၌ နှစ်ချက်လုံးကောက်ရ၏။)

**ဗျာ—အကု**= ဗျာ—ကုနည်းတူ ရသောအခါ လော-၈ ဒေါ-၂၊ ဝိစိကြဉ် စေ ၂၆၌ရှိ အဓိပတိ တရားကိုယ်။ မရသောအခါ အကု၁၂၊ စေ၂၇ အစိတ်အပေါင်း နာမက္ခန္ဓာ၊

**ဗျာ — ကုဗျာ**= (ရုပ်နှင့်တွဲနေ၍ မရသောအခါသာ) ဝုံ၊ မနောဒွါ....ဟဒယဝတ္ထု။ မရဏာသန္န....ဟဒယဝတ္ထုကို ပုရေနိပြု ပဉ္စဝေါ.... မိမရ-မဟာကု ၈၊ စေ ၃၈ အစိတ်အပေါင်း နာမက္ခန္ဓာ။ထိုနာမက္ခန္ဓာပြုအပ်သောမဟာဘုတ်ကို သဟာနိပြု၍ ဖြစ်သော နိရာဓိပတိစိတ္တဇရုပ်။

**ဗျာ-အကုဗျာ**=မိမရ - အကု ၁၂ဆို။

**ကုဗျာ — ကု**= ပဉ္စဝေါ .... မိရ - မဟာကု ၈၊ ကေန်ရ မဟဂ်ကု ၉၊ မဂ် ၄၊ စေ ၃၈ အစိတ်အပေါင်းနာမက္ခန္ဓာကို သဟာနိ။ ဝုဋ္ဌော.... ဟဒယဝတ္ထုကိုပုရေနိပြု၍ဖြစ်သော အဓိပတိတရားကိုယ်။မရသောအခါ မဟာကု၈၊စေ၃၈၊အစိတ်.... သဟာနိ၊ ဝုဋ္ဌော .... ဟဒယဝတ္ထုကို ပုရေနိပြု၍ မဟာကု ၈ စေ ၃၈ အစိတ်အစိတ်....။

**ကုဗျာ— ကုဗျာ** = ရုပ်တွဲ၍, မရသောအခါသာ ဆို၊ အကြွင်းစုနည်းမှီ၍ဆို။

### နာသေဝန

**ဗျာ — ဗျာ(ဝတ္ထုကံ)** = ပဋိသန္ဓေအစ .... ဟဒယဝတ္ထုကို ပုရေနိပြု၍ဖြစ်သော ပဉ္စဝေါ....ဟသိ၊ မဟာကြိပဇော၊ ဇွန်းဒွေ၊အရူဝိ၄၊ ဒွေပဉ္စ၁ဝ ကြဉ်ဝိ ၂၂၊ စေ ၃၈ အစိတ်အပေါင်း နာမက္ခန္ဓာ။ (သုဒ္ဓသချာအတိုင်း အနုလုံ သဟဇာတကို နည်းမှီ၍ဆို။)

**ဗျာ — ကု**=ပုရေနိ = .... မဟာကု ပဋ္ဌမဇော၊ စေ ၃၈ အစိတ်အပေါင်း။

**ဗျာ — အကု**=ပုရေနိ = ....အကု ၁၂ ပဋ္ဌမဇော၊ စေ၂၇ အစိတ်အပေါင်း။ ကြွင်းနည်းမှီတတ်လောက်ပြီ။

### နကမ္မ

**ဗျာ — ဗျာ** = **ဝတ္ထုကံ** ဘဝင်္ဂုပစ္ဆေဒ အစရှိသော ငွေ့ရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာ.... ဟဒယဝတ္ထုကို ပုရေနိပြု၍ ကြိယာဝိသဉ္ဈ ရှိစေဘနာပစ္စယုပ္ပန်။

**ဗျာ — ကု** = ပုရေနိ =....ကု ၂၁ ရှိစေတနာ။

**ဗျာ — အကု** =ပုရေနိ =....အကု ၁၂ရှိစေတနာ။

**ကုဗျာ—ကု** = ပဉ္စဝေါ- ကု၂၁၊ စေတနာကြဉ် စေ ၃၇ အစိတ်အပေါင်း....ကို သဟာနိ၊ဝုဋ္ဌော ...ဟဒယဝတ္ထုကို ပုရေနိပြု၍ဖြစ်သော ကု၂၁၌ ရှိစေတနာ၊ (ကြွင်းသိသာပြီ။)

### နဝိပါက

ကြိယာဖြစ်၍ နကမ္မနည်းတူ ဘဝင်္ဂုပစ္ဆေဒ စသောဆို။

### နဈာန

ဒွေပဉ္စဝိညာဉ်အတွက် ဆိုတော့။

### နမဂ္ဂ

**ဗျာ - ဗျာ** = ဝတ္ထုကံအတွက် နဟေတုနှင့်တူပြီ။

### သံသဋ္ဌဝါရဝိဘင် ပစ္စနိက်ကောက်ပုံ

နာမ်ရသော, နဟေတု စ.... သယ်ပစ္စည်းကို ပဋိစ္စအတိုင်း ရုပ်များကိုချ၍ကောက်ပါ၊

### ဆာါရပစ္စနိက်ကံ ကတ္တားကောက် အကျဉ်းချုပ်

သုဒ္ဓသချာတရားကိုကြည့်၍ ဝါရအားလျော်စွာ ကောက်ပါ၊ နာဓိပတိ နှစ်ချက်ခွဲသင့် မခွဲသင့်စဉ်းစားပါ။

## ဆဝါရ ဝိဘင် ပစ္စနိက် ဟိတ်ပါဠိကောက်ပုံ

အနုလုံဟိတ်ပါဠိကောက်များမှာ မိမိတို့၏ ဆိုင်ရာဆိုင်ရာ သတ္တိကိုသာ ကောက်ရ၏။ ဤပစ္စနိက်၌ကား "နဟေတု ပစ္စယာ"ဟု ဆိုသဖြင့် ဟေတုသတ္တိမှ တပါးသော အာရမ္မဏ အစရှိသော (၂၂)ပစ္စည်းတို့၏သတ္တိကို ရသင့်သလို ကောက်ရမည်။ (ပစ္ဆာဇာတမပါ)

**ကောက်နည်း။** ။မျိုးအားဖြင့် ကောက်နည်း၊ (၂၃) ပစ္စည်းအားဖြင့် ကောက်နည်းဟူ၍ နှစ်နည်းရှိ၏။

**သဘောမှာကား။** ။ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုနိုင်သမျှသော ပစ္စည်းတို့၏ သတ္တိကို သုဒ္ဓသင်္ချာ ကြည့်၍ ကောက်ရမည်။ သုဒ္ဓသင်္ချာကို ကြေညက်ခြင်း, ပဉှာဝါရက ကတ္တားကောက်၊ ဆဝါရက အနုလုံဟိတ်ပါဠိကောက်များကို ကြံဆနှလုံးသွင်းလျှင် အလွယ်ပင်ဖြစ်၍ ဤသဘောကို မိပါစေ။ ဤ၌ ပစ္စည်းရေအားဖြင့် ကောက်နည်းကိုသာပြအံ့။ မျိုးအားဖြင့်ကောက်နည်းကို ပဋ္ဌာန်းပါရဂူကျမ်းတွင် ကြည့်ပါ။

### နဟေတု

**အကု — အကု**။ ဟေ၊ ဓိ၊ ပစ်၊ ဝိပါ — ဤ(၄)ပစ္စည်းမှတပါး (၂၀) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ဗျာ — ဗျာ**။ ပဝတ္တိ = ဟေ၊ ဓိ၊ ပစ်၊ မဂ္ဂ- ဤ(၄)ပစ္စည်းမှတပါး(၂၀) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ပဋိ = ဟေ၊ ဓိ၊ ပု၊ ပစ်၊ သေ၊ မဂ္ဂ - ဤ(၆) ပစ္စည်းမှတပါး (၁၈) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ရုပ် = သ၊ ည၊ နိ၊ ကံ၊ ဝိ၊ ဟာ၊ ဣံ၊ ဈာ၊ ဝိပ်၊ အတ်၊ အဝိ - ဤ(၁၁) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ဝတ္ထုကံ = ဟေ၊ ဓိ၊ ပစ်၊ မဂ် - ဤ (၄)ပစ္စည်းမှတပါး (၂၀) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ဗျာ — အကု**။ **အကုဗျာ — အကု** တို့ကို အကု — အကု အတိုင်း (၂၀)ပင်ကောက်။

### နာရမ္မဏ

**ကု—ဗျာ**။ **အကု—ဗျာ**။ ဟေ၊ ဓိ၊ သ၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ်၊ အဝိ - ဤ (၁၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ဗျာ — ဗျာ** ပဝတ္တိ = ဟေ၊ ဓိ၊ သ၊ နိ၊ ကံ၊ ဝိ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ်၊ အဝိ- ဤ(၁၃) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ပဋိ = ဟေ၊ သ၊ ည၊ နိ၊ ကံ၊ ဝိ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ်၊ အဝိ-ဤ(၁၃) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ရုပ် = ဟေ၊ ဓိ၊ သ၊ ည၊ နိ၊ ကံ၊ ဝိ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ်၊ အဝိ - ဤ (၁၄) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ကုဗျာ — ဗျာ**။ **အကုဗျာ — ဗျာ** = ကု — ဗျာ အတိုင်း(၁၂) ပစ္စည်းပင်ကောတ်။

### နာဓိပတိ

**ကု—ကု**။ ဓိ၊ ပစ်၊ ဝိပါ- ဤ(၃)ပစ္စည်းမှတပါး (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ကု — ဗျာ**။ ဟေ၊ သ၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ်၊ အဝိ - ဤ (၁၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ကု—ကုဗျာ**။ = ကု — ကုအတိုင်း (၂၁)ပစ္စည်းပင်ကောက်။ အကုပဒသုံးချက်ကို ကုပဒအတိုင်းကောက်။

**ဗျာ—ဗျာ**။ ပဝတ္တိ = ဓိ၊ ပစ်- ဤ(၂)ပစ္စည်းမှတပါး(၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ပဋိ = ဓိ၊ ပု၊ ပစ်၊ သေ-ဤ(၄)ပစ္စည်းမှတပါး (၂၀) ပစ္စည်းတို့၏ ယထာရဟသတ္တိ၊

ရုပ် = ဟေ၊ သ၊ ည၊ နိ၊ ကံ၊ ဝိ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ်၊ အဝိ - ဤ(၁၃)ပစ္စည်းတို့၏ယထာရဟသတ္တိ။

ဝတ္ထုကံ = ဓိ၊ ပစ်-ဤ(၂)ပစ္စည်းမှတပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ဗျာ — ကု**။ **ဗျာ — အကု**။ **ဗျာ — ကုဗျာ**။ **ဗျာ— အကုဗျာ**၊ **ကုဗျာ — ကု**။ **ကုဗျာ — ကုဗျာ**။ **အကုဗျာ — အကု**။ **အကုဗျာ — အကုဗျာ** = ဓိ၊ ပစ်၊ ဝိပါ - ဤ (၃) ပစ္စည်းမှတပါး (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ကုဗျာ-ဗျာ**။ **အကုဗျာ-ဗျာ** တို့ကို ကု-ဗျာ။ အကု-ဗျာ အတိုင်း (၁၁)ပစ္စည်းကောက်။

### နာနန္တရ၊ သမနန္တရ

နာရမ္မဏအတိုင်းကောက်။

### နအညမည

**ကု-ဗျာ**။ **အကု-ဗျာ**။ **ဗျာ-ဗျာ** (ပဝတ္တိ) = နာရမ္မဏ အတိုင်းကောက်။

**ဗျာ-ဗျာ** - ပဋိ = ဟေ၊ သ၊ နိ၊ ကံ၊ ဝိ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ်၊ အဝိ- ဤ(၁၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ရုပ် - ဟေ၊ ဓိ၊ သ၊ နိ၊ ကံ၊ ဝိ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ်၊ အဝိ-ဤ(၁၃)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**ကုဗျာ-ဗျာ**။ **အကုဗျာ-ဗျာ** = နာရမ္မဏ အတိုင်းကောက်။

### နဥပနိဿယ

နာရမ္မဏအတိုင်းကောက်။

### နပုရေဇာတ

**ကု-ကု**=ပု၊ ပစ်၊ ဝိပါ၊ ဝိပ်- ဤ(၄)ပစ္စည်းမှတပါး (၂၀) ပစ္စည်းတို့၏ယထာရဟသတ္တိ။

**ကု-ဗျာ**=နာရမ္မဏအတိုင်း (၁၂)ပစ္စည်းကောက်။

အကု–အကု=ကု–ကု အတိုင်း (၂၀)ပစ္စည်းပင်။

အကု–ဗျာ=နာရမ္မဏအတိုင်း (၁၂)ပစ္စည်း ကောက်။

ဗျာ–ဗျာ။ ပဝတ္တိ = ပုံ၊ပစ်-ဤ(၂)ပစ္စည်းမှတပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ပဋိ = ဓိ၊ပု၊ပစ်၊သေ-ဤ(၄)ပစ္စည်းမှတပါး (၂၀) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ရုပ် = နာရမ္မဏ အတိုင်း (၁၄) ပစ္စည်း ကောက်။

ကုဗျာ–ဗျာ။ အကုဗျာ–ဗျာ။ နာရမ္မဏအတိုင်းကောက်။

## နပစ္ဆာဇာတ

ကု–ကု=ပစ်၊ဝိပါ- ဤ(၂)ပစ္စည်းမှတပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ကု–ဗျာ=နာရမ္မဏအတိုင်း (၁၂)ပစ္စည်း။

ကု–ကုဗျာ= ကု–ကု အတိုင်း (၂၂)ပစ္စည်း။

အကုသလပဒ ၃-ချက်ကို ကုသလပဒအတိုင်း ကောက်။

ဗျာ–ဗျာ။ ပဝတ္တိ = ပစ္ဆာမှ တပါး (၂၃) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ပဋိ = ဓိ၊ပု၊ပစ်၊သေ-ဤ(၄)ပစ္စည်းမှတပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ရုပ် = နာရမ္မဏအတိုင်း။

ဝတ္ထုကံ = ပစ္ဆာမှတပါး (၂၃) ပစ္စည်း တို့၏ ယထာရဟသတ္တိ။

ဗျာ–ကု။ ဗျာ–အကု။ ဗျာ–ကုဗျာ။ ဗျာ–အကုဗျာ။

ကုဗျာ–ကု။ အကုဗျာ–အကု = ပစ်၊ဝိ- ဤ (၂)ပစ္စည်းမှ တပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ကုဗျာ–ဗျာ။ အကုဗျာ–ဗျာ = နာရမ္မဏ အတိုင်း (၁၂) ပစ္စည်းပင်။

## နာသေဝန

ကု–ကု။ ပစ်၊သေ၊ ဝိပါ-ဤ(၃)ပစ္စည်းမှတပါး(၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ကု–ဗျာ။ နာရမ္မဏအတိုင်း (၁၂)ပစ္စည်း။

ကု–ကုဗျာ။ ကု အတိုင်း(၂၁)ပစ္စည်း။

အကုသလပဒ ၃-ချက်ကို ကုသလပဒ အတိုင်းကောက်။

ဗျာ–ဗျာ။ ပဝတ္တိ = ပစ်၊ သေ- ဤ (၂) ပစ္စည်းမှ တပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ပဋိ = ဓိ၊ပု၊ပစ်၊သေ-ဤ(၄)ပစ္စည်းမှတပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ရုပ် = နာရမ္မဏအတိုင်းကောက်။

ဝတ္ထုကံ = ပစ်- သေ- ဤ (၂)ပစ္စည်းမှ တပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ဗျာ–ကု။ ဗျာ–အကု။ ဗျာ–ကုဗျာ။ ဗျာ –အကုဗျာ။

ကုဗျာ – ကု။ ကုဗျာ – ကုဗျာ။ အကုဗျာ – အကု။

အကုဗျာ–အကုဗျာ = ကု–ကု အတိုင်း (၂၁)ပစ္စည်းပင်။

ကုဗျာ–ဗျာ။ အကုဗျာ–ဗျာ = နာရမ္မဏအတိုင်း (၁၂) ပစ္စည်းပင်။

## နကမ္မ

ကု – ကု = ပစ်၊ကံ၊ဝိပါ - ဤ (၃) ပစ္စည်းမှတပါး (၂၁) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

အကု–အကု = ၎င်း။

ဗျာ–ဗျာ။ ပဝတ္တိ = ၎င်း။

ရုပ် = သ၊ ည၊ နိ၊ ဟာ၊အတ်၊ အဝိ-ဤ(၆) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ဝတ္ထုကံ = ကု – ကု အတိုင်း (၂၁) ပစ္စည်း ကောက်။

ဗျာ– ကု။ ဗျာ– အကု။ ကုဗျာ– ကု။ အကုဗျာ– အကု ကု–ကုအတိုင်း(၂၁)ပစ္စည်းပင်။

## နဝိပါက

ကုသလပဒ ၃-ချက်, အကုသလပဒ ၃-ချက် = နပစ္ဆာဇာတ အတိုင်းကောက်။

ဗျာ– ဗျာ။ ပဝတ္တိ = ပစ်၊ဝိပါ - ဤ (၂)ပစ္စည်းမှ တပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ရုပ် = ဟေ၊ဓိ၊သ၊ ည၊ နိ၊ ကံ၊ဟာ၊ ဣ ံ၊ဈာ၊ မင်၊ ဝိပ်၊ အတ်၊အဝိ-ဤ(၁၃)ပစ္စည်း တို့၏ ယထာရဟသတ္တိ။

ဝတ္ထုကံ = ပစ်၊ ဝိပါ- ဤ (၂)ပစ္စည်းမှ တပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ဗျာ–ကု။ ဗျာ–အကု။ ဗျာ–ကုဗျာ၊ ဗျာ–အကုဗျာ။

ကုဗျာ–ကု။ အကုဗျာ–အကု။ ကုဗျာ–ကုဗျာ။ အကုဗျာ–

အကုဗျာ = ပစ်၊ ဝိပါ - ဤ (၂)ပစ္စည်းမှတပါး (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ကုဗျာ–ဗျာ။ အကုဗျာ–ဗျာ ဟေ၊ ဓိ၊ သ၊ နိ၊ ကံ၊ဟာ၊ ဣ ံ၊ ဈာ၊ မဂ်၊ဝိပ်၊အတ်၊ အဝိ၊ ဤ(၁၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ။ (နာရမ္မဏအတိုင်း)

## နအာဟာရ

ဗျာ–ဗျာ၊ ရုပ် = သ၊ည၊နိ၊ကံ၊ဣ ၊အတ်၊အဝိ- ဤ(၇) ပစ္စည်းတို့၏ ယထာရဟ သတ္တိ၊

## နဣန္ဒြိယ

ဗျာ–ဗျာ။ ရုပ် = သ၊ ည၊ နိ၊ ကံ၊ ဟာ၊ အတ်၊ အဝိ-ဤ (၇) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

## နဈာန

ဗျာ–ဗျာ၊ ဒွေပဉ္စဝိညာဉ်တဆယ်= ဟေ၊ ဓိ၊ ပစ်၊ သေ၊ ဈာ၊ မဂ်- ဤ (၆)ပစ္စည်းမှတပါး (၁၈) ပစ္စည်းတို့၏ ယထာရဟ သတ္တိ။

ရုပ် = သ၊ည၊နိ၊ကံ၊ ဟာ၊ ဣ ံ၊ အတ်၊ အဝိ- ဤ(၈)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

## နမဂ္ဂ

နဟေတုအတိုင်းကောက်။

## နသမ္ပယုတ္တ

နာရမ္မဏအတိုင်းကောက်။

## နဝိပ္ပယုတ္တ

ကု–ကု၊ အကု–အကု (နပုရေအတိုင်း)ပု၊ ပစ်၊ဝိပ်-ဤ(၃) ပစ္စည်းမှတပါး (၂၁) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ဗျာ–ဗျာ။ ပဝတ္တိ = ပု၊ပစ်၊ဝိပ်- ဤ (၃)ပစ္စည်းမှ တပါး (၂၁) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ရုပ် = နဈာနအတိုင်း (၈)ပစ္စည်း။

ဆဝါရ ပစ္စနိက် ခန္ဓဝါရ ဇယား

| ပစ္စည်း | ကုပဒ=၄ | | | အကုပဒ=၃ | | | ဗျာပဒ=၅ | | | | | | | (ဗျာ၊ ဗျာ) | | | | ကုဗျာပဒ=၃ | | | အကုဗျာပဒ=၃ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယ် | ငါ | ငါယ် | ယ်အေး | ငါ | ငါယ်အေး | ဝိပ္ပဝ | နီဝထွိဂ | ဂြိဝ | နီစ | ဖွယထဖွယထဂွဖ | ဂြိဝဍီဂ | ဂြိဝကဃေ | ယ် | ယ်အေး | ငါယ် | ငါယ်အေး | ယ် | ငါ | ငါယ် | ယ်အေး | ငါ | ငါယ်အေး |
| | ယ် | = | = | ယ်အေး | = | = | | | နီစ | ဂြိဝ | | | | ငါ | = | = | = | ငါယ် | = | = | ငါယ်အေး | = | = |
| နဟေတု | | | | ၁၅ | | | ၂၁၀ | ၂၁၀ | ၁၅ | ၁၅ | ၁၀၅ | ၇၅ | ၁၅ | | ၁ | | | | | | ၁၅ | | |
| အာ၊နံ၊သနံ၊ဥ၊သံ၊နတ်၊နောဝိဂ | | ၂၂၅ | | | ၂၂၅ | | ၂၂၅ | ၂၂၅ | ။ | | ။ | | | | | | | | ၂၂၅ | | | ၂၂၅ | |
| နာဓိပတိ | ၁၄ | ။ | ၂၁၀ | ၁၄ | ။ | ၂၁၀ | ၂၁၀ | ၂၁၀ | ။ | ။ | ။ | ။ | ။ | ၁၅ | ၁၅ | ၃၀ | ၃၀ | ၁၄ | ။ | ၂၃၉ | ၁၄ | ။ | ၂၃၉ |
| နအညမည | | ။ | | | ။ | | ၂၂၅ | ၂၂၅ | | | ၇ | | | | | | | | ။ | | | ။ | |
| နပုရေဇာတ | ။ | ။ | | ။ | ။ | | ၂၃၉ | ၂၁၀ | ။ | ။ | ၁၀၅ | | | | | | | | ။ | | | ။ | |
| နပစ္ဆာဇာတ | ။ | ။ | ။ | ။ | ။ | ။ | ၂၁၀ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| နာသေဝန | ။ | ။ | ။ | ။ | ။ | ။ | | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| နကမ္မ | ၁၅ | | | ၁၅ | | | ၁၅ | | | | ၄၅ | | ၁ | ၁ | ၁ | | | ၁၅ | | | ၁၅ | | |
| နဝိပါက | ၁၄ | ။ | ။ | ၁၄ | ။ | ။ | ၂၁၀ | | | | ၉၀ | | ၁၅ | ၁၅ | ၁၅ | ။ | ။ | ၁၄ | ။ | ။ | ၁၄ | ။ | ။ |
| နအာဟာရ | | | | | | | | | | | ၆၀ | | | | | | | | | | | | |
| နဣန္ဒြိယ | | | | | | | | | | | ၄၇ | | | | | | | | | | | | |
| နဈာန | | | | | | | ၁၄ | | | | ၇၅ | ။ | | | | | | | | | | | |
| နမဂ္ဂ | | | | | | | ၂၁၀ | ။ | ။ | ။ | ၁၀၅ | ။ | ။ | | | | | | | | | | |
| နဝိပ္ပယုတ္တ | ၁၄ | | | ၁၄ | | | ၁၄ | | | | ၇၅ | | | | | | | | | | | | |

## ဆဝါရ ပစ္စနိက် ခန္ဓာဝါရဖွဲ့ပုံ

ဤပစ္စနိက် ခန္ဓာဝါရ ဖွဲ့ပုံမှာလည်း အနုလုံ သဘောပင် ဖြစ်ရကား အနုလုံနှင့်တူသောဇယားပြသချက်များကို အနုလုံ အတိုင်းဆိုပါ။ ထူးရာမျှကိုသာ ရေးပြတော့အံ့။

**နကမ္မ။ ကု– ကု=** စေတနာ ကတ္တားနေ၍ အစိတ် အ ပေါင်းဖြစ်ရကား (၁၅)ဝါရဖြစ်၏။ ''ကုသလေခန္ဓေ ပစ္စယာ ကုသလာစေတနာ''ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠိ၌ ကုသလေ ခန္ဓေ၏အရကို ဝေဒနာယူ၍ ကုသ လာစေတနာ၏အရကို ကုသိုလ်စေတနာယူ၍ တဝါရ။အကြွင်း ဆိုတော့။

**နဟေတု။ အကု – အကု။** ။ဝေဒနာယူ၍ မောဟ ယူ၍ စသည်ကို ဆို။

**နာရမ္မဏ။ ။နအညမည။ ဗျာ–ဗျာ။ ပဝတ္တိ။** အစိတ် အ အပေါင်း ဖြစ်၍ (ကု–ဗျာ) သဘောသွားကဲ့သို့ (၂၂၅) ဝါရစီ ရကြ၏။ ဆိုတော့။

**နပုရေဇာတ။ ဗျာ–ဗျာ။ ပဝတ္တိ။** ။''အရူပေ ဝိပါကာ ဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ'' စသည်အတွက် အစိတ်အစိတ်ဖြစ်၍ (၁၄)ဝါရ။ ''ဝိပါကာ ဗျာကတေ ကြိယာဗျာကတေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ'' အတွက် အစိတ်အပေါင်းဖြစ်၍ (ကု–ဗျာ)ကဲ့သို့ (၂၂၅) ဝါရရ၍ (၂၃၉)ဝါရဖြစ်၏။

**နကမ္မ။ဗျာ-ဗျာ။ ပဝတ္တိ။** ။(၁၅)ဝါရကို (ကု–ကု) သွားအတိုင်းဆို။

**ရုပ်သက်သက်။** ဘုတ်တပါးလျှင် (၁၅)ဝါရစီ ဖြစ်၍ ရသောဘုတ် အရေအတွက်အားလျော်စွာဆို။

**နအညမည။ ရုပ် သက် သက်။** ။ဉပါဒါရုပ် များသာ ကတ္တားနေ၍ အသီးသီးစတုက္ကတဝါရစီသာရကြမည်။ ''မဟာ ဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ဉပါဒါရူပံ''....၌ မဟာဘူတေ ၏ အရကိုစိတ္တဇမဟာဘုတ်လေးပါးယူ၍စိတ္တသမုဋ္ဌာနံ ရူပံဉပါ ဒါရူပံ၏အရကို စိတ္တဇ ဉပါဒါရုပ်ယူ၍ တဝါရ။ (အကြွင်း ပဋိသန္ဓေကမ္မဇ ဉပါဒါရုပ် စသည်တို့ကိုလည်း အထက်နည်း သွားအတိုင်း ပါဠိတုတ်၍ဖွဲ့ပါတော့။)

**နဣန္ဒြိယ။ရုပ်သက်သက်။** ။ဗာဟိရရုပ်, အာဟာရဇရုပ်, ဉတုဇရုပ်တို့အတွက် ၁၅ × ၃လီ=(၄၅)ဝါရဖြစ်၏။ ရုပ်ဇီဝိ– တိန္ဒြေအတွက် နှစ်ဝါရသာရ၍ (၄၇)ဝါရဖြစ်၏။

**ရုပ်ဇီဝိတိန္ဒြေ၌ နှစ်ဝါရဟူသော်ကား။** ။အသညသတ္တာနံ မဟာဘူတေ ပဋိစ္စ ရူပဇီဝိတိန္ဒြိယံ'' ....၌ အသညသတ္တာနံ မဟာဘူတေ၏အရကို အသညသတ် ကမ္မဇမဟာဘုတ် ယူ၍ ရူပဇီဝိတိန္ဒြိယံ၏အရကိုအသညသတ်ရုပ်ဇီဝိတိန္ဒြေယူ၍တဝါရ။ အသညသတ္တာနံမဟာဘူတေ၏အရကို ပဝတ္တိကမ္မဇမဟာဘုတ် ယူ၍ ရူပဇီဝိတိန္ဒြိယံ၏အရကို ပဝတ္တိရုပ် ဇီဝိတိန္ဒြေယူ၍ တဝါရ ဟုဆို။

**နကမ္မ။ ဗျာ–ဗျာ။ ဟဒယဝတ္ထု။** ။''ဝတ္ထုံ ပစ္စယာ ကြိယာဗျာကတာစေတနာ....'' ၌။ ဝတ္ထုံ၏အရကို ဟဒယ ဝတ္ထုယူ၍ ကြိယာဗျာကတာစေတနာ၏ အရကို ကြိယာစေ တနာယူ၍ တဝါရသာဟုဆို။

**နကမ္မ။ ဗျာ – ကု။ ဗျာ – အကု။** နည်းတူ ကု, အကု စေတနာဟုဆို။

**နဟေတု။ ဗျာ–အကု။** ။နကမ္မနည်းတူ မောဟဟုဆို။

**နကမ္မ။ ကုဗျာ–ကု။** ။စေတနာကတ္တားနေ၍ အစိတ် အပေါင်းဖြစ်ရကား စတုက္ကတဝါရ တိုးလာကာ (၁၅)ဝါရ ဖြစ်၏။ဆဝါရအနုလုံပစ္စနိက်တွင် (ကု-ဗျာ-ကု)၌ ဤပစ္စည်းမှ တပါး အားလုံး (၁၄)ဝါရစီသာ ရကြ၏။

**စတုက္ကတဝါရ ဟူသော်ကား။** ။''ကုသလေခန္ဓေ စ ဝတ္ထုံစ၏အရကို ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဉ် ဟဒယ ဝတ္ထုယူ၍ ကုသလာစေတနာ၏အရကို ကုသိုလ်စေတနာယူ၍ တဝါရဟုဆို။

**နဟေတု။ နကမ္မ။ အကုဗျာ=အကု။** ။အထက်သွား အတိုင်း နဟေတုကို မောဟ။ နကမ္မကို စေတနာဟု (၁၅) ဝါရစီဆို။

### သံသဋ္ဌဝါရ

သံသဋ္ဌဝါရပစ္စနိက်၌ စေတသိက်များကတ္တားနေကြသော နဟေတု,နကမ္မ၌ (၁၅)ဝါရစီ။ ကြွင်းပစ္စည်းတို့၌ အနုလုံ သဘောအတိုင်း(၁၄)ဝါရစီတို့ကို ဖွဲ့ပါတော့။

**ခန္ဓာဝါရဖွဲ့ပုံအကျဉ်းချုပ်။** ။သုဒ္ဓသင်္ချာမှ ပါဠိတော် ထွက်လာ၏။ ထွက်လာသောပါဠိတော်အားလျော်စွာ အစိတ် အစိတ်, အစိတ်အပေါင်းရသင့်သလို ကြည့်၍ ခန္ဓာဝါရများ ကိုဖွဲ့ပါ။

**အစိတ် အစိတ်, အစိတ် အပေါင်း အကျဉ်းချုပ်။** ။ ရုပ်သက်သက်သော်၎င်း၊ စေတသိက်သက်သက်သော်၎င်း၊ ကံ ဖြစ်စေ၊ ကတ္တားဖြစ်စေနေလျှင် အစိတ်အပေါင်းဟု တထစ်ချ ယူဆပါ။ကုသလေခန္ဓေစသည်ကဲ့သို့ ခန္ဓာလေးပါးလုံး မဟော ဘဲ၊ အစိတ်ဖြစ်သော ကော့ခန့်(၁။၃။၂) စသည်ကိုဟောလျှင် အစိတ်အစိတ်ဟု တထစ်ချယူဆပါ။ ၎င်းတို့ကိုလည်း အထပ် ထပ်ပြောခဲ့ပြီ။

# ကုသလတိက်
# ပဋ္ဌာန်းပို့ချစဉ်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

( ဆဝါရ ဝိဘင် )

ပဋ္ဌာန်းတတ်မြောက်လို၍ သင်ကြားသူသည် ဤကျမ်း၌ ရေးသားစီစဉ်ထားသော သုဒ္ဓသင်္ချာများကို ကျေကျေညက်ညက် ရရှိရပေမည်၊ ထိုသုဒ္ဓသင်္ချာများအရ ဆိုင်ရာပစ္စည်းတို့၏ ကုသိုလ်, အကုသိုလ်, အဗျာကတ တရားများကို ပိုင်နိုင်စွာသရုပ်ခွဲ၍ မှတ်သားရပေမည်၊ ထိုသရုပ်အားလျော်စွာ ပါဠိထုတ်ရမည်၊ ကတ္တားပုဒ်ကောက်ရမည် ဖြစ်သည်၊ ထို့ကြောင့် ပစ္စည်းတိုင်း၌ ကုသိုလ်တရား အဘယ်မျှရသည်၊ အကုသိုလ်တရား အဘယ်မျှရသည်၊ အဗျာကတဖြစ်သော ဝိပါက်စိတ် ကြိယာစိတ် အဘယ်ရုပ်တရားများ အသီးသီးရကြသည်ကို သရုပ်ခွဲ၍ မှတ်သားထားရပေမည်၊ အကြောင်းမှာ ကုသလတိက် ပဋ္ဌာန်းကျမ်းကို သင်ကြားဟောပြောမည်ဖြစ်၍ ကုသိုလ် အကုသိုလ် အဗျာကတ တရားများကို ခွဲခြား သိထားရန် လိုအပ်ပေသည်။

ဤကျမ်းကို ရေးသားရာ၌ စာပို့ချပေးနေသကဲ့သို့ ရေးသားပေမည်၊ စာပို့ချပေးရာ၌ ဒေသနာက္ကမ အစဉ်အတိုင်း ပို့ချခြင်းမပြုပါ၊ စာသင်ကြားသူများ သိနားလွယ်ကူစေရန် လိုအပ်သလို ကြံဆ၍ ပို့ချပေးရပါသည်၊ ထိုနည်းတူစွာ ဤကျမ်း၌လည်း စာသင်ကြားပေးနေသကဲ့သို့ပင် ရေးသားသွားပေမည်၊ ပြည့်စုံသောအခါ ဒေသနာက္ကမအစဉ်အတိုင်း ဟောပြောတတ်ပေလိမ့်မည်၊ စာမျက်နှာ (က) ၌ ''ဆဝါရ အနုလုံ သုဒ္ဓသင်္ချာဇယား''ဟု ရှိသည်၊ ၎င်းကို ကြည့်၍ အောက်ပါအတိုင်း ဆိုတတ်အောင် လေ့ကျင့် ကျက်မှတ်ရမည်။

### သဟဇာတ နိဿယ အတ္ထိ အဝိဂတပစ္စည်း သုဒ္ဓသင်္ချာ

သဟဇာတ နိဿယ အတ္ထိ အဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ။ ဤတရားတို့သည် သဟဇာတ နိဿယ အတ္ထိ အဝိဂတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နယသို့ လိုက်၍ရင်း၊ ဝါရသို့လိုက်၍ရင်း၊ တိက်ပုဒ်၏ အရသို့လိုက်၍ရင်း၊ ကံ ကတ္တား နေဟန်သို့ လိုက်၍ရင်း၊ သဟဇာတေ နဝ သတ္တရသ တိဏ်ဏိ၊ နိဿယေ နဝ သတ္တရသ တိဏ်ဏိ၊ အတ္ထိယာ နဝ သတ္တရသ တိဏ်ဏိ၊ အဝိဂတေ နဝ သတ္တရသ တိဏ်ဏိ-ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤ ၄-ပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မတို့သည် အရတူကုန်သဖြင့် ကိစ္စပြီးလွယ်အောင် ပေါင်း၍ တကြိမ်တည်း ဆိုလိုက်သည်၊ ထို ၄-ပစ္စည်းကို တစ်ပစ္စည်းစီလည်း ဆိုနိုင်ပါသည်၊ ဤတရားပင်ဆိုရမည် ဖြစ်သည်၊ ၄-ကြိမ်ဆိုရရုံသာထူးမည်၊ အချိန်သက်သာမှု ကိစ္စပြီးလွယ်မှုကို ထောက်ရှု၍ ယခုကဲ့သို့ ဆိုလိုက်ခြင်းဖြစ်သည်။

ဤသုဒ္ဓသင်္ချာ၌ ''အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး''ဟု ဆိုရာဝယ် စိတ် ၈၉၊ စေတသိက် ၅၂-ကို မှတ်ယူရမည်၊ ကာလအားဖြင့် ပဝတ္တိကာလ ပဋိသန္ဓေကာလအားဖြင့် ကာလနှစ်ပါးကို ပြဆိုထားသည်၊သို့ဖြစ်၍ ကုသိုလ် အကုသိုလ် အဗျာကတခွဲလျှင် ကုသိုလ် ၂၁+စေ ၃၈-ရမည်၊အကုသိုလ် ၁၂+စေ ၂၇-ရမည်၊ ပဝတ္တိအခါ ဝိပါက် ၃၆၊ ကြိယာ ၂၀+စေ ၃၈-ရမည်၊ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ၁၉+စေ ၃၅-ရမည်၊ ဤကား နာမ်တရား အတွက် ဖြစ်သည်။

သင်္ဂြိုဟ်ကျမ်း၌ ရုပ် ၂၈-ပါးကို ပြဆိုသည်၊ ထိုရုပ် ၂၈-ပါးကိုပင် ပဋ္ဌာန်းကျမ်း၌ ရုပ် (၇)မျိုးဖြင့် ပြဆိုသည်၊ ရုပ်(၇)မျိုးဆိုသည်မှာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်များ ဖြစ်သည်၊ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤ ၄-ပစ္စည်း၌ ရုပ် (၇)မျိုးလုံးရသည်၊ ထို့ကြောင့် ဤ ၄-ပစ္စည်း၌ နာမ်ကုန် ရုပ်ကုန်ရသည်၊ တနည်းဆိုသော် စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈-ပါးပင်တည်း။

ပရမတ္ထတရား လေးပါးတို့တွင် စိတ်, စေတသိက်, ရုပ်တည်းဟူသော ပရမတ္ထတရား သုံးပါးတို့သည် သင်္ခတတရားများဖြစ်သည် အားလျော်စွာ အကြောင်းနှင့် မကင်းကြကုန်၊ အကြောင်းအားလျော်စွာ ဖြစ်ကုန်သော အကျိုးတရားများဖြစ်ကြသည်၊ ဆိုခဲ့သော သုဒ္ဓသင်္ချာအရ စိတ် ၈၉၊ စေ ၅၂၊ ရုပ် (၇) မျိုးတို့သည် သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတပစ္စည်းတို့၏ အကျိုး ပစ္စယုပ္ပန်တရားများဖြစ်ကြောင်းကို ''ဤတရားတို့သည် သဟဇာတ နိဿယ အတ္ထိ အဝိဂတ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏''ဟု ဆိုသည်။

ပဋ္ဌာန်းကျမ်း၌ အနုလုံ ပစ္စနိက် အနုလောမပစ္စနိက် ပစ္စနီယာနုလောမ-ဟု နယလေးပါးရှိရာ ဤသုဒ္ဓသင်္ချာသည် အနုလုံအတွက် သုဒ္ဓသင်္ချာဖြစ်သည်၊ ထို့ကြောင့် နယသို့လိုက်၍ရင်းဟု ဆိုသည်၊ ပဋိစ္စဝါရ အစရှိသောအားဖြင့် (၇) ဝါရရှိရာတွင် ပဋိစ္စဝါရအစရှိသော ဆဝါရအတွက် သုဒ္ဓသင်္ချာများဖြစ်၍ ဝါရသို့လိုက်၍ရင်း-ဟု ဆိုသည်၊ ကုသလတိက် အစရှိသောအားဖြင့် ၂၂-တိက်ရှိရာ ကုသလတိက်၏ သုဒ္ဓသင်္ချာဖြစ်၍ တိက်ပုဒ်၏ အရသို့ လိုက်၍ရင်း ဟုဆိုသည်၊ ဤဆဝါရ၌ ကံ, ကတ္တား, ဟိတ်-ဟု ဟောတော်မူရာ ကံပုဒ်, ကတ္တားပုဒ် နေဟန်သို့ လိုက်၍ သင်္ချာရပုံကိုပြဆိုသည်။

ဆဝါရဆိုသည်မှာ ပဋိစ္စဝါရ, သဟဇာတဝါရ, ပစ္စယဝါရ, နိဿယဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရအားဖြင့် ဝါရ(၆)ပါးကို ဆိုသည်၊ပဋိစ္စဝါရနှင့် သဟဇာတဝါရသည် တူ၏၊ပဋိစ္စသဒ္ဒါ သဟဇာတသဒ္ဒါဖြင့်ဟောမှုသာ ထူးသည်၊ သဟဇာတပစ္စည်းကို ဟောသည်။ ပစ္စယဝါရနှင့် နိဿယဝါရတို့တူ၏၊ ပစ္စယသဒ္ဒါ နိဿယသဒ္ဒါဖြင့် ဟောမှုသာ ထူးသည်၊ သဟဇာတနိဿယ ပုရေဇာတနိဿယ ပစ္စည်းကို ဟောသည်။ ။သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရသည် တူ၏၊ သံသဋ္ဌသဒ္ဒါ, သမ္ပယုတ္တသဒ္ဒါဖြင့် ဟောမှုသာထူးသည်၊ သမ္ပယုတ္တပစ္စည်းကို ဟောသည်။

"နဝ သတ္တရသ တီဏိ"ဟု သင်္ချာများကို ပြဆိုရာ၌ သင်္ချာ နဝသည် ပဋိစ္စဝါရနှင့် သဟဇာတဝါရအတွက် ဖြစ်သည်၊သင်္ချာ သတ္တရသ-သည် ပစ္စယဝါရနှင့် နိဿယဝါရအတွက်ဖြစ်သည်၊သင်္ချာ တီဏိ–သည် သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရအတွက် ဖြစ်သည်။

အထူးမှတ်ရန်မှာ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့၌ သမ္ပယုတ္တပစ္စည်းကိုသာ ဟောခြင်းကြောင့် နာမ်တရားများသာရသည်၊ ရုပ်တရားများမရကြပါ၊ ထို့ကြောင့် သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရအတွက် သုဒ္ဓသင်္ချာကိုဆိုရာ၌"အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး"ဟုသာ ဆိုရပေမည်၊ စိတ္တဇရုပ်စသည်မရပြီ၊ သုဒ္ဓသင်္ချာဇယား၌ နာမ်တရား ရုပ်တရားများကို ခွဲခြားပြထားသည် သာမက "သံသဋ္ဌနှင့်သမ္ပယုတ္တဝါရ၌ ရုပ်တရားများကို ချန်၍ဆို" ဟုလည်း မှာထားပေသည်၊ ကျန်ပစ္စည်းများ၌လည်း ဤနည်းအတိုင်းပင် သိပါလေ။

## ပဋိစ္စဝါရနှင့် သဟဇာတဝါရအတွက်သင်္ချာ

နဝ ဟူသော်ကား ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာ ဗျာကတံ၊ အကုသလေနအကုသလံ၊ အကုသလေန အဗျာကတံ၊ အကုသလေန အကုသလာဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊အကုသလာဗျာကတေန အဗျာကတံ ဟူသည်တည်း။

## ပစ္စယဝါရနှင့် နိဿယဝါရအတွက် သင်္ချာ

သတ္တရသဟူသော်ကား ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာ ဗျာကတံ၊ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံ၊ အကုသလေန အကုသလာဗျာကတံ၊ အဗျာကတေနအဗျာကတံ၊ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ အဗျာကတေန ကုသလာဗျာကတံ၊ အဗျာကတေန အကုသလာဗျာကတံ၊ ကုသလာဗျာကတေန ကုသလံ၊ ကုသလာဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန ကုသလာဗျာကတံ၊ အကုသလာဗျာကတေန အကုသလံ၊အကုသလာ ဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အကုသလာဗျာကတံ ဟူသည်တည်း။

## သံသဋ္ဌနှင့်သမ္ပယုတ္တဝါရအတွက် သင်္ချာ

တီဏိ ဟူသော်ကား- ကုသလေန ကုသလံ, အကုသလေန အကုသလံ, အဗျာကတေန အဗျာကတံ ဟူသည်တည်း။

## ပါဠိထုတ်ပုံ

ကုသိုလ်စိတ် ၂၁+စေ ၃၈-တို့သည် သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတပစ္စည်းတို့၏ ပစ္စယုပ္ပန္နဓမ္မဖြစ်ကြောင်း ပြောခဲ့ပြီ၊ထိုကုသိုလ်စိတ်များအကျက် ပါဠိအဘယ်သို့ထုတ်၍ဟောမည်နည်း၊ ဆဝါရဝိဘင်ပါဠိများသည်လွယ်ကူပါသည်။ ကုသိုလ်စိတ်ဘခုတည်းရှိသည်ဖြစ်စေ၊ကုသိုလ်စိတ် ၂၁-ခု ရှိ သည်ဖြစ်စေ ပါဠိမှာ အတူတူပင်ဖြစ်ပါလိမ့်မည်။ပစ္စည်းတခု၏ ပါဠိကို ဆိုတတ်လျှင် ကျန်ပစ္စည်းများအတွက် ပါဠိကိုစွပြီးနိုင်ပါသည်။ သရုပ်အားလျော်စွာ ကြည့်၍ဆိုင်ရာပါဠိများ ထုတ်ရမည်သာဖြစ်သည်။ စာမျက်နှာ (၈)ရှိ ဆဝါရအနုလုံဝိဘင်ပါဠိတော်ဇယားကို ကြည့်ပါ။ ပဒ(ကု)ဟု ပြဆိုထားသည်ကို(ကုသလံဓမ္မံ)ဟု ဆိုပါ။ ပဋိစ္စဝါရအတွက် "ပဋိစ္စ" သဒ္ဒါဖြင့် ဆိုရမည်။ ပဒါဝသာန(ကု)ဟုပြဆိုထားသည်ကို (ကုသလောဓမ္မော) ဟု ဆို။သဟဇာတပစ္စည်းကို ဟောသည်ဖြစ်၍ ကြိယာပုဒ်နှင့်တကွ (ဥပ္ပဇ္ဇတိသဟဇာတပစ္စယာ)ဟု

ဆိုရသည်။ ဤကား ဝိဓိပါဠိတော်။အနုဝါဒပါဠိတော်အတွက် ကံပုဒ်မှ ၁–ဂဏန်းကို ကော် ခန္ဓ၊ကတ္တားပုဒ်မှ ၃–ဂဏန်းကို တယောခန္ဓာစသည် ဆိုရသည်။ ထိုအခါ အောက်ပါအတိုင်း ပါဠိများ ဖြစ်လာမည်။

သဟဇာတပစ္စည်း ပဋိစ္စဝါရ ကုသလေန ကုသလံအတွက် ပါဠိမှာ–

ကုသလံဓမ္မံ ပဋိစ္စ ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ကုသလံ ကော် ခန္ဓံ ပဋိစ္စ တယောခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ကောခန္ဓော၊ ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ။

နိဿယပစ္စည်းကို ဟောလိုကစာလုံးမဲဖြင့်ပြထားသော(သဟဇာတပစ္စယာ)အစား(နိဿယပစ္စယာ)ဟု ပြောင်းလဲ ဆိုရရုံသာ ထူးသည်။ အတ္ထိပစ္စည်းကိုဟောရာ၌(အတ္ထိပစ္စယာ) ဟူ၍၎င်း၊အဝိဂတပစ္စည်းကို ဟောရာ၌(အဝိဂတပစ္စယာ) ဟူ၍၎င်း ပြောင်းလဲ ဟောပါလေ။ ကျန်ပါဠိများ တူပါသည်။

ပဋိစ္စဝါရအတွက် ပါဠိကိုဟောတတ်ပြီးနောက် သဟဇာတဝါရအတွက် ပါဠိကို ဟောတတ်အောင်ပြဆိုဦးအံ့။ ပဋိစ္စသဒ္ဒါအစား သဟဇာတသဒ္ဒါဖြင့် ဟောရပေမည်။

ကုသလံဓမ္မံ သဟဇာတော ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ ကုသလံ ကော် ခန္ဓံ သဟဇာတာ တယောခန္ဓာ၊ တယောခန္ဓေ သဟဇာတော ကောခန္ဓော၊ ဒွေခန္ဓေ သဟဇာတာ ဒွေခန္ဓာ။

နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့ကို ဟောရာ၌ စာလုံးမဲဖြင့် ပြထားသောနေရာ၌ ပြောင်းလဲ၍ အထက်က မှာခဲ့သည့်အတိုင်း ဟောပါလေ။

ပစ္စယဝါရအတွက်–

ကုသလံဓမ္မံ ပစ္စယာ ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ ကုသလံ ကော်ခန္ဓံ ပစ္စယာ တယောခန္ဓာ၊ တယောခန္ဓေ ပစ္စယာ ကောခန္ဓော၊ ဒွေခန္ဓေ ပစ္စယာ ဒွေခန္ဓာ။

နိဿယဝါရအတွက်–

ကုသလံဓမ္မံ နိဿာယ ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ ကုသလံ ကော်ခန္ဓံ နိဿာယ တယောခန္ဓာ၊ တယောခန္ဓေ နိဿာယ ကောခန္ဓော၊ ဒွေခန္ဓေ နိဿာယ ဒွေခန္ဓာ။

သံသဋ္ဌဝါရအတွက်–

ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ ကုသလံ ကော်ခန္ဓံ သံသဋ္ဌာ တယော ခန္ဓာ၊ တယောခန္ဓေ သံသဋ္ဌော ကောခန္ဓော၊ ဒွေခန္ဓေ သံသဋ္ဌာ ဒွေခန္ဓာ။

သမ္ပယုတ္တဝါရအတွက်–

ကုသလံဓမ္မံ သမ္ပယုတ္တော ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ ကုသလံ ကော်ခန္ဓံ သမ္ပယုတ္တာ တယော ခန္ဓာ၊ တယောခန္ဓေ သမ္ပယုတ္တော ကောခန္ဓော၊ ဒွေခန္ဓေ သမ္ပယုတ္တာ ဒွေခန္ဓာ။

ကုသလေန ကုသလံအတွက် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းအတွက် ဝါရ ၆–ပါးလုံး၏ ပါဠိ များကို ဟောနိုင်ရန် ပြဆိုလိုက်သည်။ ဝါရ (၆) ပါးတွင် ဆိုင်ရာဝါရကို ဟောလိုသည့်အတိုင်း ဆိုင်ရာသဒ္ဒါအား လျော်စွာ ဟောရသည်သာ ထူးသည်။

## အနက်ပေးပုံ

ဝါရ(၆)ပါးတွင် ပဋိစ္စဝါရအတွက် အနက်ပေးပုံကို ရေးသားပြမည်။ ပဋိစ္စဝါရကို အနက်ပေးတတ်လျှင် ကျန် (၅) ဝါရလည်း သိနိုင်ပေ၏။ ဝါရသဒ္ဒါအားလျော်စွာ ပြောင်းလဲအနက်ပေးရရုံသာ ထူးမည်။

ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ သဟဇာတပစ္စယာ၊ သဟဇာတပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကော်၊ တပါးတပါးသော။ ခန္ဓံ၊ ဝေဒနာ အစရှိသောခန္ဓာကို။ ပဋိစ္စ၊ စွဲ၍။ တယော၊ သုံးပါးသုံးပါးကုန်သော။ ခန္ဓာ၊ သညာ အစရှိသော ခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တယော၊ သုံးပါးသုံးပါးကုန်သော။ ခန္ဓေ၊ ဝေဒနာ အစရှိသော ခန္ဓာတို့ကို။ ပဋိစ္စ၊ စွဲ၍။ ကော၊ တပါးတပါးသော။ ခန္ဓော၊ ဝိညာဉ် အစရှိသော ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒွေ၊ နှစ်ပါးနှစ်ပါးကုန်သော။ ခန္ဓေ၊ ဝေဒနာသညာအစရှိသော ခန္ဓာတို့ကို။ ပဋိစ္စ၊ ၎ဲ၍။ ဒွေ၊ နှစ်ပါးနှစ်ပါးကုန် သော။ ခန္ဓာ၊ သင်္ခါရဝိညာဉ်အစရှိသော ခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

စာလုံးမဲဖြင့်ပြထားသောနေရာတွင် နိဿယပစ္စယာ၊ နိဿယပစ္စည်းကြောင့်။ အတ္ထိပစ္စယာ၊ အတ္ထိပစ္စည်းကြောင့်။ အဝိဂတပစ္စယာ၊ အဝိဂတပစ္စည်းကြောင့် ဟု ဆိုင်ရာဆိုင်ရာ ပစ္စည်းအားလျော်စွာ ပြောင်းလဲ၍ အနက် ပေးလေ။ သိလောက်ပြီ။

ဝါရအားလျော်စွာ အနက်ပေးရာ၌ သဟဇာတော၊ တက္ကဖြစ်သော။ ပစ္စယာ၊မှီရာဟူသောအနက်ဖြင့် အကြောင်းပြု၍။ နိဿာယ၊ မှီရာဟူသော အနက်ဖြင့် ပစ္စည်းပြု၍။ သံသဋ္ဌော၊ နှီးနှောသော။ သမ္ပယုတ္တော၊ ယှဉ်သော-အစရှိသဖြင့် ဝါရအားလျော်စွာ အနက်ပေးနိုင်ပါသည်။ ဤ၌ သိသာရုံ အနက်ပေးလိုက်သည်။ အပြည်အစုံ အနက်ပေးလိုက အရကောက်စာအုပ်တွင် ကြည့်လေ။

## ကတ္တားကောက်။

ကုသလံဓမ္မံ ပဋိစ္စ ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ-ဟူသော ပါဠိသည် ဝိဓိပါဠိမည်၏။ ကုသလံ ဧကံခန္ဓံ ပဋိစ္စ တယောခန္ဓာ-အစရှိသော ပါဠိသည် အနုဝါဒပါဠိမည်၏။ ကုသိုလ်စသည်တို့ကို စွဲ၍ ကုသိုလ်စသည်တို့၏ ဖြစ်ပုံအစီအရင်ကို ဟောဖော်ညွှန်ပြခြင်းကို “ဝိဓိ”ဟု ခေါ်သည်။ ကုသိုလ်စသည်တို့ကို စွဲ၍ ကုသိုလ်စသည်တို့၏ ဖြစ်ပုံကို ထပ်မံဖွင့်ဆိုဟောကြားခြင်းသည် “အနုဝါဒ”မည်၏။

ဝိဓိပါဠိတော်၌ ကုသလံဓမ္မံဟူသော ပါဠိသည် ကံပုဒ်တည်း။ ကုသလောဓမ္မောဟူသော ပါဠိသည် ကတ္တားပုဒ်တည်း။ သဟဇာတပစ္စယာ ဟူသော ပါဠိဖြင့် ဟိတ်ပါဠ်သတ္တိကိုပြ၏။ ထိုဝါကျ၌ ကံပုဒ်၊ ကတ္တားပုဒ်၊ ဟိတ်ပါဌ်ဟူ၍ ရှိရာ ဤဆဝါရ၌ ထန်းတပင်ဆရာတော်ကြီး၏ အရကောက်ကျမ်း၌ ကတ္တားပုဒ်နှင့် ဟိတ်ပါဌ်ကိုသာ ကောက်ပြတော်မူသည်။ ကံပုဒ်ကို ကောက် မပြ။ ဦးဇမ္ဗုအစရှိသော ရှေးအရကောက်ကျမ်းအချို့နှင့် မူလပဌာန်းဆရာတော် စီစဉ်ရေးသားသော ပဌာန်းပါရဂူကျမ်း၌ ကံပုဒ်ကိုလည်း ကောက်ပြသေး၏။ ဤဆဝါရ၌ ပစ္စယုပ္ပန္နဓမ္မကိုသာ ဟောခြင်းကြောင့် ထန်းတပင်ဆရာတော်ကြီးသည် ကတ္တားပုဒ်(ပစ္စယုပ္ပန်)ကို ပဓာနထား၍ ကောက်ပြပါသည်။ ဤကျမ်း၌လည်း ထန်းတပင်ဆရာတော် အရကောက် ကျမ်းအတိုင်း ကတ္တားပုဒ်နှင့် ဟိတ်ပါဌ်သတ္တိကိုသာ ပြပေအံ့။ စာမျက်နှာ(ဃ)တွင် “ပဋိစ္စဝါရ အနုလုံဝိဘင်ဝါရ ကတ္တားကောက်ဇယား”ဟု ပြထားသည်။ ၎င်းကိုကြည့်၍ ကတ္တား ကောက်ရမည်။ ကတ္တားပုဒ်ကောက်ပုံမှာ-

ကုသလေန ကုသလံ၌- ကုသလောဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား ကုသိုလ်စိတ်ကေဝိသ၊ စေတသိက် အဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော(တက္ကဖြစ်သော) (သဟဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော)(နှီးနှော၍ဖြစ်သော)(ယှဉ်၍ဖြစ်သော) ကုသိုလ်စိတ်ကေဝိသ၊ စေတသိက်အဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

**မှတ်ချက်။** ။ပဋိစ္စဝါရဘာခုတည်းကို ကောက်လျှင် (စွဲ၍ဖြစ်သော) သဟဇာတဝါရကိုကောက်လျှင် (တက္ကဖြစ်သော) ပစ္စယဝါရကို ကောက်လျှင် (သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော) နိဿယဝါရကို ကောက်လျှင် (မှီ၍ဖြစ်သော) သံသဋ္ဌဝါရကို ကောက်လျှင်(နှီးနှော၍ဖြစ်သော)သမ္ပယုတ္တဝါရကိုကောက်လျှင်(ယှဉ်၍ဖြစ်သော)ဟူ၍ အသီးသီးဆိုလေ။ ဤ၌(၆) ဝါရလုံးကိုပေါင်း၍ တကြိမ်တည်းဖြင့် ကိစ္စပြီးလွယ်အောင် ပို့ချစဉ်အတိုင်း ရေးသားလိုက်သည်။

## ဟိတ်ပါဌ်သတ္တိ။

စာမျက်နှာ (ဇ)ကိုကြည့်ပါ။ သဟဇာတပစ္စည်း၏ ဟိတ်ပါဌ်မှာ-

သဟဇာတပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား အချင်းချင်းအား တပ်သောကုသိုလ်စိတ်ကေဝိသ၊ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိမှာ-

နိဿယပစ္စယာ(အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)ဟူသောဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ကုသိုလ်စိတ်ကေဝိသ၊ စေတသိက် အဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယ သတ္တိ (သဟဇာတတ္ထိသတ္တိ) (သဟဇာတအဝိဂတသတ္တိ)။ ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ နောက်နောက်သော ကုသိုလ်စိတ်ကေဝိသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္န ကုသိုလ်ဇော (၅) ချက်အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတ နိဿယသတ္တိ (ပုရေဇာတတ္ထိသတ္တိ) (ပုရေဇာတအဝိဂတသတ္တိ) ရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဌာနအားဖြင့် ကတ္တားသာတည်း။

ကတ္တားပုဒ်၏ အရကောက်၊ ဟိတ်ပါဌ်သတ္တိ၏အရကောက်ဟု နှစ်ပါးကောက်ပြခဲ့ရာ ဤအဝါရ၌ ပစ္စယုပ္ပန္နမေ့ကို ဟောခြင်းကြောင့် ထိုကတ္တား(ပစ္စယုပ္ပန္နမေ့)နှင့် ဟိတ်ပါဌ်နှစ်ပါးကို့တွင် ကတ္တားပုဒ်သာ ပဓာနဖြစ်သည်ဟုဆိုပါသည်။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ကုသလေန ကုသလံအတွက် ပါဠိတော်၊ ကတ္တားကောက်နှင့် ဟိတ်ပါဌ် သတ္တိများကို ဝါရခြောက်ပါးလုံးအတွက် ပြဆိုပြီး၍ သဟဇာတပစ္စည်းအတွက် ပါဠိ၊ ကတ္တားပုဒ်၊ ဟိတ်ပါဌ်သတ္တိတို့ကို အပြည့်အစုံ ထပ်မံပြဆိုဦးအံ့။

ကုသလံဓမ္မံ ပဋိစ္စ ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ။ကုသလံ ဧကံခန္ဓံ ပဋိစ္စ တယောခန္ဓာ၊တယော ခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊ ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ။

ကုသလေန ကုသလံ၌- ကုသလောဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ကုသိုလ်စိတ်ကေဝီသ၊ စေဘသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်စိတ်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား အချင်းချင်းအားတပ်သော ကုသိုလ်စိတ် ကေဝီသ၊စေတသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။ထိုနှစ်ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

နိဿယပစ္စည်းအတွက် ပါဠိ၊ ကတ္တားပုဒ်၊ ဟိတ်ပါဌ်သတ္တိတို့ကို ပဋိစ္စဝါရအတွက် ထပ်မံပြဆိုဦးအံ့။

ကုသလံဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နိဿယပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ၊တယော ခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊ ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ။

ကုသလေန ကုသလံ၌- ကုသလောဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ကုသိုလ်စိတ်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ်စိတ်ကေဝီသ၊စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန် တရားရ၏။

နိဿယပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား အချင်းချင်းအားတပ်သော ကုသိုလ်စိတ်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတနိဿယသတ္တိ၊ပဋ္ဌေဝါကာရဝုဖြစ်သောအခါ နောက် နောက်သော ကုသိုလ်စိတ် ကေဝီသအား တပ်သော ဝတ္ထုမနောဓာတ်ဝိဇ္ဇာန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္န ကုသိုလ်ဇော (၅) ချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဓာနအားဖြင့် ကတ္တားသာတည်း။

ဤ၌ သဟဇာတပစ္စည်းနှင့် နိဿယပစ္စည်းတို့၏ ပါဠိ၊ ကတ္တားပုဒ်၊ ဟိတ်ပါဌ်သတ္တိများကို နှိုင်းယှဉ်ကြည့်လျှင် ပါဠိနှင့်ကတ္တား ကောက်မှာ အတူတူပင်ဖြစ်သည်ကို တွေ့ရမည်။ ဟိတ်ပါဌ်သတ္တိ၌သာ နိဿယပစ္စည်းက သဟဇာတ ပစ္စည်းထက် ပုရေဇာတနိဿယသတ္တိ ပို၍ကောက်ရသည်သာ ထူး၏။ အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့သည် နိဿယ ပစ္စည်းနှင့်တူ၏။ ကတ္တားကောက်နှင့် ဟိတ်ပါဌ်သတ္တိ ကို ကောက်ပြီးနောက် အနုဝါဒအတွက်ခန္ဓာဝါရဖွဲ့ရမည် ဖြစ်သော်လည်း ခန္ဓာဝါရများကို သီးသန့်ပြဆိုမည်။

## ကုသလေန အဗျာကတံ။

ကုသလေန အဗျာကတံ၌ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့မရပြီ။ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ပစ္စယဝါရ၊နိဿယ ဝါရ-အားဖြင့်(၄) ဝါရသာရသည်။

ပဋိစ္စဝါရအတွက် ပါဠိမှာ-

ကုသလံဓမ္မံ ပဋိစ္စ အဗျာကတောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ(နိဿယပစ္စယာ)(အတ္ထိပစ္စယာ)(အဝိဂတ ပစ္စယာ)။ကုသလေခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ။

သဟဇာတဝါရအတွက်ပါဠိမှာ-

ကုသလံဓမ္မံ သဟဇာတော အဗျာကတောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ကုသလေ ခန္ဓေ သဟဇာတံ စိတ္တသမုဋ္ဌာနံ ရူပံ။

ပစ္စယဝါရအတွက် ပါဠိမှာ-

ကုသလံဓမ္မံ ပစ္စယာ အဗျာကတောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလေခန္ဓေ ပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ။

နိဿယဝါရအတွက် ပါဠိမှာ-

ကုသလံဓမ္မံ နိဿာယ အဗျာကတောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလေခန္ဓေ နိဿာယ စိတ္တသမုဋ္ဌာနံ ရူပံ။

အနက်ပေးပုံ။ ။ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ အဗျာကတော၊ အဗျာကတ ဖြစ်သော။ ဓမ္မော၊တရားသည်။ သဟဇာတပစ္စယာ၊ သဟဇာတပစ္စည်းကြောင့်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ကုသလေ၊ ကုသိုလ်ဖြစ် ကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ပဋိစ္စ၊ စွဲ၍။စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော။ရူပံ၊ ရုပ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

ပစ္စည်းအားလျော်စွာ၊ ဝါရအားလျော်စွာ အနက်ပေးတတ်လောက်ပြီ။ ပေးလေ။

ကတ္တားကောက်အတွက် စာမျက်နှာ(ဃ)ကို ကြည့်ပါ။

ကုသလေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို(စွဲ၍ဖြစ်သော) (နှင့်တကွဖြစ်သော) (သဟဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ပဋိစ္စဝါရ အစရှိသော (၄) ဝါရအတွက် ပြီးလွယ်အောင် ပေါင်း၍ဆိုလိုက်သည်။ ဆိုင်ရာဝါရအားလျော်စွာ တခုစီလည်း ဆိုနိုင်သည်။ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းတို့၏ ကတ္တားကောက်များသည် အတူတူပင် ဖြစ်၏။ ။ဟိတ်ပါဠိ သတ္တိမှာ-

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်းအားငင်း ဥပါဒါရုပ် အားငင်း တပ်သောမဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။ ။(နိဿယပစ္စည်းဖြစ်မူ သဟဇာတ နိဿယသတ္တိရ၏။ အတ္ထိပစ္စည်းဖြစ်မူ သဟဇာတတ္ထိ သတ္တိရ၏။ အဝိဂတပစ္စည်းဖြစ်မူ သဟဇာတ အဝိဂတသတ္တိရ၏-ဟု ပြောင်းလဲဆိုရသည်သာ ထူးမည်။)

အမှာ။ ။ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။ တတ္တားပုဒ်နှင့် ဟိတ်ပါဠ်များ ကောက်ပြီးတိုင်း ဆိုလေ။ ၎င်းကို ထပ်မံမရေးတော့ပြီ။

## ကုသလေန ကုသလာဗျာကတံ။

ကုသလေန ကုသလာဗျာကတံ၌လည်း ပစ္စယုပ္ပန်တွင် ရုပ်တရား ရနေသဖြင့် သံသဋ္ဌနှင့် သမ္ပယုတ္တဝါရတို့ မရပြီ။ ပဋိစ္စဝါရစသည် (၄)ဝါရသာ ရ၏။

ပဋိစ္စဝါရအတွက် ပါဠိမှာ-

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ၊ တယောခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တ သမုဋ္ဌာနဥ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ။

သဟဇာတဝါရအတွက် ပါဠိမှာ-

ကုသလံ ဓမ္မံ သဟဇာတော ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ(နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလံ ဧကံခန္ဓံ သဟဇာတာ တယောခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ၊ တယောခန္ဓေ သဟဇာတော ဧကောခန္ဓော စိတ္တသမုဋ္ဌာနဥ္စရူပံ၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ။

ပစ္စယဝါရအတွက် ပါဠိမှာ-

ကုသလံဓမ္မံ ပစ္စယာ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယ ပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလံ ဧကံခန္ဓံ ပစ္စယာ တယောခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ၊ တယောခန္ဓေ ပစ္စယာ ဧကောခန္ဓော စိတ္တသမုဋ္ဌာနဥ္စရူပံ၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ။

နိဿယဝါရအတွက် ပါဠိမှာ-

ကုသလံဓမ္မံ နိဿာယ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလံ ဧကံခန္ဓံ နိဿာယ တယောခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ၊ တယောခန္ဓေ နိဿာယ ဧကောခန္ဓော စိတ္တသမုဋ္ဌာနဥ္စရူပံ၊ ဒွေ ခန္ဓေ နိဿာယ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ။

**အနက်ပေးပုံ။** ။ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်ငှါး။ အဗျာကတော၊ အဗျာကတဖြစ်သော။ ဓမ္မော၊ တရားသည်ငှါး။ သဟဇာတပစ္စယာ၊ သဟဇာတပစ္စည်းကြောင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဧကံ၊ တပါးတပါးသော။ ခန္ဓံ၊ ခန္ဓာကို။ ပဋိစ္စ၊ စွဲ၍။ တယော၊ သုံးပါး သုံးပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်ငှါး။ စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော။ ရူပဉ္စ၊ စိတ္တဇရုပ်သည်ငှါး။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တယော၊ သုံးပါး သုံးပါးကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ ပဋိစ္စ၊ စွဲ၍။ ဧကော၊ တပါးတပါးသော။ ခန္ဓော၊ ခန္ဓာသည်ငှါး။ စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော။ ရူပဉ္စ၊ စိတ္တဇရုပ်သည်ငှါး။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒွေ၊ နှစ်ပါး နှစ်ပါးကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ ပဋိစ္စ၊ စွဲ၍။ ဒွေ၊ နှစ်ပါး နှစ်ပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်ငှါး။ စိတ္တသမုဋ္ဌာနံ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော။ ရူပဉ္စ၊ စိတ္တဇရုပ်သည်ငှါး။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**ကတ္တားကောက်။** ။ကုသလေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝီသ၊စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) ကုသိုလ်စိတ်ကေဝီသ၊ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

**ဟိတ်ပါဋ်သတ္တိ။** ။သဟဇာတပစ္စယာဟူသော ဟိတ်ပါဋ်၏အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝီသ၊ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

နိဿယပစ္စယာဟူသော ဟိတ်ပါဋ်၏ အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါကုသိုလ်စိတ်ကေဝီသ၊စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ။အချင်းချင်းအားရင်း၊ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတနိဿယသတ္တိ။ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်စိတ် ကေဝီသအား တပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတနိဿယ သတ္တိရ၏။

အတ္ထိနှင့် အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဋ်သတ္တိကို နိဿယပစ္စည်းအတိုင်း ကောက်လေ။ သဟဇာတတ္ထိသတ္တိ၊ ပုရေဇာတတ္ထိသတ္တိ၊ သဟဇာတအဝိဂတသတ္တိ၊ ပုရေဇာတအဝိဂတသတ္တိရ၏ဟု ပြောင်းလဲဆိုရသည်သာ ထူး၏။

ကုသလပဒ၏ ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ ကုသလေန ကုသလာဗျာကတံ၊ သဉ်ျာ ၃-ချက်နှင့် စပ်လျဉ်း၍ ပါဠိ၊ ကတ္တားပုဒ်၊ ဟိတ်ပါဋ်သတ္တိတို့ကို ပြဆိုပြီးဖြစ်၏။ ကုသလပဒ ၃-ချက်ကိုဆိုဘတ်လျှင် အကုသလပဒ ၃-ချက်ကိုလည်း ဆိုဘတ်လိမ့်မည်။ ကုသလပဒအတိုင်းတွင် ပါဠိတော်၌ (အ) တိုး၍ ဟောရမှုသာ ထူး၏။ ကတ္တားကောက်နှင့် ဟိတ်ပါဋ်သတ္တိကိုတွင်လည်း ကုသိုလ်ကေဝီသ၊ စေတသိက်အဋ္ဌတိံသအစား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသဟု ပြောင်းလဲဆိုရသည်သာ ထူးမည်။ အကုသလပဒ ၃-ချက်ကို ဆက်လက်ပြဆိုအံ့။

## အကုသလေန အကုသလံ

အကုသလံဓမ္မံ ပဋိစ္စ အကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။အကုသလံ ဧကံခန္ဓံ ပဋိစ္စ တယောခန္ဓာ၊ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊ ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ။

အကုသလေန အကုသလံ၌- အကုသလောဓမ္မောဟူသော ကတ္တားပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော)(သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) (နှီးနှော၍ဖြစ်သော) (ယှဉ်၍ဖြစ်သော) အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဋ်၏ အရကား အချင်းချင်းအားတပ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ပါဠိကတ္တားပုဒ်များကို သဟဇာတပစ္စည်းအတိုင်း ဟောလေ။ ဟိတ်ပါဠ်သတ္တိ၌သာလျှင် ကုသလေန ကုသလံ၌ ပြဆိုခဲ့သည့်အတိုင်း ပုရေဇာတ နိဿယသတ္တိ ပို၍ ကောက်ရသည်။ နိဿယပစ္စည်းအတွက် ဟိတ်ပါဠ် သတ္တိကို ကောက်ပြဦးအံ့။

နိဿယပစ္စယာဟူသော ဟိတ်ပါဠ်၏အရကား အချင်းချင်းအား တပ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက်သတ္တဝီသအစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတ နိဿယသတ္တိ ပဋိသန္ဓေ ဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်ဒွါဒသအား တပ်သော ဝုဋ္ဌောမနေ ဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိရ၏။ ထိုနှစ်ပါးတို့တွင် အရကားပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဠ်သတ္တိများသည် နိဿယပစ္စည်းဟိတ်ပါဠ်အတိုင်း ကောက်ရမည်။ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ ပုရေဇာတအဝိဂတသတ္တိဟု ဆိုရသည်သာ ထူး၏။ ဤအမှာစကားကို မှတ်သားခဲ့ပါ။ နောက်ထပ် မပြတော့ပြီ။

ဤအကုသလေန အကုသလံ၏ ကျန်(၅)ဝါရကို ကုသလေနကုသလံနည်းတူ ဟောရမည် ဖြစ်ရာ ပါဠိတော်၌ (အ)တိုးဟောမှုကတ္တားကောက်၌ အကုသိုလ်ဒွါဒသ၊ စေတသိက်သတ္တဝီသ ဆိုရသည်သာထူး၏။ ကုသလေန ကုသလံအတိုင်း ဟောလေ။ မပြတော့ပြီ။ သိလောက်ပြီ။

## အကုသလေန အဗျာကတံ။

အကုသလံဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ အကုသလေခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ။

အကုသလေန အဗျာကတံ၌-အဗျာကတောဓမ္မောဟူသောကတ္တားပုဒ်၏အရကား ပဉ္စဝေါကာရဘုံ-၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော(နှင့်တကွဖြစ်သော) (သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါးပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။ ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဠ်သတ္တိလည်း သဟဇာတဟိတ်ပါဠ်သတ္တိနှင့်တူ၏။ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရ မရပြီ။ ကျန်(၃)ဝါရတို့လည်းပါဠိ၊ ကတ္တားကောက်မထူး။

## အကုသလေန အကုသလာဗျာကတံ

အကုသလံဓမ္မံ ပဋိစ္စ အကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ အကုသလံ ဧကံခန္ဓံ ပဋိစ္စ တယောခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော စိတ္တသမုဋ္ဌာနဉ္စရူပံ။ ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ။

အကုသလေန အကုသလာဗျာကတံ၌- အကုသလောစ အဗျာကတောစ ဓမ္မာဟူသော ကတ္တား ပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသအစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသအစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဠ်၏အရကား အချင်းချင်းနာမက္ခန္ဓာစိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။ ထိုနှစ်ပါးတို့တွင် ဆိုမြဲ။

နိဿယပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား (ခုနက ဆိုခဲ့တဲ့ သဟဇာတ သတ္တိကိုပင် ဆိုရမည်) အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ။ အချင်းချင်းအားရင်း ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် လေးပါး ပစ္စည်း တရားတို့၏ သဟဇာတနိဿယသတ္တိ။ ။ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ နောက်နောက်သော

အကုသိုလ်ဒွါဒသအား အားတပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအကုသိုလ်ဇော ၅-ချက်အားတပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ပုရေဇာတနိဿယသတ္တိရ၏။ ထိုနှစ်ပါးတို့တွင် ဆိုမြဲ ။အတ္ထိ၊ အဝိဂတပစ္စည်း၏ ဟိတ်ပါဌ်လည်း နိဿယအတိုင်းပင် ကောက်ရသည်။ အကုသလပဒ (၃)ချက်ပြီး၏။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ- ဤ(၄)ပစ္စည်း၏ ကုသလပဒ(၃)ချက်၊ အကုသလပဒ (၃)ချက်တို့ကို ဝါရ (၆)ပါးလုံးအတွက် ပါဠိတော်၊ ကတ္တားပုဒ်၊ ဟိတ်ပါဌ်များ ဟောနိုင်ရန် ပြဆိုခဲ့ပြီးဖြစ်၏။ ထို၄-ပစ္စည်း၏ ဝါရ (၆)ပါးလုံး ဟောနိုင်ရန် ရွတ်ဆိုလေ့ကျင့်ပါ။ ဥပမာ သဟဇာတပစ္စည်း၏ ပဋိစ္စဝါရ ကုသလေန ကုသလံအတွက် ပါဠိကို ရှေးဦးစွာ ရွတ်ဆိုပါ။ ထိုနောက် ကတ္တားပုဒ်ကို ကောက်ပါ။ ထိုနောက် ဟိတ်ပါဌ် သတ္တိကို ကောက်ပါ။ သဟဇာတပစ္စည်း၏ ပဋိစ္စဝါရကို ဆိုပြီးနောက် သဟဇာတဝါရကို ဆိုပါ။ ပါဠိတော်၌ သဟဇာတသဒ္ဒါဖြင့် ဟောရမှုသာ ထူးမည်။ ကတ္တားကောက်၌ စွဲ၍ဖြစ်သော-အစား နှင့်တကွဖြစ်သော -ဟု ဆိုရမည်။ဟိတ်ပါဌ်သတ္တိတူ၏။ ဤသို့ ဝါရ (၆)ပါးလုံး ဆိုတတ်အောင် ဆိုပါလေ။ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့ကိုလည်း သဟဇာတပစ္စည်းကဲ့သို့ပင် နည်းမှီ၍ ဆိုပါ။ ဝါရအားလျော်စွာ ဆိုင်ရာသဒ္ဒါဖြင့် ဟောပါ။ သဒ္ဒါအားလျော်စွာ အနက်ပေးသည့်အတိုင်း စွဲ၍ ဖြစ်သော - နှင့်တကွဖြစ်သော- စသည် ဖြင့်ကောက်ပါ။

ပါဠိတော်ဆိုရန် စာမျက်နှာ (ဂ) ကတ္တားပုဒ်ကောက်ရန် စာမျက်နှာ (ဃ) ဟိတ်ပါဌ် သတ္တိကောက်ရန် စာမျက်နှာ(ဇ)ကိုကြည့်ပါ။

ကုသလေန ကုသလံကို (ကု-ကု)၊ ကုသလေန အဗျာကတံကို (ကု-ဗျာ)၊ ကုသလေန ကုသလာဗျာကတံကို (ကု-ကုဗျာ)ဟု အတိုရေးသား ခေါ်ဝေါ်မည်။ အကုသလပဒ(၃)ချက်ကိုလည်း ၎င်းနည်းတူ အတိုခေါ်ဝေါ်မည်။ (ကု-ကု) (အကု-အကု)တို့သည် ဝါရခြောက်ပါးလုံးနှင့် ဆိုင်၏။ (ကု-ဗျာ)(ကု-ကုဗျာ) (အကု-ဗျာ)(အကု-အကုဗျာ) တို့သည် သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရများ မရ၍ ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ အားဖြင့် လေးဝါရစီသာ ရကြသည်ကို သိပါ။

နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိသည် သဟဇာတပစ္စည်း၏ ဟိတ်ပါဌ်သတ္တိ ထက် ဝတ္ထုပုရေဇာတသတ္တိ ပို၍ကောက်ရမည်။

## အဗျာကတေန အဗျာကတံ

အဗျာကတေနအဗျာကတံမှာ- ပဝတ္တိ ပဋိသန္ဓေ ရုပ်သက်သက် ဝတ္ထုကံ-ဟူ၍ လေးမျိုးရှိပါတယ်၊ စာမျက်နှာ (ဂ) ပါဠိတော်ဇယားမှာ ဒီလေးမျိုးလုံးကို ပြထားပါတယ်၊ စာမျက်နှာ(ဃ) ကတ္တားကောက် ဇယားမှာ ပဝတ္တိ ပဋိသန္ဓေနှင့် ရုပ်သက်သက် အတွက်ကို ပြထားပြီး၊ စာမျက်နှာ (င) မှာ ဝတ္ထုကံကိုပြထားပါတယ်၊ ဝတ္ထုကံတွေဟာ ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မတွေကို ပြဆိုခြင်းဖြစ်ပါတယ်။

ပဋိစ္စဝါရနှင့် သဟဇာတဝါရမှာ သဟဇာတပစ္စည်းကိုသာ ဟောသဖြင့် ပဝတ္တိ ပဋိသန္ဓေ ရုပ်သက်သက်ကိုသာ ရပါတယ်၊ ပစ္စယဝါရနှင့် နိဿယဝါရကျတော့ သဟဇာတပစ္စည်း ဝတ္ထုပုရေဇာတပစ္စည်းကိုဟောသဖြင့် ပဝတ္တိပဋိသန္ဓေ ရုပ်သက်သက်နှင့် ဝတ္ထုကံ ဒီ ၄-မျိုးလုံးရပါတယ်၊ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရမှာ သမ္ပယုတ္တပစ္စည်းကိုသာ ဟောသဖြင့် ပဝတ္တိနှင့် ပဋိသန္ဓေ ဒီ ၂-မျိုးသာရတယ်၊ ပဝတ္တိမှာလဲ နာမ်တရားများသာရပြီး ရုပ်တရားတွေ မရတာကို သိပါ၊ စိတ္တသမုဋ္ဌာနဥတုရုပ် မရဘူး၊ ပဋိသန္ဓေအတွက် ပါဠိတော်ဇယားမှာ ၃-ကွက်ပြထားခဲ့ရာ ပထမဆုံးအကွက်က ဂဏန်းကလေးတွေ နာမ်ဆိုင်ရာကိုသာ ဟောရမယ်၊ ကဋတ္တာရုပ်-ဆိုတာနှင့် မဆိုင်ဘူး၊ ဒုတိယနှင့်တတိယကွက်ဖြစ်တဲ့ "ခန္ဓေ ဝတ္ထု၊ ဝတ္ထုံ ခန္ဓာ"ကတော့ လုံးဝမဆိုင်ဘူးဆိုတာသိပါ။

ပဋိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရနှင့် နိဿယဝါရ ဤ(၄)ဝါရအတွက် ပါဠိ ကတ္တားပုဒ် ဟိတ်ပါဌ်များကို ဟောပြမယ်၊ ပဝတ္တိအတွက်-

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာ ပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရုပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စရုပံ၊ ဒွေခန္ဓေ ပဋိစ္စ ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရုပံ။

အဗျာကတံ ဓမ္မံ သဟဇာတော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ)(အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရုပံ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စရုပံ၊ဒွေ ခန္ဓေ သဟဇာတာ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရုပံ။

အဗျာကတံ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စရူပံ၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ။

အဗျာကတံ နိဿာယ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ နိဿာယ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ၊ တယော ခန္ဓေ နိဿာယ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စရူပံ၊ ဒွေ ခန္ဓေ နိဿာယ ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ။

အဗျာကတေန အဗျာကတံ၌ ပဝတ္တိ အခါ အဗျာကတော ဓမ္မော-ဟူသော **ကတ္တားပုဒ်၏အရကား** ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော) (မှီ၍ဖြစ်သော) ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် အားရင်း တပ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသစေတသိက်အဋ္ဌတိံသအစိတ်အစိတ်နာမက္ခန္ဓာ၊အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏၊ထိုနှစ်ပါးတို့တွင်ဆိုမြဲ။

နိဿယပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတနိဿယသတ္တိ၊ (ဒါက သဟဇာတနိဿယဆိုတော့ သဟဇာတပစ္စည်းတုန်းကအတိုင်း ဖြစ်တယ်၊ နောက်ပြီး ပုရေဇာတနိဿယသတ္တိကို ကောက်ရမယ်)၊ စက္ခုဝိညာဉ်ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊ မရဏာသန္နအခါ စက္ခုဝိညာဉ်ဒွေအား တပ်သော စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော စက္ခုဝတ္ထု၊ သောတဝိညာဉ်ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော သောတဝတ္ထု၊မရဏာသန္နအခါ သောတဝိညာဉ် ဒွေအား တပ်သော စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော သောတဝတ္ထု၊ ဃာနဝိညာဉ် ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ဃာနဝတ္ထု၊ မရဏာသန္နအခါ ဃာနဝိညာဉ်ဒွေအား တပ်သော စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဃာနဝတ္ထု၊ ဇိဝှါဝိညာဉ်ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ဇိဝှါဝတ္ထု၊ မရဏာသန္နအခါ ဇိဝှါဝိညာဉ် ဒွေအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဇိဝှါဝတ္ထု၊ ကာယဝိညာဉ် ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု၊ မရဏာသန္နအခါ ကာယဝိညာဉ် ဒွေအား တပ်သော စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ကာယဝတ္ထု၊ (ဒါက ဒွေပဉ္စဝိညာဉ် တဆယ်ပါ၊ နောက်ပြီး ဟဒယဝတ္ထုကိုမှီတဲ့စိတ်တွေ လာပါလိမ့်မယ်)၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အလျှပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ် ကြဉ်သော ပဋိသန္ဓေအစရှိသော နောက်နောက်သော ဝိပါက်ဗာဝီသ ကြိယာစိတ် ဝီသအား တပ်သော ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေ့ စိတ္တက္ခဏာဘချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ ပဥ္စဝေါကာရဘဝင် ၁၅-ခု၊ အာဝဇ္ဇန်းဒွေ သမ္ပဋိစ္ဆိုင်းဒွေ သန္တိရဏသုံးခု ဝုဋ္ဌော မရဏာသန္နကြိယာဇော ၅-ချက်၊ တဒါရုံ စုတိအားတပ်သော စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတ နိဿယသတ္တိရ၏။

အတ္ထိနှင့် အဝိဂတ ဟိတ်ပါဠ် သတ္တိကို နိဿယဟိတ်ပါဠ် သတ္တိအတိုင်း ဆိုရသည်၊ ပုရေဇာတတ္ထိသတ္တိ၊ ပုရေဇာတ အဝိဂတသတ္တိ ရ၏ဟု ဆိုရသည်သာတည်း၏။

သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရအတွက်ပါဠိ ကတ္တားကောက် ဟိတ်ပါဠ်များမှာ-

အဗျာကတံ ဓမ္မံ သံသဋ္ဌော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ သံသဋ္ဌာ တယောခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဧကောခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။

အဗျာကတံ ဓမ္မံ သမ္ပယုတ္တော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ သမ္ပယုတ္တာ တယော ခန္ဓာ၊ တယောခန္ဓေ သမ္ပယုတ္တော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သမ္ပယုတ္တာ ဒွေ ခန္ဓာ။

အဗျာကတေန အဗျာကတဲ့ ပစ္စတ္တိ အခါ အဗျာကတော ဓမ္မော ဟူသော ကတ္တား ပုဒ်၏အရကား ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို နိုးနှောရ၍ဖြစ်သော(ယှဉ်၍ ဖြစ်သော) ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

နိဿယပစ္စယာ အတ္ထိပစ္စယာ အဝိဂတပစ္စယာ ဟူသော ဟိတ်ပါဌ်များကို သဟဇာတပစ္စည်းဟိတ်ပါဌ်အတိုင်း နှင့်ပုရေဇာတနိဿယသတ္တိကို ကောက်ရသည်။

## ပဋိသန္ဓေအခါ

ပဋိသန္ဓေအခါအတွက် ပဋိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရနှင့် နိဿယဝါရ ဤ(၄)ဝါရ၏ပါဠိ ကတ္တားပုဒ် ဟိတ်ပါဌ်သတ္တိတို့ကို ဦးစွာပြဆို၍ နောက်သက်သက်သာ ရသော သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့ကို နောက်မှပြအံ့ ပေအံ့။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ၊ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ သဟဇာတာ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ သဟဇာတော ဧကော ခန္ဓော ကဋတ္တာစ ရူပံ၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေခန္ဓာ ကဋတ္တာစ ရူပံ၊ ခန္ဓေ သဟဇာတံ ဝတ္ထု၊ ဝတ္ထုံ သဟဇာတာ ခန္ဓာ။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပစ္စယာ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပစ္စယာ ဧကောခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ၊ ခန္ဓေ ပစ္စယာ ဝတ္ထု၊ ဝတ္ထုံ ပစ္စယာ ခန္ဓာ။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ နိဿာယ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ နိဿာယ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ နိဿာယ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ၊ ခန္ဓေ နိဿာယ ဝတ္ထု၊ ဝတ္ထုံ နိဿာယ ခန္ဓာ။

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တား ပုဒ်၏ အရကား ပဋိသန္ဓေစိတ် ကာမာဝစရ ဝိပါက် စေတသိက် ပဉ္စတိံသအစိတ်အစိတ်၊ အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော) (မှီ၍ ဖြစ်သော) ပဋိသန္ဓေစိတ် ကာမာဝစရ၊ စေတသိက်ပဉ္စတိံသအစိတ်အစိတ်၊ အစိတ် အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကတ္တားကောက်များနှင့်ပတ်သက်၍ အစိတ်အစိတ်နာမက္ခန္ဓာ၊ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ဟဒယဝတ္ထု ကဋတ္တာရုပ် စသည်များ ကောက်ပုံကို ရှင်းလင်းပြဆိုဦးအံ့၊ ကံပုဒ် ကတ္တားပုဒ် ပါဠိအနေအထားကို နှိုင်းသွင်း၍ ကောက် ရသည်သာ ဖြစ်၏၊ ကံပုဒ်၌ဖြစ်စေ ကတ္တားပုဒ်၌ဖြစ်စေ ဧကံ ခန္ဓံ၊ တယော ခန္ဓေ စသည်ဖြင့် ဟောလျှင် အစိတ်အစိတ် နာမက္ခန္ဓာ၊ ခန္ဓေ-ခန္ဓာ သဒ္ဒါဖြင့်ဟောလျှင် အစိတ်အပေါင်း နာမက္ခန္ဓာ၊ဝတ္ထုံဟု ဟောလျှင် ဟဒယဝတ္ထု၊ ကဋတ္တာ ရူပံ ဟု ဟောလျှင် ကဋတ္တာရုပ် စသည်ဖြင့် ကံပုဒ်ဘက် ကတ္တားပုဒ်ဘက်ရှိအတိုင်း ကောက်ရပေမည်။

ပဋိသန္ဓေအတွက် ပါဠိတော်ဇယား၌ (၃)ကွက် ပြထားသည်၊ ကံပုဒ်ဘက်၏ ပထမကွက်တွင် ၁-၃-၂၊ ဂဏန်း များရှိရာ ၎င်းတို့ကို အစိတ်အစိတ်နာမက္ခန္ဓာဟု ဆိုသည်၊ ကံပုဒ်ဒုတိယကွက်၌ ခန္ဓေ-ဟု ရှိရာ ၎င်းကို အစိတ်အပေါင်း နာမက္ခန္ဓာဟု ဆိုသည်၊ ကံပုဒ် တတိယကွက်၌ ဝတ္ထုံ-ဟု ရှိရာ ၎င်းကို ဟဒယဝတ္ထုဟု ဆိုသည်၊ ကတ္တားပုဒ်ဘက်၌ ပထမ ကွက်ရှိ ၃-၁-၂ တို့အတွက် အစိတ်အစိတ်နာမက္ခန္ဓာပင်ရ၏၊ တတိယကွက်ရှိ ခန္ဓာအကွက် အစိတ်အပေါင်း နာမက္ခန္ဓာ၊ ပထမကွက်ရှိ ကဋတ္တာ စ ရူပံ အတွက် ကဋတ္တာရုပ်ဟု ကောက်သည်၊ ဒုတိယကွက်ရှိ ဟဒယဝတ္ထုသည် ကဋတ္တာရုပ်၌ အကျုံးဝင်၍ ထပ်မံ မဆိုရပြီ။

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား- အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာ ကဋတ္တာ ရုပ်အားရင်း တပ်သော ပဋိသန္ဓေစိတ် ကာမာဝစရ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာ၊ အချင်းချင်းအား ရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး၊အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏၊ ထိုနှစ်ပါးတို့တွင် ဆိုမြဲ။

နိဿယ အတ္ထိ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိလည်း သဟဇာတနှင့် အတူတူပင်၊ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရအတွက် ဆိုဦးအံ့။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ သံသဋ္ဌာ တယောခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဧကောခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ သမ္ပယုတ္တာ တယော ခန္ဓာ၊ တယော ခန္ဓေ သမ္ပယုတ္တော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သမ္ပယုတ္တာ ဒွေ ခန္ဓာ။

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေစိတ် ကျေနဝီသ၊ စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို နှီးနှော၍ဖြစ်သော (ယှဉ်၍ဖြစ်သော) ပဋိသန္ဓေစိတ် ကျေနဝီသ၊ စေတသိက် ပဥ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဋိသန္ဓေစိတ် ကျေနဝီသ၊ စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏၊ ထိုနှစ်ပါးတို့တွင် ဆိုမြဲ။

နိဿယ အတ္ထိ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိသည် သဟဇာတသတ္တိနှင့် တူ၏။

## ရုပ်သက်သက်

ပဋိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရ နိဿယဝါရ- ဤ (၄)ဝါရအတွက် ပါဠိကို တပေါင်းတည်း ပြီးလွယ်အောင် ရေးပြမည်၊ ဝါရအားလျော်စွာ ခွဲခြား၍ ဆိုတတ်ပါစေ၊ ရုပ်(၇)မျိုးလုံး ရသဖြင့် ပါဠိတော် ဇယားပြအတိုင်း အားလုံး ဆိုရပေမည်။

ဧကံမဟာဘူတံ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ) (နိဿယာ) ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ) (နိဿယာ) စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာ ရူပံ ဥပါဒါရူပံ။ ။ဗာဟိရံ ဧကံမဟာဘူတံ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ) (နိဿယာ) ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) ဒွေ မဟာဘူတာ၊မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ) (နိဿယာ)ဥပါဒါရူပံ။ ။ အာဟာရသမုဋ္ဌာနံ ဧကံမဟာဘူတံ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ) (နိဿယာ) ဧကံမဟာဘူတံ၊ ဒွေမဟာဘူတေ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ) (နိဿယာ) ဥပါဒါရူပံ။ ဥတုသမုဋ္ဌာနံ ဧကံမဟာဘူတံ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ)(နိဿယာ) ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ(သဟဇာတာ)(ပစ္စယာ)(နိဿယာ) ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ (သဟဇာတံ)(ပစ္စယာ)(နိဿယာ) ဥပါဒါရူပံ။ ။အသညသတ္တာနံ ဧကံမဟာဘူတံ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ) (နိဿယာ) ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿယာ) ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ (သဟဇာတံ) (ပစ္စယာ) (နိဿယာ) ကဋတ္တာရူပံ ဥပါဒါရူပံ။

ကတ္တားကောက်ကို စာမျက်နှာ (၁)ရှိ ဇယားအတိုင်း ရုပ်(၇)မျိုးလုံးအတွက် ကောက်ရပေမည်။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဥ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ် ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါရုပ် ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ် ဗာဟိရဥပါဒါရုပ် အာဟာရဇဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ်ကမ္မဇဥပါဒါရုပ် ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ) ဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေ ပဥ္စဝိညာဉ်

တဆယ်၊ ရဟန္တာတို့စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာ။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ (သဟဇာတနိဿယသတ္တိ) (သဟဇာတတ္ထိသတ္တိ) (သဟဇာတအဝိဂတသတ္တိ)ရ၏-စသည် ဆိုပါ။

အတ္ထိနှင့်အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်သတ္တိတွင် အထက်ဖော်ပြပါ သဟဇာတတ္ထိသတ္တိ၊ သဟဇာတ အဝိဂတသတ္တိတို့ကို ကောက်ရသည်သာမက ရုပ်အာဟာရတ္ထိကို ရုပ်အာဟာရ အတိုင်း၊ ဣန္ဒြိယတ္ထိကို ရူပဇီဝိတိန္ဒြိယအတိုင်း ကောက်ဟု စာမျက်နှာ (၃)၌ မှာထားသည်။ ထို့ကြောင့် စာမျက်နှာ (၄) ကိုကြည့်၍ ဤသို့ ဆက်လက်ကောက်ရမည်။

အာဟာရဇရုပ်အား တပ်သော ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ ပစ္စည်းတရားတို့၏ ရုပ်အာဟာရတ္ထိသတ္တိ (ရုပ်အာဟာရ အဝိဂတသတ္တိ)။ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ ရူပဇီဝိတိန္ဒြိယတ္ထိသတ္တိ (ရူပဇီဝိတိန္ဒြိယ အဝိဂတသတ္တိ) ရ၏။

## ဝတ္ထုကံ

ဝတ္ထုကံအတွက်ပါဠိ၊ ကတ္တားကောက်၊ ဟိတ်ပါဌ်များကို ပစ္စယဝ့ါရနှင့် နိဿယဝါရ၌သာ ဟောရသည်ကို သေချာစွာမှတ်သားထားပါ။ တနည်းဆိုသော် သချ်ာ, သတ္တရသ, သတ္တ-တို့၌ ဟောရပေမည်။ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ဤ(၄)ပဲစ္စည်း၏ အဗျာကတေန အဗျာကတံ၊ ဝတ္ထုကံမှာ-

စက္ခာယတနံ ပစ္စယာ (နိဿာယ)စက္ခုဝိညာဏံ၊ သောတာယတနံ ပစ္စယာ(နိဿာယ)သောတဝိညာဏံ၊ဃာနာယတနံ ပစ္စယာ (နိဿာယ) ဃာနဝိညာဏံ၊ ဇိဝှါယတနံ ပစ္စယာ (နိဿာယ) ဇိဝှါဝိညာဏံ၊ ကာယာယတနံ ပစ္စယာ (နိဿာယ) ကာယဝိညာဏံ။ (ဒါက ဒွေပဉ္စဝိညာဉ်တဆယ် အတွက်ပါ။ သုဒ္ဓသချ်ာ၌ ဒွေ ပဉ္စ ဝိညာဉ်တဆယ်ရရင် ဒီပါဠိကိုဟောရမည်။ကတ္တားကောက်လဲ ကောက်ရမည်။ ဒါကို စွဲစွဲမြဲမြဲမှတ်ခဲ့ပါ။ ဟဒယဝတ္ထုကိုမှီတဲ့ ဝိပါက်စိတ်နှင့် ကြိယာစိတ်တွေအတွက် ပါဠိကတော့ ဝတ္ထုံ ပစ္စယာ (နိဿာယ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ။

ဝတ္ထုကံ၌ အဗျာကတောဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား (စာမျက်နှာ (င)ကိုကြည့်ပါ။) မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော စက္ခုဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စက္ခုဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခုအစိတ်အပေါင်း နာမက္ခန္ဓာ။ ။မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော သောတဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော သောတဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သောသောတဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော သောတဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ။ ။မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ဃာနဝတ္ထုကိုပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ဃာနဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဃာနဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ဃာနဝိညာဉ်ဒွေ၊သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု အစိတ်အပေါင်းနာမက္ခန္ဓာ။ ။မဇ္ဈိမာယုကဖြစ်၍ အတီဘဝင်နှင့် ဥပါဒ်ပြိုင်သော ဇိဝှါဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ဇိဝှါဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဇိဝှါဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ဇိဝှါဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကာယဝိညာဉ်ဒွေ၊သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ကာယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော ကာယဝိညာဉ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အပေါင်း နာမက္ခန္ဓာ။(ဒီအရကောက်က ပဉ္စဝတ္ထုကို အသီးသီး မှီပြီးဖြစ်တဲ့ ဒွေ ပဉ္စ ဝိညာဉ်တဆယ်ကို ပြဆိုတယ်။ ဒီလိုပြဆိုရာမှာလဲ ပဝတ္တိတချက်၊ မရဏာသန္နအခါ တချက်ဆိုပြီး ၂-ချက်ပြဆိုပါတယ်။ နောက်ပြီး ဟဒယဝတ္ထုကိုမှီပြီးဖြစ်တဲ့ ဝိပါက်စိတ်၊ ကြိယာစိတ်တွေကိုတော့ ၃-ချက် ပြဆိုပါလိမ့်မယ်။) ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေ့စိတ္တက္ခဏ တချက်ခန့် ကာလ၌

ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ် ကြဉ်သော ဝိပါက်စိတ်ဗာဝီသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိများကို အရကောက်ကျမ်း၌ မပြပြီ။ပဋိစ္စဝါရနှင့်တူ၏ဟုသာ မှာထား၏။ဤ၌ ပဋိစ္စဝါရနှင့်တူ၏ဆိုရာဝယ် ပဋိစ္စဝါရကို နည်းမှီ၍ ကောက်ရမည်ဖြစ်၏။ နည်းမှီပုံမှာ- ဝတ္ထုက်အရ ကတ္တားကောက်များသည် ဆဝတ္ထုကိုမှီ၍ ပဋ္စဝေါကာရဘုံ၌ဖြစ်သော စိတ်များဖြစ်သည်ကို သတိပြုပါ။ ပစ္စယုပ္ပန်တရားများသည် နာမ်တရားများသာ ဖြစ်ကြသည်၊ ရုပ်တရားများ မရပါ။သို့ဖြစ်၍ ပဋိစ္စဝါရ၌ပြဆိုခဲ့သော ဟိတ်ပါဠိ သတ္တိများကိုပင် "ပဋ္စဝေါကာရဘုံ၌ဖြစ်သောအခါ"ဟု ဝိသေသနပြု၍ ကောက်ရခြင်း၊ အရူပဘုံ၌ ဖြစ်သောစိတ်များမရ၍ အရူပဝိပါက်ကိုတွေ့ရှိက ကြဉ်ပေးရခြင်း၊ ဆိုင်ရာ ပစ္စယုပ္ပန်တရားများ၏ နာမ်တရားကိုသာ (ရုပ်များမရ) ဆိုရပေမည်။ သဟဇာတပစ္စည်း၏ ဟိတ်ပါဠိသတ္တိကို ကောက်ပြအံ့။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဠိ၏ အရကား (စာမျက်နှာ (၈) သဟဇာတပစ္စည်း၊ ဗျာ-ဗျာ၊ ပဝတ္တိကို ကြည့်၍ ကောက်ပါ။)အချင်းချင်းအား တပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ဝိပါက်စိတ် ဗာတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ သတ္တိရ၏။

နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဠိသတ္တိများကို ကောက်ရာ၌ သဟဇာတနိဿယ သတ္တိ+ပုရေဇာတနိဿယ သတ္တိအားဖြင့် ၂-ချက်ကောက်ရမည်။ သဟဇာတနိဿယသတ္တိကို အထက်က ဆိုခဲ့သည့်အတိုင်းပင် ကောက်ရ၏။ ပုရေဇာတနိဿယသတ္တိအတွက် စာမျက်နှာ (၈) နိဿယပစ္စည်း၊ ဗျာ ဗျာ၊ ပဝတ္တိ၏ ပုရေနိဟု ပြဆိုထားသည့် အတိုင်း ကောက်ပါ။ ထိုအရကောက်ကို ဤစာအုပ် စာမျက်နှာ ၁၀၊ ကြောင်းရေ (၁၈) မှ (၃၄) အထိ ပြထားသည့် အတိုင်းကောက်ပါ။ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဠိသတ္တိများ တူ၏။

## အဗျာကတေန ကုသလံ

အဗျာကတေန ကုသလံဟာ ပစ္စယဝါရနှင့် နိဿယဝါရအတွက် ဖြစ်ပါတယ်၊ ပါဠိက-

အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ။

အဗျာကတံ ဓမ္မံ နိဿာယ ကုသလောဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝတ္ထုံ နိဿာယ ကုသလာ ခန္ဓာ။

ကတ္တားကောက်ကို စာမျက်နှာ (၄) ကိုကြည့် ကောက်ရပါတယ်။

အဗျာကတေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝီသ၊စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဠိသတ္တိကို ပဋိစ္စဝါရအတိုင်း ကောက်ရမယ်၊ သို့သော် ဘုံသတ်ပြီးကောက်ပါ၊ ဒီတော့ စာမျက်နှာ (၈) ကို ကြည့်ပြီး ကောက်ပါ၊ သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဠိအတွက် သဟဇာတပစ္စည်းဟိတ်ပါဠိအတိုင်းမှာ "ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ"လို့ ဘုံသတ်ပြီးကောက်ပါ၊ နိဿယ အတ္ထိအဝိဂတဟိတ်ပါဠိတွေက တူတယ်၊ သူတို့အတွက် နိဿယပစ္စည်းမှာ ပြထားတဲ့အတိုင်း သဟဇာတနိဿယသတ္တိ + ပုရေဇာတနိဿယသတ္တိကို ကောက်ရမယ်၊ပဋိစ္စဝါရတုန်းကလဲ ကောက်ပြခဲ့ပြီး ဖြစ်ပါတယ်။

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဠိ ၏ အရကား အချင်းချင်းအား တပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏၊ ထိုနှစ်ပါးတို့တွင် ဆိုမြဲ။

နိဿယပစ္စယာ ဟူသော ဟိတ်ပါဠိ၏ အရကား အချင်းချင်းအား တပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတနိဿယ သတ္တိ၊ ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ် ကေဝီသအား တပ်သော ဝုဋ္ဌော မနောဒွါရာ

၀ဇ္ဇနီး အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိ ရ၏၊ ထိုနှစ်ပါးတို့တွင် ဆိုမြဲ။

အတ္ထိပစ္စည်းဟိတ်ပါဌ်၊ အဝိဂတပစ္စည်းဟိတ်ပါဌ်တို့ကို နိဿယပစ္စည်းအတိုင်းတွင် သဟဇာတတ္ထိသတ္တိ + ပုရေဇာတတ္ထိသတ္တိ၊ သဟဇာတအဝိဂတသတ္တိ+ပုရေဇာတ အဝိဂတသတ္တိရ၏ဟု ဆိုရသည်သာ ထူး၏။

## အဗျာကတေန အကုသလံ

အဗျာကတေန ကုသလံအတိုင်းတွင် ပါဠိ၌ (အ)တိုး၍ဟော၊ အရကောက်၌ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသဟု ဆိုရသည်သာ ထူး၏၊ ပစ္စယနှင့်နိဿယ နှစ်ဝါရနဲ့သာ ဆိုင်တယ်။

အဗျာကတံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ။

အဗျာကတံ ဓမ္မံ နိဿာယ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝတ္ထုံ နိဿာယ အကုသလာ ခန္ဓာ။

အဗျာကတေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇနီး အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

နိဿယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ နိဿယသတ္တိ၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇနီး အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု၊ မရဏာသန္နအကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတ နိဿယသတ္တိ ရ၏၊ အတ္ထိ အဝိဂတကို နိဿယအတိုင်း ဆိုပါတော့။

## အဗျာကတေန ကုသလာဗျာကတံ

(ဗျာ-ကုဗျာ) (ဗျာ-အကုဗျာ)မှာလဲ ပစ္စယဝါရနှင့် နိဿယဝါရကိုဘဲ ဟောရမယ်။

အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ(နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

အဗျာကတံ ဓမ္မံ နိဿာယ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ဝတ္ထုံ နိဿာယ ကုသလာ ခန္ဓာ၊ မဟာဘူတေ နိဿာယ စိတ္တသမုဋ္ဌာနံ ရူပံ။

အဗျာကတေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏အရကား (စာမျက်နှာ (င)ကို ကြည့်ပါ) ဝုဋ္ဌော မနောဒွါရာဝဇ္ဇနီး အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကာမဝီသ၊ စေတသိက်အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ် ကောက်ပုံကို ဤသို့ မှတ်သားရမည်၊ (ဗျာ-ကုဗျာ) (ဗျာ-အကုဗျာ) တို့ကို ကြည့်လျှင် ပဒါဝသာန မှာ (ကုဗျာ) (အကုဗျာ)ဖြစ်၏၊ ပဋိစ္စဝါရ၏ (ကု-ကုဗျာ) (အကု-အကုဗျာ) တို့တွင်လည်း ပဒါဝသာနမှာ (ကုဗျာ) (အကုဗျာ) ပင်ဖြစ်၏၊ ထို့ကြောင့် ဤ၌ ပဋိစ္စဝါရ (ကု-ကုဗျာ) (အကု-အကုဗျာ) ဟိတ်ပါဌ်များအတိုင်းကောက် ရပေမည်။

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဌ်၏အရကား (စာမျက်နှာ-၉) အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် စေတီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

နိဿယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်း နာမက္ခန္ဓာစိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် စေတီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတနိဿယသတ္တိ၊ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ် စေတီသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိရ၏၊ (အတ္ထိနှင့်အဝိဂတတို့ကိုလည်း နိဿယအတိုင်းဆိုပါ)။

## အဗျာကတေန အကုသလာ ဗျာကတံ။

အဗျာကတေန အကုသလာ ဗျာကတံဟာလဲ အဗျာကတေန ကုသလာဗျာကတံသဘောအတိုင်းဘဲ ဖြစ်ပါတယ်။ ပါဌ်မှာ(အ)တိုးပြီး ဟောရမယ်၊အရကောက်မှာ အကုသိုလ် ဒွါဒသ စေတသိက် သတ္တဝီသလို ပြောင်းလဲကောက်ရုံပါဘဲ။

အဗျာကတံဓမ္မံ ပစ္စယာ အကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ဝတ္ထုံပစ္စယာ အကုသလာခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

အဗျာကတံဓမ္မံ နိဿာယ အကုသလောစ အဗျာကတောစ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ(နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ဝတ္ထုံ နိဿာယ အကုသလာခန္ဓာ၊ မဟာဘူတေ နိဿာယ စိတ္တသမုဋ္ဌာနံ ရူပံ။

အဗျာကတေန အကုသလာ ဗျာကတံ၌-အကုသလောစ အဗျာကတောစ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

နိဿယပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတနိဿယသတ္တိ။ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတနိဿယသတ္တိရ၏။ (အတ္ထိ၊ အဝိဂတဟိတ်ပါဌ်များလည်း နိဿယအတိုင်း။)

## ကုသလာဗျာကတေန ကုသလံ။

ကုသလာဗျာကတပဒမှာ သင်္ချာ ၃-ချက်ရှိတယ်။ (ကုဗျာ-ကု) (ကုဗျာ-ဗျာ)နှင့် (ကုဗျာ-ကုဗျာ) ဖြစ်တယ်။ ပဋိစ္စဝါရနှင့် သဟဇာတဝါရမှာ (ကုဗျာ-ဗျာ)သာရမယ်။ ပစ္စယဝါရနှင့် နိဿယဝါရမှာတော့ ဒီ ၃-ချက်လုံးရပါတယ်။ အကုသလာဗျာကတေန အကုသလံ အစရှိတဲ့ အကုသလာဗျာကတပဒမှာလဲ ကုသလာဗျာကတပဒလို သင်္ချာ ၃-ချက်ဘဲ ဖြစ်ပါတယ်။ ပါဌ်မှာ အ-တိုးဟောမှု၊ အရကောက်မှာ အကုသိုလ် ဒွါဒသလို ပြောင်းလဲကောက်မှုသာ ထူးတယ်။ ယခု ကုသလာဗျာကတေန ကုသလံအတွက် ပါဌ်၊ အရကောက်တွေကို ကောက်ပြပါမယ်။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယောခန္ဓာ၊ တယောခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကောခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ နိဿာယ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ နိဿာယ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ နိဿာယ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ နိဿာယ ဒွေ ခန္ဓာ။

ကုသလာဗျာကတေန ကုသလလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား စာမျက်နှာ (င-ကို ကြည့်ပါ) ကုသိုလ်စိတ် ၁၇ ဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကိုကောက်ရာ၌ ပဋိစ္စဝါရ (ကု-ကု) ဟိတ်ပါဌ်အတိုင်းမှာ ဘုံသတ်ပြီး ကောက်ပါ။ စာမျက်နှာ (ဇ)ကိုကြည့်။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ သတ္တိ ရ၏။

နိဿယပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သဟဇာတနိဿယ သတ္တိ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ် ကေဝီသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတ နိဿယသတ္တိ ရ၏။

အတ္ထိနှင့် အဝိဂတဟိတ်ပါဌ်သတ္တိတို့လည်း နိဿယဟိတ်ပါဌ်သတ္တိနှင့် တူ၏။

## ကုသလာဗျာကတေန အဗျာကတံ။

(ကုဗျာ-ဗျာ)ဟာ ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရအားဖြင့် လေးဝါရမှာ ရပါတယ်။ ပါဠိကိုတော့ လေးဝါရလုံးကို ဟောပြမယ်။ ကတ္တားကောက်ကို ပြီးလွယ်အောင် တချက်ထည်းနှင့် ကောက်ပြပါမယ်။ လေးဝါရကို ခွဲဆိုနိုင်တယ်။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ သဟဇာတော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယ ပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလေ ခန္ဓေ စ မဟာဘူတေ စ သဟဇာတံ စိတ္တသမုဋ္ဌာနံရူပံ။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ နိဿာယ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယ ပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ ကုသလေ ခန္ဓေ စ မဟာဘူတေ စ နိဿာယ စိတ္တသမုဋ္ဌာနံရူပံ။

ကုသလာဗျာကတေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား (စာမျက်နှာ (ဃ)ရှိ ဇယားကို ကြည့်ကောက်) ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ အစိတ်အပေါင်း မဟာဘုတ်ကို စွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား (ပဋိစ္စဝါရ၏ ကု-ဗျာအတိုင်း ကောက်ရမယ်၊ စာမျက်နှာ ဇ-ကိုကြည့်၊ နိဿယ အတ္ထိ အဝိဂတပစ္စည်းတို့၏ ဟိတ်ပါဌ်လည်း အတူတူပင်၊) စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်း အားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

## ကုသလာဗျာကတေန ကုသလာဗျာကတံ။

(ကုဗျာ-ကုဗျာ)၏ ပါဠိသည် (ကုဗျာ-ကု) နှင့် (ကုဗျာ-ဗျာ) ၂-ခု ပေါင်းရဲ့ ပါဠိပါဘဲ၊ ကတ္တားကောက်ကို လဲ ဇာမျက်နှာ ၄-အောက်ဆုံးကွက်ကို ကြည့်ပြီး ဆိုရပါလိမ့်မယ်။

ကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပစ္စယာ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ၊ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

ကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ နိဿာယ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ နိဿာယ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ နိဿာယ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ နိဿာယ ဒွေ ခန္ဓာ၊ ကုသလေ ခန္ဓေစ မဟာဘူတေ စ နိဿာယ စိတ္တသမုဋ္ဌာနံ ရူပံ။

ကုသလာဗျာကတေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏အရကား ကုသိုလ်စိတ်စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း၊ ဝုဋ္ဌောမနေဘဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာက္ခန္ဓာ မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို ကောက်ရာမှာ ပဋိစ္စဝါရ၏ (ကု-ကုဗျာ) အတိုင်း ကောက်ရမယ်။

သဟဇာတပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

နိဿယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား (ခုနက သဟဇာတသတ္တိလဲ ကောက်ရမယ်၊ ပုရေဇာတသတ္တိလဲ ကောက်ရမယ်၊ ပဋိစ္စဝါရ (ကု-ကုဗျာ)မှာ ဆိုခဲ့ပြီ၊)အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတနိဿယသတ္တိ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သောကုသိုလ် စေတသိအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတ နိဿယသတ္တိရ၏။

အတ္ထိ၊ အဝိဂတဟိတ်ပါဌ်သတ္တိသည် နိဿယဟိတ်ပါဌ်သတ္တိနှင့် တူ၏။

## အကုသလာဗျာကတေန အကုသလံ။

အကုသလာဗျာကတပဒ (၃) ချက်သည် ကုသလာဗျာကတပဒ (၃) ချက်နှင့် တူပါလိမ့်မယ်၊ ပါဠိမှာ အ-တိုး ဟောရမယ်၊ အရကောက်မှာ အကုသိုလ်ဒွါဒသ ကောက်ရုံပါဘဲ၊ အထက်ကလဲ ပြောခဲ့ပါပြီ၊ ဒီတော့ ပါဠိ ကတ္တား ကောက် ဟိတ်ပါဌ်တွေကို တောက်ရှောက် ဟောလိုက်ကြပါစို့။

အကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ အကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ။

အကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ နိဿာယ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ အကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ နိဿာယ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ နိဿာယ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ နိဿာယ ဒွေ ခန္ဓာ။

အကုသလာဗျာကတေန အကုသလံ၌- အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အကုသိုလ် စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း၊ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း

အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အဝိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတပစ္စယာ ဟူသော ပါဠိပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏သဟဇာတသတ္တိရ၏။

နိဿယပစ္စယာ ဟူသော ပါဠိပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတနိဿယသတ္တိ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ ပုရေဇာတ နိဿယသတ္တိ ရ၏။ (အတ္ထိ၊ အဝိဂတသည် နိဿယနှင့် တူ၏။)

### အကုသလာဗျာကတေန အဗျာကတံ။

အကုသလဥ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ အကုသလေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။

အကုသလဥ္စ အဗျာကတဉ္စ ဓမ္မံ သဟဇာတော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယ ပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ အကုသလေ ခန္ဓေ စ မဟာဘူတေ စ သဟဇာတံ စိတ္တသမုဋ္ဌာန ရူပံ။

အကုသလဥ္စ အဗျာကတဉ္စ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတပစ္စယာ (နိဿယ ပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ အကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ။

အကုသလဥ္စ အဗျာကတဉ္စ ဓမ္မံ နိဿာယ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတ ပစ္စယာ(နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)၊ အကုသလေ ခန္ဓေ စ မဟာဘူတေ စ နိဿာယ စိတ္တသမုဋ္ဌာနံ ရူပံ။

အကုသလာဗျာကတေန အဗျာကတံ၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အစိတ်အပေါင်း မဟာဘုတ်ကိုစွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတပစ္စယာဟူသော ပါဠိပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

(နိဿယပစ္စည်း၌ သဟဇာတ နိဿယသတ္တိ၊ အတ္ထိပစ္စည်း၌ သဟဇာတတ္ထိသတ္တိ၊ အဝိဂတပစ္စည်း၌ သဟဇာတ အဝိဂတသတ္တိရ၏ဟု ဆိုရသည်သာ ထူး၏။)

### အကုသလာဗျာကတေန အကုသလာဗျာကတံ။

(ကုဗျာ-ကုဗျာ)နည်းတူ ပစ္စယနှင့်နိဿယ ၂-ဝါရသာ ရ၏။ ပါဠိတွင် (ကုဗျာ-ကုဗျာ) အတိုင်း၌ အ-တိုး၍ ဟော၊ အရကောက်၌ အကုသိုလ်ဒွါဒသ၊ စေတသိက်သတ္တဝီသဟု ပြောင်းလဲဆို။

အကုသလဥ္စ အဗျာကတဉ္စ ဓမ္မံ ပစ္စယာ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ အကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ။ အကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ။

အကုသလဥ္စ အဗျာကတဉ္စ ဓမ္မံ နိဿာယ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ သဟဇာတ ပစ္စယာ (နိဿယပစ္စယာ) (အတ္ထိပစ္စယာ) (အဝိဂတပစ္စယာ)။ အကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ နိဿာယ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ နိဿာယ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ နိဿာယ ဒွေ ခန္ဓာ။ အကုသလေ ခန္ဓေ စ မဟာဘူတေ စ နိဿာယ စိတ္တသမုဋ္ဌာနံရူပံ။

အကုသလာဗျာကတေန အကုသလာဗျာကတံ၌ အကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ ဝတ္ထုဝ မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက်သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

နိဿယပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတ နိဿယသတ္တိ၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်ဒွါဒသအား တပ်သော ဝတ္ထုဝ မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္န အကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း တရားတို့၏ ပုရေဇာတနိဿယ သတ္တိရ၏။ (အတ္ထိ၊ အဝိဂတဟိတ်ပါဌ်ကို နိဿယနည်းတူကောက်။)

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄-ပစ္စည်းကို ပြဆိုပြီး၏။ ထို ၄-ပစ္စည်းတို့တွင် ပစ္စည်းတခုတခု၌ ဝါရ ၆-ပါးစီရသည်ကို သိပါ။ ပဋိစ္စဝါရနှင့် သဟဇာတဝါရတို့ တူ၏။ သင်္ချာ-နဝ-စီရ၏။ ပစ္စယဝါရနှင့်နိဿယဝါရတို့ တူ၏။ သင်္ချာ-သတ္တရသ-စီရ၏။ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့တူ၏။ နာမ်တရားသာရ၍ ရုပ်တရားများမရသဖြင့် သင်္ချာ-တီဏိ-စီရ၏။ ထိုသင်္ချာ-နဝ၊ သတ္တရသ၊ တီဏိ-တို့၏သရုပ်ကိုလည်း သိရမည်။

ပစ္စယဝါရ၏ နိဿယ တစ်ပစ္စည်းအတွက် ပါဠိ၊ ကတ္တားပုဒ်နှင့် ဟိတ်ပါဌ် သတ္တိတို့ကို သင်္ချာ သတ္တရသအရ ကျက်မှတ်လေ့ကျင့်ပါ။ သင်္ချာ-သတ္တရသ-အတွက်ပါဠိ၊ ကတ္တားပုဒ်၊ ဟိတ်ပါဌ်သတ္တိများကို ဟောတတ်လျှင် သင်္ချာ-နဝ-နှင့် တီဏိ-အတွက် အထူးကျက်မှတ်ဘွယ် မရှိပြီ။

ပါဠိ။ ။ပါဠိတော် ဟောရန် ဇယားကို စာမျက်နှာ (ဂ) ၌ ပြထားသည်။ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ ၄-ပစ္စည်း၏ ဝါရ ၆-ပါးလုံး ပါဠိများတူ၏။ အဖျားသတ် ပစ္စယသတ္တိကိုသာ ပစ္စည်းအား လျော်စွာ ဆိုရမည်။ ဥပမာ- သဟဇာတပစ္စည်းအတွက် သဟဇာတပစ္စယာ-ဟုဆို။ နိဿယပစ္စည်း၌ နိဿယပစ္စယာ၊ အတ္ထိပစ္စည်း၌ အတ္ထိပစ္စယာ၊ အဝိဂတပစ္စည်း၌ အဝိဂတပစ္စယာဟု ဆိုရသည်။

ဝါရအားလျော်စွာလည်း ပဋိစ္စဝါရ၌ ပဋိစ္စသဒ္ဒါ၊ သဟဇာတဝါရ၌ သဟဇာတသဒ္ဒါ၊ ပစ္စယဝါရ၌ ပစ္စယသဒ္ဒါ၊ နိဿယဝါရ၌ နိဿယသဒ္ဒါ၊ သံသဋ္ဌဝါရ၌ သံသဋ္ဌသဒ္ဒါ၊ သမ္ပယုတ္တဝါရ၌ သမ္ပယုတ္တသဒ္ဒါဖြင့် ဟောရမည်။ ဝါရအားလျော်စွာ ပါဠိများကို အထက်ကလည်း ရေးပြခဲ့ပြီ။

ကတ္တားပုဒ်။ ။ပဋိစ္စဝါရနှင့် သဟဇာတဝါရအတွက် ကတ္တားပုဒ်ကိုကောက်ရာ၌ စာမျက်နှာ(ဃ)ရှိ ဇယားအတိုင်းကောက်ပါ။ အခြားဇယား ကြည့်ဘွယ်မလို။ သင်္ချာ- နဝ- အတွက် ဖြစ်သည်။ ပစ္စယဝါရနှင့် နိဿယဝါရအတွက် ကတ္တားပုဒ်များကိုကောက်ရာ၌ စာမျက်နှာ (ဃ)နှင့် (င) ရှိ ဇယား ၂-ခုကို ပေါင်း၍ ကောက်ရမည်။ စာမျက်နှာ(ဃ)ရှိ ဇယားအရ သဟဇာတနိဿယအတွက်ကောက်၍၊ စာမျက်နှာ(င)ရှိ ဇယားအရ ပုရေဇာတနိဿယ အတွက် ကောက်ရမည်။ ၂-ခုပေါင်းလျှင် သင်္ချာ-သတ္တရသ၏ အရကောက် ဖြစ်လာမည်။ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရအတွက် ကတ္တားကောက်မှာ စာမျက်နှာ (ဃ)ရှိ ဇယားကိုပင် အသုံးပြုမည်။ (ကု-ကု) (အကု-အကု) တို့မှာ ပဋိစ္စဝါရအတိုင်းဖြစ်၍ မကူးပြီ။ (ဗျာ-ဗျာ)၌ သာလျှင် ရုပ်များမရသည်ကိုသိ၍ ပဝတ္တိတချက်၊ ပဋိသန္ဓေတချက် ကောက်ရသည်။

ဟိတ်ပါဌ်။ ။သင်္ချာ-နဝ-ရသော ပဋိစ္စဝါရနှင့် သဟဇာတဝါရ၏ သဟဇာတပစ္စည်းအတွက် ဟိတ်ပါဌ်ကို စာမျက်နှာ (ဇ)တွင် ပြထားသည့်အတိုင်း ကောက်ရသည်။ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတို့အတွက် သဟဇာတ နိဿယသတ္တိကို သဟဇာတပစ္စည်း၌ကောက်သည့်အတိုင်း ကောက်ရသည့်အပြင်၊ ပုရေဇာတ နိဿယဟိတ်ပါဌ်သတ္တိအတွက် စာမျက်နှာ (ဇ)နှင့် (ဈ)ရှိ နိဿယပစ္စည်း၌ ပြထားသည့်အတိုင်း ကောက်ရမည်။ သို့ဖြစ်ရာ နိဿယ အတ္ထိ အဝိဂတ

ပစ္စည်းတို့၏ ဟိတ်ပါဌ်၌ သဟဇာတနိဿယသတ္တိတချက်+ပုရေဇာတ နိဿာယသတ္တိတချက်ဟု ၂-ချက် ကောက်ရသည်ကို သတိပြုပါ။ ထို့ပြင် အထူးမှတ်ရန်မှာ အတ္ထိ အဝိဂတပစ္စည်း၏ ရုပ်သက်သက် ဟိတ်ပါဌ်၌ စာမျက်နှာ(၉)တွင် ပြထားသော သဟဇာတတ္ထိသတ္တိကိုကောက်ပြီးနောက် စာမျက်နှာ (၄)ရှိ အာဟာရနှင့် ဣန္ဒြိယပစ္စည်းမှ ရုပ်အာဟာရတ္ထိသတ္တိနှင့် ရူပဇီဝိတိန္ဒြိယ သတ္တိတို့ကိုလည်း ကောက်ရမည်။

ပဋိစ္စဝါရ၌ သင်္ချာ-နဝ-ရ၍ ပစ္စယဝါရနှင့် နိဿယဝါရ၌ သင်္ချာ သတ္တရသရခြင်းမှာ ဝတ္ထုကံများအတွက် ပိုလာခြင်းဖြစ်သည်။ ဝတ္ထုကံများမှာ ပဉ္စဝေါကာရဘုံ၌ ဆဝတ္ထုကိုမှီ၍ဖြစ်သော စိတ် ၈၅-ခုပင်တည်း။ပစ္စယုပ္ပန် နာမ်တရားများသာဖြစ်သည်။ (ဗျာ-ဗျာ)ဝတ္ထုကံကိုကောက်လျှင်(ဗျာ-ဗျာ)ပဝတ္တိ အကိုင်းတွင် အရူပဝိပါက် ၄-ခုကိုကြဉ်၍ နာမ်သာယူ၊ ဘုံသတ်။ (ဗျာ-ကု) (ကုဗျာ-ကု)ကို (ကု-ကု)အတိုင်း။ (ဗျာ-အကု) (အကုဗျာ-အကု)ကို (အကု-အကု)အတိုင်း။ (ဗျာ-ကုဗျာ) (ကုဗျာ-ကုဗျာ)ကို (ကု-ကုဗျာ)အတိုင်း။ (ဗျာ-အကုဗျာ)(အကုဗျာ-အကုဗျာ)ကို (အကု-အကုဗျာ)အတိုင်း ဘုံသတ်၍ ပဋိစ္စဝါရနည်းတူဆို။ သဟဇာတ,နိဿယ,အတ္ထိ,အဝိဂတပစ္စည်း ပြီးပါပြီ။

## ဟေတုပစ္စည်း

ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သဟိတ်စိတ်ကေသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားဘို့မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နယသို့ လိုက်၍ရင်း၊ ဝါရသို့လိုက်၍ရင်း၊ တိက်ပုဒ်၏အရသို့ လိုက်၍ရင်း၊ ကံ ကတ္တားနေဟန်သို့လိုက်၍ရင်း ဟေတုယာ နဝ-သတ္တရသ-တေဝီသဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ ။နဝ-ဟူသော်ကား စသည်ကို ပြခဲ့ပြီးအတိုင်း ဆိုပါ။

ဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မကို ကုသိုလ် အကုသိုလ် အဗျာကတအားဖြင့် သရုပ်ခွဲပါ၊ ကုသိုလ်မှာ ကုသိုလ်စိတ် ၃၇ကေဝီသ+စေတသိက် အဌတိံသရမယ်၊ အကုသိုလ်မှာ အကုသိုလ်ဒွါဒသ+မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသရမယ်၊ အဗျာကတကျတော့ သဟိတ်ဝိပါက် ကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ + စေတသိက် အဌတိံသ၊ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ရမယ်၊ ပဋိသန္ဓေစိတ်ကလဲ သဟိတ်ပဋိသန္ဓေ သတ္တရသ + စေတသိက် ၁ဥတိံသဘဲရမယ်၊ ဒီမှာသတိပြုရမှာက သဟဇာတပစ္စည်းမှာလို ဝိပါက်-၃၆ ကြိယာ-၂၀ မရဘူး၊အဟိတ်ဝိပါက် ၁၅-ခုနှင့် အဟိတ်ကြိယာ ၃-ခု မရဘူး၊ ရုပ်ကလဲသဟိတ် စိတ္တဇရုပ်နှင့် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်လို့ ၂-မျိုးဘဲရတယ်။

## ကုသလပဒ ကုသလေနကုသလံ။

ဟေတုပစ္စည်းမှာလဲ ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဌတိံသ၊ ကုသိုလ်စိတ္တဇရုပ် ရနေတော့ (ကု-ကု) (ကု-ဗျာ) (ကု-ကုဗျာ) ဒီ ၃-ချက်ကို ပဋိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရ နိဿယဝါရဆိုတဲ့ စတုဝါရမှာ ရမယ်၊ သံသဋ္ဌနှင့် သမ္ပယုတ္တဝါရမှာတော့ (ကု-ကု) တချက်ဘဲရမယ်၊ ဒီတော့ (ကု-ကု)ဟာ ဝါရ (၆)ပါးလုံးမှာ ရပါတယ်၊ ဟေတုပစ္စည်း၏ ကုသလေန ကုသလံအတွက် ပါဠိနှင့်ကတ္တားပုဒ်ဟာ ဟောမြဲပါဠိ၊ ကောက်မြဲကတ္တား ကောက်ပင်ဖြစ်ပါလိမ့်မယ်၊ ဒီနေရာမှာ မှတ်သားထားဘို့ ပြောလိုတာက ဟောမြဲပါဠိဆိုရင် ဝါရ (၆) ပါးလုံးအတွက် ကုသလေန ကုသလံပါဠိကို ဤစာအုပ် စာမျက်နှာ ၃-မှာ သဟဇာတပစ္စည်းတုန်းက ဟောခဲ့တဲ့အတိုင်းသိပါ၊သဟဇာတပစ္စယာအစား ဟေတုပစ္စယာလို့ ဆိုရရုံသာ ထူးပါတယ်၊ ကောက်မြဲကတ္တားကောက်ဆိုတာလဲ သဟဇာဘပစ္စည်းတုန်းက စာမျက်နှာ ၄-မှာ ကောက်ခဲ့တဲ့အတိုင်း ကောက်ရရုံပါဘဲ၊ အတူတူပါဘဲ၊ ဒီတော့ ပါဠိနှင့်ကတ္တားကောက်ကို ရေးမပြတော့ဘူး၊ ဒါပေမဲ့ ပစ္စည်းတိုင်းမှာ ပထမပါဠိကိုဟော၊ နောက်ပြီး ကတ္တားကောက်ကိုကောက်၊ ပြီးတော့ ဟိတ်ပါဌ်သတ္တိကို ကောက်၊ နောက်ထပ် မပြောတော့ဘူး၊ ဟောမြဲပါဠိ ၊ ကောက်မြဲကတ္တား ကောက်ဆိုရင် သိပါတော့၊ ဒီမှာလဲ ဟေတုပစ္စည်းအတွက် ပါဠိနှင့် ကတ္တားကောက်ကို ကောက်ပါ၊ ပြီးတော့ ဟိတ်ပါဌ်သတ္တိကို စာမျက်နှာ (၈) ကိုကြည့်ပြီး အောက်ပါအတိုင်း ဆိုပါ။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။ (ထိုနှစ်ပါးကို့တွင် ဆိုပြဲ")

### ကုသလေန အဗျာကတံ။

ဟောမြဲပါဠိ၊ ဤစာအုပ် စာမျက်နှာ ၅-တွင် ပြခဲ့ပြီ၊ ကောက်မြဲ ကတ္တားကောက်၊ ဤစာအုပ် စာမျက်နှာ ၆-တွင် ပြခဲ့ပြီ၊ ဟိတ်ပါဌ်သတ္တိကိုသာပြအံ့၊ ဤစာအုပ် စာမျက်နှာ (စ) ကိုကြည့်ပြီး အောက်ပါအတိုင်း ဆိုပါ။ (ကု-ဗျာ)သည် စတုဝါရသာ ရ၏။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကောဝီသ+ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။ (ထိုနှစ်ပါးတို့တွင် ဆိုမြဲ။)

### ကုသလေန ကုသလာဗျာကတံ။

ဟောမြဲ ပါဠိကို ဤစာအုပ် စာမျက်နှာ ၆-တွင် ပြခဲ့ပြီးအတိုင်း နည်းမှီ၍ ဟောပါ၊ ကောက်မြဲ ကတ္တား ကောက်ကိုလည်း ဤစာအုပ် စာမျက်နှာ ၇-တွင် ပြထားသည့်အတိုင်းပင်။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။ (ထိုနှစ်ပါးတို့တွင် ဆိုမြဲ။)

### အကုသလပဒ၊ အကုသလေန အကုသလံ။

ပါဠိက ဟောမြဲပါ၊ (ကု-ကု)ကို အတိုးဟောရရုံပါဘဲ၊ ကတ္တားပုဒ်ကောက်တဲ့အခါမှာ စာမျက်နှာ(ဃ) ရှိဇယားကိုဘဲ အသုံးပြုရပါတယ်၊ ဒီတော့ ကံပုဒ်ဘက်မှာ ရှိတာကို သူ့အတိုင်း ကောက်ပြီး ကတ္တားပုဒ်ဘက်မှာရှိတဲ့ တရားကို ကောက်တဲ့အခါမှာ 'စေ-၂၇'ကို 'မောဟမူဒွေ၌မောဟကြဉ်သော စေတသိက် သတ္တဝီသ' လို့ ဆိုရမယ်၊ ဒါကိုသတိပြုပါ၊ မောဟမူဒွေမှာ ယှဉ်တဲ့ မောဟကို ကြဉ်သော်လဲ စေတသိက် အရေအတွက်က မလျော့ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ လောဘမူနှင့် ဒေါသမူစိတ်မှာ ယှဉ်တဲ့ မောဟကိုရလို့ ဖြစ်ပါတယ်။

မောဟမူဒွေမှာရှိတဲ့ မောဟကို ဘာ့ကြောင့် ကြဉ်ရသလဲဆိုတော့ မောဟမူဒွေမှာ ယှဉ်တဲ့မောဟဟာ ပစ္စည်းသာ ဖြစ်၍ ပစ္စယုပ္ပန် မဖြစ်လို့ပါ၊ ဆဝါရမှာ ပစ္စယုပ္ပန်တရားကို ပဋ္ဌာနထား၍ ဟောကြောင်း ပြောခဲ့ပါပြီ၊ လောဘမူနှင့် ဒေါသမူစိတ်များမှာယှဉ်တဲ့ မောဟကတော့ ပစ္စည်းလဲထိုက် ပစ္စယုပ္ပန်လဲဆိုက်ပါတယ်၊ ဒါ့ကြောင့် လောဘမူနှင့် ဒေါသမူမှာယှဉ်တဲ့ မောဟကို မကြဉ်ရပါဘူး၊ ပါဠိက ဟောမြဲပါ၊ ကတ္တားပုဒ်ကို ကောက်ပြပါမယ်။

အကုသလေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တား ပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ အဝိက်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော (နှင့်တကွ ဖြစ်သော) (သဟဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော) (မှီ၍ဖြစ်သော) (နှီးနှော၍ဖြစ်သော)(ယှဉ်၍ဖြစ်သော) အကုသိုလ်စိတ် ဒွါဒသ + မောဟမူဒွေ၌ မောဟ ကြဉ်သော စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူ ဖြစ်အံ့ လောဘ မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ၊ မောဟမူဖြစ်အံ့ မောဟ၊ ဤဟိတ် ၁-ပါး ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

### အကုသလေန အဗျာကတံ။

(အကု-ဗျာ)၏ ပါဠိနှင့် ကတ္တားပုဒ်ဟာ (ကု-ဗျာ) အတိုင်းမှာ ပါဠိ၌ အ-တိုး ဟောပြီး ကတ္တားကောက်မှာ အကုသိုလ် ဒွါဒသ + စေတသိက် သတ္တဝီသ ကောက်ရရုံဘဲထူးတယ်၊ ဒီတော့ ဟောမြဲပါဠိ၊ ကောက်မြဲကတ္တားကောက်လို့ မှတ်ပါ၊ ဟိတ်ပါဌ်ဘဲ ကောက်ပြမယ်။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ မောဟမူဖြစ်အံ့ မောဟ၊ ဤဟိတ် ၁-ပါး ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

### အကုသလေန အကုသလာဗျာကတံ။

(အကု-အကုဗျာ)၏ ပါဠိနှင့်ကတ္တားပုဒ်ကို ကောက်ရင် ပါဠိကတော့ ဟောမြဲပါဘဲ၊ ကတ္တားကောက်မှာ မောဟမူဒွေက မောဟကို ကြဉ်ကောက်ရမယ်၊ (အကု-အကု) သဘောသွားအတိုင်းပါ။

အကုသလေန အကုသလာဗျာကတဲ၌ အကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေ ပဝတ္တိကာလနှစ်ပါးလုံး၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ် သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော) (မှီ၍ဖြစ်သော)အကုသိုလ်စိတ်ဒွါဒသ + မောဟ မူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရား ရ၏။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဋိသန္ဓေ ပဝတ္တိကာလနှစ်ပါး၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ၊ မောဟမူဖြစ်အံ့ မောဟ၊ ဤ ဟိတ် ၁-ပါး ၂-ပါး ပစ္စည်းတရားတို့၏ ဟေတု သတ္တိ ရ၏။

အဗျာကတပဒ၊ အဗျာကတေန အဗျာကတံ။

ဟေတုပစ္စည်း အဗျာကတေန အဗျာကတံမှာလဲ သဟဇာတပစ္စည်းမှာလို ပဝတ္တိ ပဋိသန္ဓေ ရုပ်သက်သက် ဝတ္ထု ကံလို ၄-မျိုးရပါတယ်၊ ဝတ္ထုကံကတော့ ပစ္စယဝါရနှင့် နိဿယဝါရအတွက်ပါ။

ပဝတ္တိ။ ။စတုဝါရဖြစ်တဲ့ ပဋိစ္စဝါရ သဟဇာတဝါရ ပစ္စယဝါရ နိဿယဝါရတို့၏ ပါဠိဟာ ဟောမြဲပါဠိ ပါဘဲ၊ ဤစာအုပ် စာမျက်နှာ ၉-မှာ ပြခဲ့ဘဲ့အတိုင်းကို "ဟေတုပစ္စယာ"လို့ ဆိုရုံပါဘဲ၊ ဟောပါတော့ ရေးမပြတော့ ဘူး၊ ကတ္တားကောက်မှာသာ သဟိတ်ဝိပါက် သဟိတ်ကြိယာ သဟိတ်စိတ္တဇရုပ် ရသည်ကို သတိပြုပါ။

အဗျာကတေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား (စာမျက်နှာ (ယ) ကို ကြည့်၍ နည်းမှီးကောက်မည်) သဟိတ်ဝိပါက် ကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ + စေတသိက် အဋ္ဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော) (မှီ၍ဖြစ်သော) သဟိတ်ဝိပါက် ကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စည်း၏ ဟိတ်ပါဌ်သတ္တိကို ကောရာ၌ ဤစာအုပ် စာမျက်နှာ (ဂ)ကိုကြည့်၍ အပြကောက်ရမယ်။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အား ရင်း တပ်သော သဟိတ်ဝိပါက် ကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိ သော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

ဒွေဝါရဖြစ်တဲ့ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့၏ ပါဠိဟာလဲ ဟောမြဲပါဠိပါ၊ ဤစာအုပ် စာမျက်နှာ ၁၀-မှာ ပြခဲ့တဲ့အတိုင်း "ဟေတုပစ္စယာ"လို့ ဆိုရုံပါဘဲ၊ ဟောပါတော့၊ ကတ္တားကောက်နှင့် ဟိတ်ပါဌ်သတ္တိကိုဘဲ ရေးပြမယ်။

အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား သဟိတ် ဝိပါက် ကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို နှီးနှော၍ ဖြစ်သော (ယှဉ်၍ဖြစ်သော) သဟိတ်ဝိပါက် ကေဝီသ၊သဟိတ်ကြိယာ သတ္တရသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော သဟိတ်ဝိပါက် ကေဝီသ၊ သဟိတ် ကြိယာ သတ္တရသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ် ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါးပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

ပဋိသန္ဓေ။ ။စတုဝါရအတွက် ပါဠိသည် ဟောမြဲ ပါဠိပါ၊ ဤစာအုပ် စာမျက်နှာ ၁၁-ကိုကြည့်၍ "ဟေတု ပစ္စယာ"လို့ ဟောပါတော့၊ ကတ္တားကောက်က သဟိတ်ပဋိသန္ဓေ သတ္တရသကို ကောက်ရမယ်။

အဗျာကတေန အဗျာကတံ၌ ပဋိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား သဟိတ် ပဋိသန္ဓေ သတ္တရသ + စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကိုစွဲ၍ ဖြစ်သော (နှင့်တကွဖြစ်သော) (သဟဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော) (မှီ၍ဖြစ်သော)သဟိတ်ပဋိသန္ဓေ သတ္တရသ + စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော သဟိတ်ပဋိသန္ဓေသတ္တရသ+စေတသိက် ပဥ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ် ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါးပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

ဒွေဝါရအတွက် ပါဋ္ဌိသည် ဟောမြဲ ပါဋ္ဌိပါ။ ဤစာအုပ် စာမျက်နှာ ၁၂-ကို ကြည့်၍ ဟေတုပစ္စယာလို့ ဟောပါ။

အဗျာကတေန အဗျာကတတံ၌ ပဋိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား သဟိတ်ပဋိသန္ဓေ သတ္တရသ+စေတသိက် ပဥ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို နှီးနှော၍ဖြစ်သော (ယှဉ်၍ဖြစ်သော) သဟိတ် ပဋိသန္ဓေ သတ္တရသ+စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား သမ္ပယုတ္တခန္ဓာအား တပ်သော သဟိတ် ပဋိသန္ဓေ သတ္တရသ + စေတသိက် ပဥ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသောဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

ရုပ်သက်သက်။ ။ဟေတုပစ္စည်းမှာ သဟိတ် စိတ္တဇရုပ်နှင့် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လို့(၈)·မျိုးသာ ရတယ်၊ ကျန်တဲ့ ရုပ် ၅-မျိုး မရဘူး၊ ရုပ် (၇)မျိုးအတွက် ပါဋ္ဌိထုတ်ပုံနှင့် ပတ်သက်ပြီး ဤစာအုပ် စာမျက်နှာ(၈)ရှိ ပါဋ္ဌိတော်ဇယားမှာ ၅-ကွက်ပြထားတာ တွေ့ပါလိမ့်မယ်၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်ရရင် ၁-၃-၂(မဟာဘူတေ) စသည် ပြထားတဲ့ ပဌမကွက်ကို ကြည့်ပြီး ဆိုရမယ်၊ ဗာဟိရရုပ်ရရင် ဒုတိယကွက်၊ အာဟာရဇရုပ်ရရင် တတိယကွက်၊ ဥတုဇရုပ်ရရင် စတုတ္ထကွက်၊ အသညသတ်ကမ္မဇရုပ်နှင့် ပဝတ္တိကမ္မဇရုပ်ရရင် ပဥ္စမကွက်ကိုကြည့်ပြီး ဆိုရမယ်၊ ဒီတော့ ယခု ဟေတုပစ္စည်းမှာ သဟိတ်စိတ္တဇရုပ်နှင့် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ရသဖြင့် ရုပ်သက်သက်လို့ပြထားတဲ့ ၅-ကွက်ထဲက ပထမဆုံး အကွက်ကိုသာဆိုပါ၊ ရုပ်သက်သက်ဟာ စတုဝါရနှင့်သာဆိုင်တယ်၊ ဒွေဝါရနှင့်မဆိုင်ဘူး၊ ပဋိစ္စဝါရအတွက် ပါဋ္ဌိက-

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေမဟာဘူတေ ပဋိစ္စ ဒွေမဟာဘူတာ၊မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ။

သဟဇာတဝါရအတွက် ပါဋ္ဌိက-

ဧကံမဟာဘူတံ သဟဇာတာ တယောမဟာဘူတာ၊ တယောမဟာဘူတေ သဟဇာတံ ဧကံမဟာဘူတံ၊ ဒွေမဟာဘူတေ သဟဇာတာ ဒွေမဟာဘူတာ၊ မဟာဘူတေ သဟဇာတံ စိတ္တသမုဋ္ဌာနံရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ။

ပစ္စယဝါရအတွက် ပါဋ္ဌိက-

ဧကံမဟာဘူတံ ပစ္စယာ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပစ္စယာ ဧကံမဟာဘူတံ၊ ဒွေမဟာဘူတေ ပစ္စယာ ဒွေမဟာဘူတာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ။

နိဿယဝါရအတွက် ပါဋ္ဌိက

ဧကံမဟာဘူတံ နိဿာယ တယောမဟာဘူတာ၊ တယောမဟာဘူတေ နိဿာယ ဧကံမဟာဘူတံ၊ ဒွေမဟာဘူတေ နိဿာယ ဒွေမဟာဘူတာ၊ မဟာဘူတေ နိဿာယ စိတ္တသမုဋ္ဌာနံရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ။

စာမျက်နှာ (၈)ရှိ ကတ္တားဂေါက်ဇယား ရုပ်သက်သက်မှာ ၃-ကွက်ခွဲပြီး ပြထားပါတယ်၊ ပထမကွက်က စိတ္တဇရုပ်၊ ဒုတိယကွက်က ပဋိသန္ဓေ ကမ္မဇရုပ်၊ တတိယကွက်မှာ ကျန်တဲ့ရုပ် ၅-မျိုးကို ပေါင်းပြီး ရေးပြထားတယ်၊ ဟေတုပစ္စည်းမှာ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်သာ ရတော့ ပထမနှင့် ဒုတိယကွက်ကိုသာ ကြည့်ရမယ်၊ဒါပေတဲ့သဟိတ်ဆိုင်ရာစိတ် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သာ ရသဖြင့် သဟိတ်လို့ပြင်ဆိုပါ။

ရုပ်သက်သက် ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇမဟာဘုတ်၊ ပဥ္စဝေါကာရသဟိတ် ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟအတူဥပါဒ်သော သဟိတ် ပဋိသန္ဓေကမ္မဇမဟာဘုတ်ကိုစွဲ၍ ဖြစ်သော (နှင့်တကွဖြစ်သော)(သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) ဘုတ်နှင့်တကွသော သဟိတ်စိတ္တဇ ဥပါဒါရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉှဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ စိတ္တက္ခဏ တခုတခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ လောဘမူဖြစ်အံ့ လောဘ မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ၊ မောဟမူဖြစ်အံ့ မောဟ၊ ဤဟိတ် ၁-ပါး ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတု သတ္တိရ၏။

ဝတ္ထုကံ။ ။ပစ္စယဝါရနှင့် နိဿယဝါရဖြင့်သာ ဆိုင်သည်၊ အထပ်ထပ်ပြောခဲ့ပြီ၊ ပါဠိတော်ဇယားမှာ ၂-ကွက် ပြထားတယ်၊ ပထမကွက်က ဒွေ ပဉ္စဝိညာဉ်နှင့် ဆိုင်တယ်၊ ဟေတုမှာ ဒွေ ပဉ္စဝိညာဉ် တဆယ်မရတော့ ပထမကွက်ကို မဟောရဘူး၊ ဒုတိယကွက်ကိုသာ ဟောရမယ်၊ ကတ္တားကောက်ကျတော့လဲ သဟိတ်ဝိပါက် သဟိတ်ကြိယာသာကောက် ရရုံပါဘဲ။

ပါဠိက- ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ-လို့ ပစ္စယဝါရမှာ ဟောရမယ်၊ ဝတ္ထုံ နိဿာယ ဝိပါကာ ဗျာကတာ ကြိယာဗျာကဘာ ခန္ဓာ-လို့ နိဿယဝါရမှာ ဟောရမယ်၊ ကတ္တားကောက်က စာမျက်နှာ (င) ကြည့်ပါ။

ဝတ္ထုကံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေ့စိတ္တက္ခဏတချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက် သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သဟိတ်ဝိပါက် သတ္တရသ၊ သဟိတ်ကြိယာ သတ္တရသ + စေတသိက် အဋ္ဌတိံသ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန် တရားရ၏။

ဟိတ်ပါဠ်သတ္တိက ပြောခဲ့ပြီးအတိုင်း (ဗျာ-ဗျာ) ပဝတ္တိနာမ် သက်သက်ကို အရူပဝိပါက်လေးခုကြဉ်၍ ဘုံသတ် ကောက်ရမယ်။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သဟိတ်ဝိပါက် သတ္တရသ၊ သဟိတ်ကြိယာ သတ္တရသ + စေတသိက် အဋ္ဌတ်သ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတု သတ္တိရ၏။

## အဗျာကတေန ကုသလံ။

ပါဠိကို ဟောမြဲ၊ ကတ္တားကောက်ကို ကောက်မြဲလို့မှတ်ပါ၊ ဒီတော့ ဤစာအုပ် စာမျက်နှာ-၁၄ သဟဇာတ ပစ္စည်းတုန်းက ဟောခဲ့တဲ့ ပါဠိမှာ "ဟေတုပစ္စယာ"လို့ ဆိုရရုံပါဘဲ၊ ကတ္တားကောက်ကတော့ သဟဇာတပစ္စည်းတုန်း က ကောက်ခဲ့တဲ့အတိုင်း အတူတူပါဘဲ၊ ဟိတ်ပါဠ်သတ္တိကလဲ မှာခဲ့ပြီးအတိုင်း (ကု-ကု) ဟိတ်ပါဠ်သတ္တိမှာ ဘုံသတ် ကောက်ပါ။

## အဗျာကတေန အကုသလံ။

ပါဠိက ဟောမြဲ ပါဠိအတိုင်းပါ၊ ဤစာအုပ် စာမျက်နှာ-၁၅ မှာ ဟောခဲ့တဲ့အတိုင်းမှာ "ဟေတုပစ္စယာ"လို့ ဆိုရရုံပါဘဲ၊ ကတ္တားကောက်ကျတော့ ပစ္စယုပ္ပန်ဘက်မှာ မောဟမူဒွေ၌ မောဟကိုကြဉ်ပြီး ကောက်ရမယ်၊ ဟိတ်ပါဠ် သတ္တိက ဟေတုပစ္စည်း (အကု-အကု) ဟိတ်ပါဠ် သတ္တိကို ဘုံသတ်ကောက်ပါ၊ ကတ္တားပုဒ်ကို ကောက်ပြဦးမယ်။

အဗျာကတေန အကုသလံ၌- အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ + မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ (အကု-အကု ဟိတ်ပါဠ်သတ္တိအတိုင်း ဘုံသတ်ကောက်ပါ)

## အဗျာကတေန ကုသလာဗျာကတံ။

ဟောမြဲပါဠိ၊ ကောက်မြဲကတ္တားကောက်၊ စာမျက်နှာ ၁၅-ကိုကြည့်၍ "ဟေတုပစ္စယာ"ဟု ပါဠိ၌ဆို၊ ကတ္တား ကောက် အထူးမရှိ၊ ဟိတ်ပါဠ်သတ္တိမှာ ဟေတုပစ္စည်း ကုသလေန ကုသလာဗျာကတံအတိုင်း ကောက်ရ၏။

အဗျာကတေန အကုသလာဗျာကတံ။

ဟောမြဲပါဠိ၊ စာမျက်နှာ ၁၆-ကိုကြည့်၍ ဟောတတ်လောက်ပြီ၊ ကတ္တားပုဒ်၌ ကောက်မြဲ၊ ကတ္တားပုဒ်၌ မောဟမူဒွေ၌ မောဟကို ကြဉ်ကောက်၊ ဟိတ်ပါဠိသတ္တိမှာ ဟေတုပစ္စည်း၏ (အကု-အကုဗျာ) ဟိတ်ပါဠိသတ္တိအတိုင်းပင် ဖြစ်၏။

ကုသလာဗျာကတေန ကုသလံ။

ဟောမြဲပါဠိ၊ ကောက်မြဲကတ္တားကောက်၊ စာမျက်နှာ-၁၆ နှင့် ၁၇-တွင် ပြခဲ့သည့်အတိုင်းဆိုပါ၊ ဟိတ်ပါဠိသတ္တိလည်း (ကု-ကု) အတိုင်းတွင် ဘုံသတ်ရှိသာ ထူးသည်။

ကုသလာဗျာကတေန အဗျာကတံ။

စာမျက်နှာ-၁၇ တွင် ပြထားသော ပါဠိနှင့် ကတ္တားကောက်များအတိုင်း ဆိုပါ၊ ဟေတုပစ္စယာ ပြောင်းဆိုရရှိသာထူးမည်၊ ဟိတ်ပါဠိသတ္တိကို ကောက်ပြအံ့။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဠိ၏ အရကား စိတ္တဇရုပ်အား တပ်သော ပဋိသန္ဓေဝါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

ကုသလာဗျာကတေန ကုသလာဗျာကတံ

ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက်ပင်ဖြစ်သည်၊ စာမျက်နှာ-၁၈ တွင်ကြည့်၍ဆိုပါတော့၊ ဟိတ်ပါဠိသတ္တိကိုလည်း (ကု-ကုဗျာ) ဟိတ်ပါဠိသတ္တိကောက် အတိုင်းပင် ဖြစ်၏။

အကုသလာဗျာကတေန အကုသလံ

ပါဠိဟောမြဲ၊ ကတ္တားပုဒ်၌ မောဟမူဒွေ၌ မောဟကြဉ်ရမည်၊ ကောက်ပြဦးအံ့။

အကုသလာဗျာကတေန အကုသလံ၌- အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း၊ ဝတ္ထုသမနေ ဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ + မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိကို (အကု-အကု) အတိုင်းတွင် ဘုံသတ်ကောက်။

အကုသလာဗျာကတေန အဗျာကတံ။

ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက်။ စာမျက်နှာ ၁၉-ကိုကြည့်ပါ။ ဟိတ်ပါဠိသတ္တိမှာ (အကု-ဗျာ)အတိုင်း ဆိုပါ။

အကုသလာဗျာကတေန အကုသလာဗျာကတံ။

ဟောမြဲပါဠိ။ စာမျက်နှာ ၁၉-ကိုကြည့်၍ ဟောတတ်လောက်ပြီ။ ကတ္တားပုဒ်ကို ကောက်ပြမည်။ ဟိတ်ပါဠိသတ္တိမှာ (အကု-အကုဗျာ)အတိုင်း ကောက်ရသည်။

အကုသလာဗျာကတေန အကုသလာဗျာကတံ၌ အကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ+စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း၊ ဝတ္ထုသမနေ ဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ+မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ မဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ (ဟိတ်ပါဠိသတ္တိကို ဆက်ကောက်။) ဟေတုပစ္စည်း ပြီး၏။

အာရမ္မဏာဒိ

အာရမ္မဏ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ၊ ဤ ၇-ပစ္စည်း၏ သုဒ္ဓသင်္ချာကို ပေါင်း၍ပြထားသည်။ ပစ္စယုပ္ပန်တရား အရတူ၍ ဖြစ်ပါသည်။ ထို ၇-ပစ္စည်း၏ ပါဠိနှင့် ကတ္တားကောက်များ အားလုံးတူသည်။ ဟိတ်ပါဠိသတ္တိကိုသာ ဆိုင်ရာပစ္စည်းအားလျော်စွာ ဆိုရပေမည်။

အာရမ္မဏ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ်တခု ယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် အာရမ္မဏ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတပစ္စည်း၏ ပစ္စယုပ္ပန္နမျှဖြစ်သော တရားကို မညီကုန်၏။ (ထို့ကြောင့် ထိုတရားတို့ကို စသည်ကိုဆိုပါတော့။ နောက်မဆိုတော့ပြီ။) အာရမ္မဏေတီဏိ၊ သတ္တ၊ တီဏိ။ အနန္တရေတီဏိ၊ သတ္တ၊ တီဏိ။ သမနန္တရေတီဏိ၊ သတ္တ၊ တီဏိ။ ဥပနိဿယေတီဏိ၊ သတ္တ၊ တီဏိ။ သမ္ပယုတ္တေတီဏိ၊ သတ္တ၊ တီဏိ။ နတ္ထိယာ တီဏိ၊ သတ္တ၊ တီဏိ။ ဝိဂတေ တီဏိ၊ သတ္တ၊ တီဏိ-ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။ တီဏိဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံဟူသည်တည်း။ ။သတ္တဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ၊ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ ကုသလာဗျာကတေန ကုသလံ၊ အကုသလာဗျာကတေန အကုသလံ-ဟူသည်တည်း။

ဤ ၇-ပစ္စည်းတို့၏ ပစ္စယုပ္ပန်တရားမှာ စိတ် ၈၉+ စေ ၅၂-ဖြစ်၏။ ကုသိုလ် အကုသိုလ် အဗျာကတ သရုပ်ခွဲလျှင် ကုသိုလ် ကာဝီသ+ စေတသိက် အဋ္ဌတိံသ။ အကုသိုလ်ဒွါဒသ+ စေတသိက် သတ္တဝီသ။ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ+ စေတသိက်အဋ္ဌတိံသ ရ၏။ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ဧကူနဝီသ+ စေတသိက် ပဉ္စတိံသ ရ၏။ ရုပ်တရားများ လုံးဝမရသည်ကို သိပါ။

ကုသလေန ကုသလံ။

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (အနန္တရပစ္စယာ) (သမနန္တရပစ္စယာ) (ဥပနိဿယပစ္စယာ) (သမ္ပယုတ္တပစ္စယာ) (နတ္ထိပစ္စယာ) (ဝိဂတပစ္စယာ)။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ၊ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

ဤပါဠိသည် ဟောမြဲပါဠိဖြစ်သည်။ သဟဇာတပစ္စည်းတုန်းက ပြခဲ့သည့်ပါဠိပင်ဖြစ်၏။ ဤ၌ ပဋိစ္စသဒ္ဒါဖြင့် ပဋိစ္စဝါရအတွက် ဆိုပြလိုက်ခြင်း ဖြစ်သည်။ ကျန် ၅-ဝါရကိုလည်း သဟဇာတပစ္စည်း၌ ဟောပြခဲ့သည့်အတိုင်း ဟောပါလေ။ ကတ္တားကောက်လည်းကောက်မြဲ ကတ္တားကောက်ပင်ဖြစ်သည်။ ဤစာအုပ်စာမျက်နှာ ၄-၌ ကောက်ပြခဲ့သည့် အတိုင်းကောက်ပါ။ အထူးမရှိ။

အာရမ္မဏပစ္စည်း၏ ဟိတ်ပါဌ်သတ္တိကို စာမျက်နှာ (၈) မှာ ပြထားပါတယ်။ ဒါပေမဲ့ တနည်းကား ကောက်တွေကိုကောက်တဲ့အခါမှာ စာမျက်နှာ (၁) ကို ကြည့်ရပါမယ်။ ကုသိုလ် ၂၁-အာရုံပြုတဲ့ စိတ်စေတသိက် ရုပ်နိဗ္ဗာန် ပညတ်ကို သင်္ဂြိုဟ်ကျမ်း ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟမှာ ပြဆိုခဲ့တဲ့အတိုင်း ဘယ်ကုသိုလ်ဟာ ဘယ်တရားတွေကို အာရုံပြုပုံကို အသေးစိတ်ပြဆိုခြင်းပါဘဲ။

အာရမ္မဏပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား ကုသိုလ် ကာဝီသအား တပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ်ရှစ်ဆဲ့ခုနစ်ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိရ၏။ (တနည်းကား ကောက်ရမယ်။ စာမျက်နှာ (၁) ကို ကြည့်ပါ။ အာရမ္မဏမျိုး ပစ္စည်းအကောက်ဇယားလို့ ရေးထားတယ်။ လက်ျာဘက်မှာ ပစ္စယုပ္ပန်-အာရမ္မဏိကကို ပြထားတယ်။ အဲဒါရဲ့အောက်မှာ ကုသိုလ်တရားတွေကို ရှောက်ပြီးရှာရမယ်။ အမှတ်စဉ် ၄-မှာ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်လေးမယ်။ သူ့ကိုဆိုရမယ်။ နောက်ပြီး အမှတ်စဉ် ၅။ အမှတ်စဉ် ၇-မှ ၁၂-အထိက အဘိညာဉ်တွေ။ ဒီမှာလဲ ကုသိုလ်အဘိညာဉ်တွေကို ယူရမယ်။ နောက်ပြီး အမှတ်စဉ် ၁၃၊၁၄၊၁၅-မှာပြထားတဲ့ ရူပါဝစရဈာန်တွေထဲက ကုသိုလ်ဈာန်တွေကို ရွေးပြီးဆိုရမယ်။ ၁၆-လဲ ကုသိုလ်ကိုဆို။ ၁၇-က ဝိညာဉ်ကုသိုလ်။ ၂၀-က ကုသိုလ်ကိုဆို။ ၂၁-က နေဝကုသိုလ်နှင့် ၂၂-က မဂ်ကုသိုလ်ကို ဆိုရမယ်။)

တနည်းကား။ ။မဟာကုသိုလ် ဉာဏဝိပ္ပယုတ်လေးခုအား တပ်သော လောကုတ္တရာ ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါး။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခုအား တပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါး။ ဒိဗ္ဗစက္ခုကုသိုလ် အဘိညာဉ်အား တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံ။ ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်အား တပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန် သဒ္ဒါရုံ။ ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်အား တပ်သော ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်၊ သတ သဟဿ စသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ၆-ပါး။ (စေတော၊ ပုဗ္ဗေ၊ အနာဂတံသကုသိုလ် အဘိညာဉ်တွေမှာ ခရေပွင့်ကလေးနှင့်ပြထားတဲ့အတိုင်း အရဟတ္တမဂ် အရဟတ္တဖိုလ်တွေကိုကြဉ်ပြီး ကောက်ရပါတယ်။) စေတော ပရိယကုသိုလ် အဘိညာဉ်အား တပ်သော

လွန်လေပြီးသော ၇-ရက်မှစ၍ လာလတံ့သော ၇-ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော သူတပါးတို့၏ အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ၅၂ ပညာသဟုဆိုအပ်သော ဓမ္မာရုံ။ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အား တပ်သော ပုဗ္ဗေ နိဝုဋ္ဌဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ၅၂ ပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာ ၅-ပါး။ ထိုခန္ဓာ ၅-ပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါး။ ယထာကမ္မုပဂ ကုသိုလ်အဘိညာဉ်အား တပ်သော အတိတ်ဖြစ်သော လောကီကုသိုလ် အကုသိုလ်ကံဟု ဆိုအပ်သော ဓမ္မာရုံ။ အနာဂတံသကုသိုလ် အဘိညာဉ်အား တပ်သော အနာဂတ်ဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ၅၂ ပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန် အမည်အမျိုးစသော ပညတ်ဟု ဆိုအပ်သောအာရုံ ၆-ပါး။ ရူပါဝစရ ပထမဈာန်ကုသိုလ်အား တပ်သော ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်။ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရတရား သုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၂၅-ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။ ရူပါဝစရ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ကုသိုလ်အား တပ်သော ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၁၄-ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ရူပါဝစရ ပဉ္စမဈာန် ကုသိုလ်အား တပ်သော ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၁၂-ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ (ရူပါဝစရ စိတ်တွေမှ ကုသိုလ်ဈာန်စိတ်လို့ ဆိုပါတယ်၊ ဝိပါက်ကြိယာစိတ်တွေကို ဗျာ-ဗျာကျမှ ဆိုပါလိမ့်မယ်၊ အရူပကုသိုလ်စိတ်တွေကို ဆက်ပြီး ဆိုရမယ်၊) အာကာသာနဉ္စာယတန ကုသိုလ်အား တပ်သော အာကာသသည် ကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ၊ ဝိညာဏဉ္စာယတနကုသိုလ်အား တပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ၊ အာကိဉ္စညာယတန ကုသိုလ်အား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်၏မရှိခြင်း နတ္ထိဘော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ၊ နေဝသညာ နာသညာယတနကုသိုလ်အား တပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ၊ မဂ်လေးခုအား တပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိရ၏။

## အကုသလေန အကုသလံ

ပါဠိက ဟောမြဲ၊ ကတ္တားကောက်ကလဲ ကောက်မြဲအတိုင်းပါဘဲ၊ ဟိတ်ပါဌ်သတ္တိကိုသာ ကောက်ပြပါမယ်၊ ဝါရ (၆)ပါးလုံးရမယ်၊ ဝါရ(၆)ပါးလုံး တူတယ်။

အာရမ္မဏပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အကုသိုလ်ဒွါဒသအား တပ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ၅၂ ပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိရ၏။

## အဗျာကတပဒ၊ ဗျာ-ဗျာ၊ ပဝတ္တိ။

ပါဠိတော် ဟောပုံက ရုပ်တွေမရ ် ဇိတ္တသမုဋ္ဌာနဉ္စရုပ်ကို မဟောရဘူး။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (အနန္တရပစ္စယာ)(သမနန္တရပစ္စယာ)(ဥပနိဿယပစ္စယာ) (သမ္ပယုတ္တပစ္စယာ) (နတ္ထိပစ္စယာ) (ဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ၊ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

အဗျာကတံ ဓမ္မံ သဟဇာတော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ(အနန္တရပစ္စယာ)(သမနန္တရပစ္စယာ) (ဥပနိဿယပစ္စယာ) (သမ္ပယုတ္တပစ္စယာ) (နတ္ထိပစ္စယာ) (ဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံခန္ဓံ သဟဇာတာ တယောခန္ဓာ၊ တယောခန္ဓေ သဟဇာတော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သဟဇာတာ ဒွေခန္ဓာ။

အဗျာကတံ ဓမ္မံ ပစ္စယာ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (အနန္တရပစ္စယာ) (သမနန္တရပစ္စယာ) (ဥပနိဿယပစ္စယာ) (သမ္ပယုတ္တပစ္စယာ) (နတ္ထိပစ္စယာ) (ဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပစ္စယာ တယောခန္ဓာ၊ တယော ခန္ဓေ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပစ္စယာ ဒွေ ခန္ဓာ။

အဗျာကတံ ဓမ္မံ နိဿာယ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (အနန္တရပစ္စယာ) (သမနန္တရပစ္စယာ) (ဥပနိဿယပစ္စယာ) (သမ္ပယုတ္တပစ္စယာ) (နတ္ထိပစ္စယာ) (ဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံခန္ဓံ နိဿာယ တယော ခန္ဓာ၊ တယော ခန္ဓေ နိဿာယ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ နိဿာယ ဒွေ ခန္ဓာ။

အဗျာကတံ ဓမ္မံ သံသဋ္ဌော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ (အနန္တရပစ္စယာ) (သမနန္တရပစ္စယာ) (ဥပနိဿယပစ္စယာ) (သမ္ပယုတ္တပစ္စယာ) (နတ္ထိပစ္စယာ) (ဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံခန္ဓံ သံသဋ္ဌာ တယောခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။

အဗျာကတံ ဓမ္မံ သမ္ပယုတ္တော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ၊ (အနန္တရပစ္စယာ)(သမနန္တရပစ္စယာ) (ဥပနိဿယပစ္စယာ) (သမ္ပယုတ္တပစ္စယာ) (နတ္ထိပစ္စယာ) (ဝိဂတပစ္စယာ)၊ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံခန္ဓံ သမ္ပယုတ္တာ တယောခန္ဓာ၊ တယောခန္ဓေ သမ္ပယုတ္တော ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သမ္ပယုတ္တာ ဒွေ ခန္ဓာ။

ကတ္တားကောက်မှာလဲ နာမ်ကိုသာ ကောက်ပါ၊ ရုပ်မရဘူး။

အဗျာကတေန အဗျာကတံ၌– ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကပ္ပားပုဒ်၏ အရကား ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ+စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော(နှင့်တကွဖြစ်သော) (သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော)(မှီ၍ဖြစ်သော)(နှီးနှော၍ဖြစ်သော)(ယှဉ်၍ဖြစ်သော)ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ်ဝီသ +စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အာရမ္မဏပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ်ဝီသအားတပ်သော စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ပညတ်ဟု ဆိုအပ်သော အာရုံ ၆–ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။

တနည်းကား ကောက်ကို စာမျက်နှာ (ခ)ကို ကြည့်ဆိုရမယ်၊ ပစ္စယုပ္ပန် (အာရမ္မဏိက) လို့ ပြထားတဲ့ဘက်က ဝိပါက်စိတ်တွေ ကြိယာစိတ်တွေကို ရွေးဆိုပါ။

တနည်းကား စက္ခုဝိညာဉ် ဒွေအား တပ်သော ပစ္စုပ္ပန်ရူပါရုံ။ (ပေယျာလဖော်ဆိုပါ) သောတဝိညာဉ်ဒွေအား တပ်သော ပစ္စယုပ္ပန်သဒ္ဒါရုံ။ ဃာနဝိညာဉ်ဒွေအား တပ်သော ပစ္စုပ္ပန်ဂန္ဓာရုံ။ ဇိဝှါဝိညာဉ်ဒွေအား တပ်သော ပစ္စုပ္ပန်ရသာရုံ။ ကာယဝိညာဉ်ဒွေအား တပ်သော ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ။ (ဒါက အမှတ်စဉ်–၁ ဒွေပဉ္စဝိညာဉ်တဆယ်၊ ပြီးတော့ အမှတ်စဉ် ၂–၃ စသည်ကို ဝိပါက်ကြိယာတွေ ရွေးဆိုပါ၊) မနောဓာတ် ၃–ခုအား တပ်သော ပစ္စုပ္ပန်ပဉ္စာရုံ။ တဒါရုံ ကောဒသ ဟသိတုပ္ပါဒ်အား တပ်သော ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အာရုံ ၆–ပါး။ (အမှတ်စဉ်–၄ က အဗျာကတဖြစ်တဲ့ မဟာကြိယာ ဉာဏဝိပ္ပယုတ်ကိုသာ ဆိုရမယ်) မဟာကြိယာ ဉာဏဝိပ္ပယုတ် စိတ်လေးခုအား တပ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော အာရုံ ၆–ပါး။ မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခုအား တပ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ပညတ်ဟု ဆိုအပ်သော အာရုံ ၆–ပါး။(အဘိညာဉ်ကိုဆိုရမယ်၊ အဗျာကတဆိုတော့ ကြိယာအဘိညာဉ်ကိုယူပါ၊) ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်အား တပ်သော ဒူရပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံ။ ဒိဗ္ဗသောတကြိယာအဘိညာဉ်အား တပ်သော ဒူရပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန် သဒ္ဒါရုံ။ ဣဒ္ဓိဝိဓကြိယာ အဘိညာဉ်အား တပ်သော ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန်၊သတသဟဿ စသော နိမ္မိတရုပ်ဟု ဆိုအပ်သော အာရုံ၆–ပါး။ စေတောပရိယကြိယာ အဘိညာဉ်အား တပ်သော လွန်လေပြီးသော (၇)ရက်မှစ၍ လာလတံ့သော (၇)ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော သူတပါးတို့၏ စိတ်တခု ယုတ်ကိုးဆယ် + စေတသိက် ဒွေ ပညာသဟု ဆိုအပ်သော ဓမ္မာရုံ။ ပုဗ္ဗေနိဝါသာနုဿတိကြိယာ အဘိညာဉ်အား တပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်တခုယုတ် ကိုးဆယ် + စေတသိက် ဒွေ ပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည် အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆–ပါး။ ယထာကမ္မုပဂကြိယာ အဘိညာဉ်အား တပ်သော အတိတ်ဖြစ်သော လောကီကုသိုလ် အကုသိုလ်ကံဟု ဆိုအပ်သော ဓမ္မာရုံ။ အနာဂတံသကြိယာ အဘိညာဉ်အား တပ်သော အနာဂတ်ဖြစ်သော စိတ်တခု ယုတ်ကိုးဆယ် + စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်၊အမည်အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆–ပါး။ (နောက်ပြီး ရူပအရူပဈာန် စိတ်တွေပါ) ရူပါဝစရ ပထမဈာန် ဝိပါက်ကြိယာအား တပ်သော ကသိုဏ်း ဆယ်ပါး၊ အသုဘ ဆယ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာ ဟူသော ဗြဟ္မဝိဟာရ

တရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၂၅-ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ရူပါဝစရ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ဝိပါက်ကြိယာအား တပ်သော ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာ ဟူသော ဗြဟ္မဝိဟာရတရား သုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၁၄-ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ရူပါဝစရပဉ္စမဈာန်ဝိပါက်ကြိယာအား တပ်သော ကသိုဏ်း ဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ ၁၂-ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ အာကာသာနဉ္စာယတနဝိပါက်ကြိယာအား တပ်သော အာကာသသည် ကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဉ္စာယတနဝိပါက်အား တပ်သော ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဉ္စာယတနကြိယာအား တပ်သော ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာ၊ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ အာကိဉ္စညာယတနဝိပါက်ကြိယာအား တပ်သော အာကာသာနဉ္စာယတနကုသိုလ်ကြိယာ၏ မရှိခြင်း နတ္ထိဘော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။ နေဝသညာ နာသညာယတန ဝိပါက်အား တပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ နေဝသညာ နာသညာယတန ကြိယာအား တပ်သော ဤဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကြိယာ၊ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော ဓမ္မာရုံ။ ဖိုလ်လေးခုအား တပ်သော နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံ။ ဤအာရုံ ၆-ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိ ရ၏။

## ပဋိသန္ဓေ

စာမျက်နှာ (ဂ)ပါဋ္ဌိတော်ဇယားမှာ ပဋိသန္ဓေနှင့်ပတ်သက်ပြီး ၃-ကွက် ပြထားတယ်။ စတုဝါရအတွက် ပထမနှင့် တတိယကွက်ကို ဟောရမယ်။ ဒွေဝါရမှာ ပထမကွက်တခုသာ ဟောရမယ်။ ဘေဒ္ဒတ္တာ စ ရူပံ-ကတော့ ရုပ်တရားဖြစ်လို့ မရဘူး။

ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿာယ) တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ (သဟဇာတော) (ပစ္စယာ) (နိဿာယ) ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿာယ) ဒွေ ခန္ဓာ။ ဝတ္ထုံ ပဋိစ္စ (သဟဇာတာ) (ပစ္စယာ) (နိဿာယ) ခန္ဓာ။

ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတံ ဧကံ ခန္ဓံ သံသဋ္ဌာ (သမ္ပယုတ္တာ) တယော ခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော (သမ္ပယုတ္တော) ဧကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ (သမ္ပယုတ္တာ) ဒွေ ခန္ဓာ။

စတုဝါရအတွက် ကတ္တားကောက်ကို ကောက်တဲ့ အခါမှာ ကံပုဒ်ဘက်မှာရှိတဲ့ ဂဏန်းကလေးတွေ အတွက် အစိတ်အစိတ် နာမက္ခန္ဓာ၊ ဝတ္ထုံက ဟဒယဝတ္ထုဖြစ်တယ်။ ကတ္တားပုဒ်ဘက်က ဂဏန်းကလေးတွေအတွက် အစိတ်အစိတ် နာမက္ခန္ဓာနှင့် "ခန္ဓာ"အတွက် အစိတ်အပေါင်းလို့ ဆိုရမယ်။

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား ပဋိသန္ဓေစိတ် ကျေနုဝိသ+စေတသိက် ပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော (နှင့်တကွဖြစ်သော)(သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော) (မှီ၍ဖြစ်သော) ပဋိသန္ဓေစိတ် ကျေနုဝိသ+စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဒွေဝါရအတွက် ကတ္တားကောက်မှာ ကံပုဒ်မှာရော ကတ္တားပုဒ်မှာရော အစိတ်အစိတ် နာမက္ခန္ဓာလို့ကောက်ရရုံပါဘဲ။ ပါဋ္ဌိသွားအတိုင်း ကောက်ရပါတယ်။

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေစိတ် ကျေနုဝိသ+စေတသိက် ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို နှီးနှော၍ဖြစ်သော (ယှဉ်၍ဖြစ်သော) ပဋိသန္ဓေစိတ် ကျေနုဝိသ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိကို စာမျက်နှာ(စ)ကို ကြည့်ကောက်ရမယ်။ တနည်းကား ကောက်တဲ့အခါမှာ စာမျက်နှာ (ခ) အာရမ္မဏမျိုးပစ္စည်း အကောက်ဇယားကိုဘဲ ကြည့်ကောက်ရလိမ့်မယ်။

အာရမ္မဏပစ္စယာဟူသော ဟိတ်ပါဠ်၏အရကား ပဋိသန္ဓေစိတ် ကျေနုဝိသအား တပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိရ၏။ ။တနည်းကား ကာမပဋိသန္ဓေ

တဆယ်အား တပ်သော မရဏာသန္နဇောသည် ဒွါရ ၆-ပါးတို့တွင် တပါးပါးဖြင့်ယူအပ်သော ပစ္စုပ္ပန် အတိတ်ဖြစ်သော ကာမစိတ် စေတပညာသ+စေတသိက် ၌ေ ပညာသ၊ ရုပ်အင္ဒြိယဟုဆိုအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါး။ ရူပါဝစရ ပဌမဈာန်ပဋိသန္ဓေအား တပ်သော မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော ကသိုဏ်းပညတ် ဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၏အာရုံဖြစ်သော ဆံအစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်-ဤ ၂၅-ပါးသော ပညတ် ကမ္မနိမိတ်။ ရူပါဝစရ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဋိသန္ဓေအား တပ်သော မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော ကသိုဏ်းပညတ်ဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရတရား သုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်-ဤ ၁၄-ပါးသောပညတ် ကမ္မနိမိတ်။ ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေအား တပ်သော မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်-ဤ ၁၂-ပါးသော ပညတ်ကမ္မနိမိတ်။ အာကာသာနဉ္စာယတန ပဋိသန္ဓေအား တပ်သော မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော အာကာသသည် ကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကိုခွါ၍ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်။ ဝိညာဏဉ္စာယတန ပဋိသန္ဓေအား တပ်သော မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ကမ္မနိမိတ်။ အာကိဉ္စညာယတန ပဋိသန္ဓေအား တပ်သော မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ကာလဝိမုတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်၏မရှိခြင်း နတ္ထိ ဘော ပညတ် ကမ္မနိမိတ်။ နေဝသညာ နာသညာယတန ပဋိသန္ဓေအား တပ်သော မနောဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ကမ္မနိမိတ် ပစ္စည်းတရားတို့၏ အာရမ္မဏသတ္တိရ၏။

(မှတ်ချက်။ ။ရူပါဝစရနှင့် အရူပါဝစရ ပဋိသန္ဓေစိတ်များ၏အာရုံကိုတနည်းကား ကောက်ပြရာ၌ စာမျက်နှာ ၂၉-နှင့် ဥပဒ၌ ကောက်ပြသော ဗျာ-ဗျာ၊ ပဝတ္တိတနည်းကား အရကောက်၏ဝိပါက် စိတ်များ၏ အာရုံအတိုင်းပင် ဖြစ်သည်ကို သိပါ။ ပဋိသန္ဓေစိတ်၏အာရုံမှာ မနောဒွါရိက မရဏာသန္နဇော၏ အာရုံဖြစ်ကြောင်း ဆိုရသည်သာ ထူးမည်။)

ဝတ္ထုကံ။ ။ဗျာ-ဗျာ၊ ဝတ္ထုကံသည် ပစ္စယာဝါရနှင့် နိဿယဝါရ၌သာ ဟောသည်။ ဤ၌ ဝတ္ထုကံအတွက် ပါဠိနှင့်ကတ္တားကောက်မှာ ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက်ဖြစ်၍ ဤစာအုပ် စာမျက်နှာ ၁၃-နှင့် ၁၄-တွင် ပြဆိုခဲ့သည့်အတိုင်း ဟောပါ။ အထူးမရှိပါ။ ဟိတ်ပါဠိ သတ္တိ၌လည်း နည်းပေးခဲ့သည့်အတိုင်း အာရမ္မဏပစ္စည်း (ဗျာ-ဗျာ)ပဝတ္တိ ဟိတ်ပါဠိသတ္တိတွင် အရူပဝိပါက်လေးခုကြဉ်၊ ဘုံသတ်၍ဆိုရမည်သာဖြစ်၏။ တနည်းကားကိုလည်း အရူပဝိပါက်ချန်၍ ဟောရမည်သာတည်း။

## ဗျာ-ကု စသည်။

သဉ်ျာသတ္တ ရသော ပစ္စယဝါရနှင့် နိဿယဝါရ၌(ဗျာ-ဗျာ)ဝတ္ထုကံကို ဟောရသည်သာမက၊ ဗျာ-ကု၊ ဗျာ-အကု၊ ကုဗျာ-ကု၊ အကုဗျာ-အကုတို့ကိုလည်း ဟောရသေး၏။ အာရမ္မဏ အနန္တရ အစရှိသော ဤ ၇-ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မတို့သည် စိတ် ၇၉+စေ ၅၂ ဖြစ်ရာ ကုသိုလ် အကုသိုလ် အဗျာကတသွဲ့လျှင် ကုသိုလ်စိတ် ၂၁+စေ ၃၈၊ အကုသိုလ်စိတ် ၁၂+စေ ၂၇၊ ဝိပါက် ၃၆၊ ကြိယာ ၂၀+စေ ၃၈-ပင်ဖြစ်၏။ ကို့ကြောင့် ဗျာ-ကု၊ ဗျာ-အကု၊ ကုဗျာ-ကု၊အကုဗျာ-အကုတို့အတွက် ပါဠိများ၊ ကတ္တားကောက်များမှာ ဟောမြဲ ကောက်မြဲပဲဟု မှတ်ပါ။ သဟဇာတပစ္စည်း၌ ဆိုခဲ့ပြီးအတိုင်း အာရမ္မဏပစ္စယာ စသည်ပြင်၍ ပါဠိ၌ဟော၊ ကတ္တားပုဒ်၌ အတူတူပင်။ ဟိတ်ပါဠိ သတ္တိ၌လည်း ဗျာ-ကု၊ ကုဗျာ-ကုကို ကု-ကုအတိုင်း ဘုံသတ်ကောက်။ ဗျာ-အကု၊ အကုဗျာ- အကုကို အကု-အကုအတိုင်း ဘုံသတ်ကောက်။ မထူးပြီဖြစ်၍ အကျယ်ရေးမပြတော့ပြီ။

အာရမ္မဏပြီး၏။

## အနန္တရ

အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ ဤ ၄-ပစ္စည်း၏ ပါဠိ၊ ကတ္တားကောက်အားလုံး တူပါတယ်။ အာရမ္မဏ ပစ္စည်းအတိုင်း ဟောရပါတယ်။ ဟိတ်ပါဠိ သတ္တိကို ဤစာအုပ် စာမျက်နှာ(ဆ)နှင့် တနည်းကား (ဗျာ-ဗျာ) ပဝတ္တိ ပဋိသန္ဓေအတွက် စာမျက်နှာ (ဏ)နှင့် (တ)မှာ ကြည့်ရပါလိမ့်မယ်။ ဒီတော့ ဒီ ၄-ပစ္စည်းအတွက် ပါဠိနှင့် ကတ္တားကောက်တွေကို သဟဇာတပစ္စည်းအတိုင်း ဟောမြဲ၊ ကောက်မြဲ ကောက်ပါ။ ဟိတ်ပါဠိတွေကို ရေးပြပါမယ်။

(ကု-ကု)ဟိတ်ပါဠိ။ ။အနန္တရပစ္စယာဟူသော ဟိတ်ပါဠိ၏အရကား နောက်နောက်သော ကုသိုလ် စေတသိက အား တပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း၊ အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသပစ္စည်း တရားတို့၏ အနန္တရသတ္တိရ၏။ ။တနည်းကား မဟာကုသိုလ် ပထမဇောအား တပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။ ဒုတိယဇောအား တပ်သော ပထမဇော။ တတိယဇောအား တပ်သော ဒုတိယဇော။ စတုတ္ထဇောအား တပ်သော တတိယဇော။ ပဉ္စမဇောအား တပ်သော စတုတ္ထဇော။ ဆဋ္ဌဇောအား တပ်သော ပဉ္စမဇော။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော။မဟဂ္ဂုတ်ကုသိုလ် သောမနဿလေးခု၊ မဂ်သောမနဿ ၁၆-ခုအား တပ်သော ဂေါတြဘူ ဝေါဒါန် ကိစ္စ တပ်သော မဟာကုသိုလ် ပထမဒွေ။ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅-ခု၊ မဂ်ဥပေက္ခာ ၄-ခုအား တပ်သော ဂေါတြဘူ ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် တတိယဒွေ။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ် ကုသိုလ်အား တပ်သော ရှေးရှေးသောဇောတူ မဟဂ္ဂုတ်ကုသိုလ် ပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။

(အကု-အကု)ဟိတ်ပါဠိ။ ။အနန္တရပစ္စယာဟူသော ဟိတ်ပါဠိ၏အရကား နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း၊ အဆုံးဇော ကြဉ်သော ရှေးရှေးသော အကုသိုလ် ဒွါဒသပစ္စည်းတရား တို့၏ အနန္တရသတ္တိရ၏။ ။တနည်းကား အကုသိုလ်ဒွါဒသ ပထမဇောအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း။ဒုတိယ ဇောအား တပ်သော ပထမဇော။ တတိယဇောအား တပ်သော ဒုတိယဇော။ စတုတ္ထဇောအား တပ်သော တတိယ ဇော။ ပဉ္စမဇောအား တပ်သော စတုတ္ထဇော။ ဆဋ္ဌဇောအား တပ်သော ပဉ္စမဇော။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော ပစ္စည်းတရားတို့၏ အနန္တရသတ္တိ ရ၏။

(ဗျာ-ဗျာ)ပဝတ္တိဟိတ်ပါဠိ။ ။(စာမျက်နှာ(ဇ)ကိုကြည့်ပါ။)ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ကြိယာအား တပ်သော အကုသိုလ်ဒွါဒသ လောကီကုသိုလ် သတ္တရသအဆုံးဇော၊ မဂ်လေးခု၊ ရဟန္တာတို့ စုတိ ကြဉ်သော ရှေးရှေးသော ဝိပါက်ကြိယာ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။ ။(တနည်းကား ကောက် အတွက် စာမျက်နှာ (ဏ) ကိုကြည့်ပြီး ပစ္စယုပ္ပန်ဘက်က ဝိပါက်ကြိယာ စိတ်တွေကို ရွေးဆိုရပါလိမ့်မယ်။ အမှတ်စဉ် ၁-မှ ၁၀-ကို ရတယ်။) ပထမဘဝင် နာမက္ခန္ဓာအား တပ်သော ပဋိသန္ဓေနာမက္ခန္ဓာ။ ဒုတိယအစရှိသော နောက်နောက် သော ဘဝင်နာမက္ခန္ဓာအား တပ်သော ပထမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာ။အာဝဇ္ဇန်းဒွေအား တပ်သော ပဉ္စဝေါကာရ ဘဝင်ုပစ္ဆေဒ ၁၅-ခု။ မနောဒွါရာဝဇ္ဇန်းအား တပ်သော အရူပဘဝင်ုပစ္ဆေဒ ၄-ခု။ ပဉ္စဝိညာဉ်အား တပ်သော ပဉ္စဒွါရာဝဇ္ဇန်း။ သမ္ပဋိစ္ဆိုင်းအား တပ်သော ပဉ္စဝိညာဉ်။ သန္တီရဏအား တပ်သော သမ္ပဋိစ္ဆိုင်း။ ဝုဋ္ဌော အား တပ်သော သန္တီရဏ။ ပရိတ္တာရုံဝီထိဖြစ်အံ့၊ ဒုတိယဝုဋ္ဌောအား တပ်သော ပထမဝုဋ္ဌော။ ပဉ္စဝေါကာရဘဝင် ၁၅-ခုအား တပ်သော ဒုတိယဝုဋ္ဌော။ (အမှတ်စဉ် ၁၁-နှင့် ၁၂-မှာ ကြိယာဇောဖြစ်တဲ့ ဟသိတုပ္ပါဒ် မဟာကြိယာဇော ကိုဘဲ ယူရမယ်။) အတိမဟန္တာရုံ မဟန္တာရုံ ဝိဘူတာရုံ အဝိဘူတာရုံဖြစ်အံ့ ဟသိတုပ္ပါဒ် မဟာကြိယာ ပထမဇောအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း။ ဒုတိယဇောအား တပ်သော ပထမဇော။ တတိယဇောအား တပ်သော ဒုတိယ ဇော။ စတုတ္ထဇောအား တပ်သော တတိယဇော။ ပဉ္စမဇောအား တပ်သော စတုတ္ထဇော။ ဆဋ္ဌဇောအား တပ်သော ပဉ္စမဇော။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော။ (အမှတ်စဉ် ၁၃-မှ ၁၉-ကို သူ့အတိုင်းရမယ်။) လောဘမူ မောဟမူ မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့. တဒါရုံဟောဒသ၊ မကျသည်ဖြစ်အံ့ ဘဝင်ကျေနဝီသအား တပ်သော လောဘမူ မောဟမူ မဟာကုသိုလ် အဆုံးဇော။ ဒေါသမူဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ ဥပေက္ခာ တဒါရုံ ၆-ခု၊မကျသည်ဖြစ်အံ့ ကာမဥပေက္ခာဘဝင် ၆-ခုအား တပ်သော ဒေါသမူအဆုံးဇော။ ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿတဒါရုံ ၅-ခု၊ မကျသည်ဖြစ်အံ့ ပဉ္စဝေါကာရတိဟိတ် ဘဝင် ၉-ခုအား တပ်သော ဟသိတုပ္ပါဒ်အဆုံးဇော။ မဟာကြိယာ သောမနဿဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿတဒါရုံ ၅-ခု၊ မကျ သည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသအား တပ်သော မဟာကြိယာ သောမနဿအဆုံးဇော။ မဟာကြိယာ ဥပေက္ခာ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာတဒါရုံ ၆-ခု၊ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသအား တပ်သော မဟာကြိယာ ဥပေက္ခာအဆုံးဇော။ ဒုတိယတဒါရုံအား တပ်သော ပထမတဒါရုံ။ ကာမဘဝင် ၁၀-အား တပ်သော

ဒုတိယတဒါရုံ။ (အမှတ်စဉ် ၂၀၊ ၂၁-မှာ ဖိုလ်တွေသာ ဆိုင်တယ်။) အောက်ဖိုလ် သောမနဿ ၁၂-ခုအား တပ်သော အနုလုံကိစ္စ တပ်သော မဟာကုသိုလ် ပထမဒွေ။ အောက်ဖိုလ် ဥပေက္ခာ ၃-ခုအား တပ်သော အနုလုံကိစ္စ တပ်သော မဟာကြိယာတတိယဒွေ။ (၂၂-၂၃·က သူ့အတိုင်းပါ) မဟဂ္ဂုတ်ကြိယာ သောမနဿ ၄-ခု အရဟတ္တဖိုလ် သောမနဿ ၄-ခုအား တပ်သော ဂေါတြဘူအနုလုံကိစ္စ တပ်သော မဟာကြိယာ ပထမဒွေ။ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ ၅-ခု အရဟတ္တဖိုလ် ဥပေက္ခာ ၁-ခုအား တပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သော မဟာကြိယာ တတိယဒွေ။ (၂၄-က ကြိယာသာယူရမယ်) သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာအား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ။ (၂၅-မှ ၃၇-အထိ သူ့အတိုင်းပါဘဲ။) ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုအား တပ်သော ရူပါဝစရ ကုသိုလ် ကြိယာအဆုံးဇော။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခု၊ အာကာသနဉ္စာယတနဘဝင်အား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်ကြိယာအဆုံးဇော။ ပဉ္စဝေါကာရတိဟိတ် ဘဝင် ၉-ခု၊ အာကာသာနဉ္စာယတနဘဝင် ဝိညာဏဉ္စာယတနဘဝင်အား တပ်သော ဝိညာဏဉ္စာယတန ကုသိုလ်ကြိယာ အဆုံးဇော။ ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉-ခု၊ အာကာသာနဉ္စာယတနဘဝင် ဝိညာဏဉ္စာယတနဘဝင် အာကိဉ္စညာယတန ဘဝင်အား တပ်သော အာကိဉ္စညာယတန ကုသိုလ်ကြိယာ အဆုံးဇော။ တိဟိတ်ဘဝင် တေရသ နိရောဓသမာပတ်မှ ထသော်အခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော နေဝသညာ နာသညာယတန ကုသိုလ်ကြိယာ အဆုံးဇော။ သောတာပတ္တိဖိုလ်အား တပ်သော သောတာပတ္တိမဂ်။ သကဒါဂါမိဖိုလ်အား တပ်သော သကဒါဂါမိမဂ်။ အနာဂါမိဖိုလ်အား တပ်သော အနာဂါမိမဂ်။ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ်။ နောက်နောက်သော ဖိုလ်လေးခုအား တပ်သော ရှေးရှေးသော ဇောတူ ဖိုလ်လေးခု။ တိဟိတ်ဘဝင် တေရသအား တပ်သော ဖိုလ်လေးခု အဆုံးဇော။ မရဏာသန္နအခါ တဒါရုံနောင်စုတိ ကျသည်ဖြစ်အံ့၊ ကာမစုတိ ၁၀-အား တပ်သော ဒုတိယတဒါရုံ။ အကုသိုလ်ဇောနောင် စုတိကျသည်ဖြစ်အံ့၊ ကာမ တိ ၁၀-အား တပ်သော အကုသိုလ် ပဉ္စမဇော။ မဟာကုသိုလ်ဇောနောင် စုတိကျသည်ဖြစ်အံ့၊ စုတိစိတ် ကျေနုဝိသအား တပ်သော မဟာကုသိုလ် ပဉ္စမဇော။ မဟာကြိယာ ဇောနောင် စုတိကျသည် ဖြစ်အံ့၊ တိဟိတ်စုတိ တေရသအား တပ်သော မဟာကြိယာ ပဉ္စမဇော။ဘဝင်နောင် စုတိကျသည်ဖြစ်အံ့၊စုတိစိတ် ကျေနုဝိသအား တပ်သော ဘဝင်ကျေနုဝိသ ပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။

ပဋိသန္ဓေအခါ ဟိတ်ပါဋ်။ ။အနန္တရပစ္စယာဟူသော ဟိတ်ပါဋ်၏ အရကား ပဋိသန္ဓေစိတ် ကျေနုဝိသအား တပ်သော စုတိစိတ် ကျေနုဝိသပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။ ။(တနည်းကားကို စာမျက်နှာ (တ)ကိုကြည့်ပြီး ဆိုရမယ်။) ကာမပဋိသန္ဓေ ၁၀-အား တပ်သော ဒွိဟိတ် အဟိတ်စုတိ ၆-ခု။ ပဋိသန္ဓေစိတ် ကျေနုဝိသအား တပ်သော ကာမတိဟိတ် စုတိလေးခု။ သဟိတ် ပဋိသန္ဓေ သတ္တရသအား တပ်သော ရူပစုတိ ၅-ခု။ကာမတိဟိတ် ပဋိသန္ဓေလေးခု၊ အရူပပဋိသန္ဓေ လေးခုအား တပ်သော အာကာသာနဉ္စာယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေလေးခု၊ ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာ နာသညာယတန ပဋိသန္ဓေအား တပ်သော ဝိညာဏဉ္စာယတန စုတိ။ ကာမတိဟိတ် ပဋိသန္ဓေလေးခု၊ အာကိဉ္စညာယတန နေဝသညာ နာသညာယတန ပဋိသန္ဓေအား တပ်သော အာကိဉ္စညာယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေ လေးခု၊ နေဝသညာ နာသညာယတန ပဋိသန္ဓေအား တပ်သော နေဝသညာ နာသညာယတန စုတိပစ္စည်းတရားတို့၏ အနန္တရသတ္တိရ၏။

ဗျာ-ဗျာ၊ ဝတ္ထုကံအတွက် ဟိတ်ပါဋ်သတ္တိကို အထပ်ထပ် ပြောခဲ့ပြီးအတိုင်း ဗျာ-ဗျာ ပဝတ္တိဟိတ်ပါဋ်သတ္တိ ကိုကြည့်၍ အရူပဝိပါက်ကြဉ်ပြီး ဘုံသတ်ဆိုရပါမယ်၊ ဗျာ-ကု၊ ကုဗျာ-ကုကို ကု-ကုအတိုင်း ဘုံသတ်ဆို၊ ဗျာ-အကု၊ အကုဗျာ-အကုကိုလဲ အကု-အကုအတိုင်းမှာ ဘုံသတ်၍ ဆိုရရုံပါဘဲ၊ ဒီတော့ အနန္တရပြီးပါပြီ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ ဟိတ်ပါဋ်တွေလဲ အနန္တရနှင့် အတူတူဘဲ ဖြစ်ပါတယ်၊ တနည်းကားတွေပါဆိုရင်လဲ အတူတူပါဘဲ။

## ဥပနိဿယ

ဥပနိဿယပစ္စည်း၏ သုဒ္ဓသဲချာဟာ အာရမ္မဏနှင့်အတူတူဖြစ်လို့ အာရမ္မဏတုန်းကပေါင်းပြီးဆိုခဲ့တယ်၊ဥပနိဿယ ဟာ အာရမ္မဏပစ္စည်းနှင့် ပါဠိကတ္တားကောက် အားလုံးတူတယ်၊ ဒီတော့ ဟိတ်ပါဋ် သတ္တိကိုသာ ပြောပြပါမယ်၊ စာမျက်နှာ (ဈ) မှာ ပြထားဘယ်၊ ဥပနိဿယဟာ အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယလို့ ၃-မျိုး ရှိတယ်၊ အာရမ္မဏူပနိဿယ သတ္တိသည် အာရမ္မဏာဓိပတိသတ္တိနှင့် တူ၏၊ အနန္တရူပနိဿယသတ္တိသည် အနန္တရသတ္တိနှင့် တူ၏၊ ဒီ ၂-မျိုးအတွက် စာမျက်နှာ (ဈ)မှာ ရေးမပြဘဲ အာဓိအတိုင်းကောက်၊ အနန္တရအတိုင်း ကောက်လို့မှာထား ပါတယ်၊ ဒီတော့ အာရမ္မဏူပနိဿယသတ္တိကို စာမျက်နှာ (ဆ)မှာ ကြည့်ပြီး ကောက်ရမယ်၊ အဓိပတိပစ္စည်း၏ဟိတ်ပါဋ် သတ္တိ အာဓိကို ကြည့်ကောက်ရမယ်၊ အနန္တရူပနိဿယဟိတ်ပါဋ် သတ္တိကတော့ အနန္တရပစ္စည်းတုန်းက ကောက်ခဲ့တဲ့

အတိုင်း ဒီမှာထပ်ဆိုရမယ်၊ ပကတူပနိဿယသတ္တိကို စာမျက်နှာ (ဈ)မှာ ရေးပြထားတဲ့အတိုင်း ဆိုရရုံပါဘဲ၊ ဗျာ-ဗျာ၊ ပဝတ္တိနှင့် ပဋိသန္ဓေမှာ ဗလဝနာနာက္ခဏိကကမ္မသတ္တိလဲ ရပါတယ်၊ သူ့ကိုဆိုင်ရာကျတော့ တနည်းကားနှင့်တကွကောက်ပြပါမယ်၊ ယခု ကု-ကု အတွက် ဟိတ်ပါဋ္ဌ်သတ္တိကို ကောက်ပြပါမယ်၊ စာမျက်နှာ(ဿ)ကစပြီး ကြည့်ကောက်ပါ။

ကု-ကု။ ။ဥပနိဿယပစ္စယာ ဟူသော ဟိတ်ပါဋ္ဌ်၏ အရကား အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ၊ အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအား တပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ် ဝီသ၊ အောက်ဖိုလ် ၃-ခု၊ နိဗ္ဗာန်၊ မဂ်လေးခုအား တပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏူပနိဿယသတ္တိ၊ (အာဓိလို ပြထားတာကို ဒီမှာ အာရမ္မဏူပနိဿယလို့ ဥပနိဿယအသံနှင့် ဆိုပါတယ်၊ နောက်ပြီး အနန္တရူပနိဿယအတွက် ဒီစာမျက်နှာ (ဆ)မှာဘဲ အနန္တရပစ္စည်းတုန်းက ဆိုခဲ့တဲ့အတိုင်း အနန္တရူပနိဿယသတ္တိလို့ဆိုရမယ်၊) နောက်နောက်သော ကုသိုလ်ကေဝီသအား တပ်သော ဝုဋ္ဌာမနောဒ္ဒါရာဝဇ္ဇန်း၊အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ ပစ္စည်းတရားတို့၏ အနန္တရရူပနိဿယသတ္တိ၊ (တနည်းကားလို အနန္တရတုန်းကဆိုခဲ့တဲ့အတိုင်း ဆက်ဆိုပါတော့၊ နောက်ပြီး ပကတူပနိဿယအတွက် စာမျက်နှာ (ဈ) ကို ကြည့်ပါ၊) နောက်နောက်သော ကုသိုလ်ကေဝီသအား တပ်သော ဗလဝဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော ပကတူပနိဿယသတ္တိ ရ၏၊ (ကု-ကုပြီးတော့ အကု-အကုပါ၊ စာမျက်နှာ (ဆ)နှင့် (ဈ)ဘဲ ကြည့်ရပါမယ်။)

အကု-အကု။ ။ဥပနိဿယပစ္စယာ ဟူသော ဟိတ်ပါဋ္ဌ်၏ အရကား အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ်ကာယဝိညာဉ် ကြဉ်သော လောကီစိတ် ၇၆ + ဒေါစတုက် ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ ဤအာရုံ ၆-ပါး ပစ္စည်းတရားတို့၏ အာရမ္မဏူပနိဿယသတ္တိ၊ နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌောမနောဒ္ဒါရာဝဇ္ဇန်း၊ အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသ ပစ္စည်းတရားတို့၏ အနန္တရူပနိဿယသတ္တိ၊ (တနည်းကားကို အနန္တရတုန်းက အတိုင်း ဆက်ကောက်ပါ၊) နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဗလဝဖြစ်သော လောကီစိတ် ကောသီတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ ရ၏။

ဗျာ-ဗျာ၊ ပဝတ္တိအတွက် အာရမ္မဏူပနိဿယသတ္တိကို စာမျက်နှာ (ဆ)ရှိ အာဓိအတိုင်း၊ အနန္တရူပနိဿယသတ္တိကို စာမျက်နှာ (ဇ)ရှိ အနန္တရအတိုင်း၊ တနည်းကားပါ၊ ပကတူပနိဿယသတ္တိကို စာမျက်နှာ(ဈ)ရှိ အတိုင်း၊ ဗလဝနာနာက္ခဏိကကမ္မကိုလဲ တနည်းကားနှင့်တကွ ဆက်ကောက်။

ဗျာ-ဗျာ၊ ပဝတ္တိ။ ။ဥပနိဿယပစ္စယာ ဟူသော ဟိတ်ပါဋ္ဌ်၏ အရကား အလေးအမြတ်ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်၊ ဖိုလ်လေးခုအား တပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံပစ္စည်းတရားတို့၏ အာရမ္မဏူပနိဿယသတ္တိ၊ ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ကြိယာအား တပ်သော အကုသိုလ် ဒွါဒသ လောကီကုသိုလ်သတ္တရသအဆုံးဇော၊ မဂ်-၄၊ ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော ဝိပါက်ကြိယာ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အနန္တရူပနိဿယသတ္တိ၊ (တနည်းကားကို အနန္တရတုန်းက ဆိုခဲ့ပြီးအတိုင်း ဆိုပါတော့၊) နောက်နောက်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသအား တပ်သော ဗလဝဖြစ်သော စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော ပကတူပနိဿယသတ္တိ၊ ဝိပါက်စိတ် ဆတ္တိံသအား တပ်သော အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာပစ္စည်းတရားတို့၏ ဗလဝနာနာက္ခဏိကကမ္မသတ္တိရ၏၊ (တနည်းကားကို ဆိုရမယ်၊ စာမျက်နှာ (တ)ကိုကြည့်ပါ၊ နာနာက္ခဏိကကမ္မတနည်းကား အကောက်ဇယားလို့ ပြထားပါတယ်၊ ဇယားမှာ ပစ္စည်း ပစ္စယုပ္ပန်ဟူ၍ရှိရာ ပစ္စယုပ္ပန်ဘက်မှာရှိတဲ့ ဝိပါက်နာမ်တရားတွေကိုသာ ဆိုရမယ်၊ ရုပ်တရားတွေကို ချန်ပစ်ခဲ့ပါ၊ ဇယားရဲ့အောက်ဆုံးမှာလဲ အမှာစကားရေးထားပါတယ်၊ ဘာ့ကြောင့်လဲဆိုရင် ယခုဟောမည့် နာနာက္ခဏိကကမ္မဟာ ပကတူပနိဿယမျိုးဖြစ်လို့ပါ၊ ကမ္မမျိုး သီးခြားဖြစ်တဲ့ ဗလဝနာနာက္ခဏိကကမ္မကျတော့ ကဋတ္တာရုပ်တွေပါ ရပါလိမ့်မယ်။)

တနည်းကား အဟိတ် အကုသလဝိပါက် ခုနစ်ခုအား တပ်သော အကုသိုလ် ဒွါဒသစေတနာ၊ အဟိတ်ကုသလဝိပါက် ရှစ်ခု မဟာဝိပါက်ရှစ်ခု နာမက္ခန္ဓာအား တပ်သော တိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ၊ အဟိတ်ကုသလဝိပါက်ရှစ်ခု မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခု နာမက္ခန္ဓာအား တပ်သော တိဟိတ် ဩမက ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ၊ အဟိတ်ကုသလ ဝိပါက်ရှစ်ခု နာမက္ခန္ဓာအား တပ်သော ဒွိဟိတ်ဩမက မဟာကုသိုလ်စေတနာ၊ ပထမစျာန်

ဝိပါက် နာမက္ခန္ဓာအား တပ်သော ရူပပထမဈာန် ကုသိုလ်စေတနာ၊ ဒုတိယဈာန်ဝိပါက် နာမက္ခန္ဓာအား တပ်သော ရူပဒုတိယဈာန် ကုသိုလ်စေတနာ၊ တတိယဈာန်ဝိပါက် နာမက္ခန္ဓာအား တပ်သော ရူပတတိယဈာန် ကုသိုလ်စေတနာ၊ စတုတ္ထဈာန် ဝိပါက် နာမက္ခန္ဓာအား တပ်သော ရူပစတုတ္ထဈာန် ကုသိုလ်စေတနာ၊ ပဉ္စမဈာန်ဝိပါက် နာမက္ခန္ဓာအား တပ်သော ရူပပဉ္စမဈာန် ကုသိုလ်စေတနာ၊ အာကာသာနဉ္စာယတနဝိပါက် နာမက္ခန္ဓာအား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်စေတနာ၊ ဝိညာဏဉ္စာယတနဝိပါက် နာမက္ခန္ဓာအား တပ်သော ဝိညာဏဉ္စာယတနကုသိုလ်စေတနာ၊ အာကိဉ္စညာယတန ဝိပါက် နာမက္ခန္ဓာအား တပ်သော အာကိဉ္စညာယတန ကုသိုလ်စေတနာ၊ နေဝသညာနာသညာယတန ဝိပါက်နာမက္ခန္ဓာအား တပ်သော နေဝသညာနာသညာယတန ကုသိုလ်စေတနာ၊ သောတာပတ္တိဖိုလ်အား တပ်သော သောတာပတ္တိမဂ်စေတနာ၊ သကဒါဂါမိဖိုလ်အား တပ်သော သကဒါဂါမိမဂ်စေတနာ၊ အနာဂါမိဖိုလ်အား တပ်သော အနာဂါမိမဂ်စေတနာ၊ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ်စေတနာ ပစ္စည်းတရားတို့၏ ဗလဝနာနာက္ခဏိကကမ္မသတ္တိ ရ၏။

ပဋိသန္ဓေအခါ ဟိတ်ပါဋ်သတ္တိကို ကောက်ရင် အနန္တရူပနိဿယသတ္တိ၊ ပကတူပနိဿယသတ္တိနှင့် ဗလဝနာနာက္ခဏိကကမ္မသတ္တိလို့ ၃-ချက်ကောက်ရမယ်၊ အနန္တရူပနိဿယသတ္တိကို အနန္တရပစ္စည်းတုန်းက ကောက်ခဲ့တဲ့အတိုင်း တနည်းကားနှင့်တကွ ကောက်ပါ၊ အတူတူပါဘဲ။

ဗျာ-ဗျာ၊ ပဋိသန္ဓေအခါ။ ။ဥပနိဿယပစ္စယာ ဟူသော ဟိတ်ပါဋ်၏ အရကား ပဋိသန္ဓေစိတ် ကျေနပ်သအား တပ်သော စုတိစိတ် ကျေနပ်သ ပစ္စည်းတရားတို့၏ အနန္တရူပနိဿယသတ္တိ၊ (တနည်းကားကို ဆိုပါတော့)၊ပဋိသန္ဓေစိတ် ကျေနပ်သအား တပ်သော ဗလဝဖြစ်သော လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ် ပစ္စည်းတရားတို့၏ ပကတူပနိဿယသတ္တိ၊ ပဋိသန္ဓေစိတ် ကျေနပ်သအား တပ်သော ဥဒ္ဒစ္စစေတနာ ကြဉ်သောအကုသိုလ်စေတနာ ၁၁-ခု၊ လောကီကုသိုလ်စေတနာ ၁၇-ခု ပစ္စည်းတရားတို့၏ ဗလဝနာနာက္ခဏိကကမ္မသတ္တိ ရ၏၊ (တနည်းကား အတွက် စာမျက်နှာ (တ)ရှိ ဇယားကိုဘဲကြည့်ပြီး စိတ်၃၆ထဲက ပဋိသန္ဓေကိစ္စတပ်တဲ့ ပဋိသန္ဓေစိတ် ၁၉-ခုကို ရွေးဆိုရပါမယ်။)

တနည်းကား-ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေနာမက္ခန္ဓာအား တပ်သော ဥဒ္ဒစ္စစေတနာ ကြဉ်သော အကုသိုလ်စေတနာ ၁၁-ခု။ (ဇယားအမှတ်စဉ် ၁-ကို ပြင်ဆိုပါတယ်။ အကုသလဝိပါက် ၇-ခုထဲက ဥပေက္ခာသန္တီရဏဟာ ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေကိစ္စ တပ်ပါတယ်။ ဥဒ္ဒစ္စစေတနာကြဉ်တဲ့ အကုသိုလ်စေတနာ ၁၁-ခုက ပစ္စည်းတရားဖြစ်ပါတယ်။ကျန်ပဋိသန္ဓေ စိတ်တွေကိုလဲ ဒီသဘောအတိုင်း ယူပါ။) ကာမတိဟိတ် ပဋိသန္ဓေလေးခု နာမက္ခန္ဓာအား တပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။ဒွိဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာလေးခုအား တပ်သော တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။ သုဂတိအဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ဒွိဟိတ်ဩမက မဟာကုသိုလ်စေတနာ။ ပထမဈာန် ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ပထမဈာန် ကုသိုလ်စေတနာ။ ဒုတိယဈာန် ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ဒုတိယဈာန် ကုသိုလ်စေတနာ။ တတိယဈာန် ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော တတိယဈာန် ကုသိုလ်စေတနာ။ စတုတ္ထဈာန် ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော စတုတ္ထဈာန် ကုသိုလ်စေတနာ။ ပဉ္စမဈာန် ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ပဉ္စမဈာန် ကုသိုလ်စေတနာ။ အာကာသာနဉ္စာယတန ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော အာကာသာနဉ္စာယတန ကုသိုလ်စေတနာ။ ဝိညာဏဉ္စာယတန ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ဝိညာဏဉ္စာယတန ကုသိုလ်စေတနာ။ အာကိဉ္စညာယတန ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော အာကိဉ္စညာယတန ကုသိုလ်စေတနာ။ နေဝသညာနာသညာယတန ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော နေဝသညာ နာသညာယတန ကုသိုလ်စေတနာ ပစ္စည်းတရားတို့၏ ဗလဝနာနာက္ခဏိက ကမ္မသတ္တိရ၏။

ဗျာ-ဗျာ၊ ဝတ္ထုကံ။ ဗျာ-ကု။ ဗျာ-အကု၊ ကုဗျာ-ကု။ အကုဗျာ-အကုတွေကို အထက်က မှာခဲ့ပြီးအတိုင်း ကောက်ပါတော့။

## သမ္ပယုတ္တ။

သမ္ပယုတ္တပစ္စည်း၏ ပါဠိကတ္တားကောက်တွေကို အာရမ္မဏအတိုင်း ဟောပါ ကောက်ပါ။ အားလုံးပေါ်ပါတယ်။ ဟိတ်ပါဋ်သတ္တိကိုကောက်ရန် ဤစာအုပ် စာမျက်နှာ (၄)ကိုကြည့်ရပါမယ်။ သူက လွယ်ပါတယ်။

ကု-ကု။ ။သမ္ပယုတ္တပစ္စယာဟူသော ဟိတ်ပါဋ်၏အရကား အချင်းချင်းအား တပ်သော ကုသိုလ်စိတ် ဧက ဝီသ+စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သမ္ပယုတ္တသတ္တိ ရ၏။

အကု-အကု॥ ॥သမ္ပယုတ္တပစ္စယာ ဟူသော ဟိတ်ပါဌ်၏အရကား အချင်းချင်းအား တပ်သော အကုသိုလ်စိတ်ဒွါဒသ+စေတသိက် သတ္တဝီသ အစိတ်စိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ သမ္ပယုတ္တသတ္တိရ၏။

ဗျာ-ဗျာ။ ပဝတ္တိ॥ ॥သမ္ပယုတ္တပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား အချင်းချင်းအား တပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ကြိယာစိတ်ဝီသ+စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သမ္ပယုတ္တသတ္တိရ၏။

ပဋိသန္ဓေ॥ ॥သမ္ပယုတ္တပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဋိသန္ဓေစိတ် ကေူနဝီသ+စေတသိက် ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သမ္ပယုတ္တသတ္တိရ၏။

ဝတ္ထုကံ॥ ॥သမ္ပယုတ္တပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော ဝိပါက်စိတ် ဗာတ္တိံသ၊ ကြိယာစိတ်ဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သမ္ပယုတ္တသတ္တိ ရ၏။

ဗျာ-ကု၊ ကုဗျာ-ကုကို ကု-ကုအတိုင်း॥ ဗျာ-အကု၊ အကုဗျာ-အကုကို အကု-အကုအတိုင်း ဘုံသတ်ကောက်ရ ရုံသာဖြစ်သည်။ သမ္ပယုတ္တပြီး၏။

အဓိပတိ॥

အဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု နာမက္ခန္ဓာ၊ သာဓိပတိစိတ္တဇရုပ်။ ဤတရားတို့သည် အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မဖြစ်သော တရားတို့မည်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နယသို့လိုက်၍ရင်း၊ ဝါရသို့လိုက်၍ရင်း တိက်ပုဒ်၏ အရသို့လိုက်၍ရင်း၊ ကံ, ကတ္တားနေဟန်သို့လိုက်၍ရင်း အဓိပတိယာ နဝ၊ သတ္တရသ၊ တေဏ-ဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏။

(နဝ-ဟူသော်ကား စသည်ဆိုပါတော့။)

ပါဠိတော်ဟောနည်း။ ॥ကုပဒ ၃-ချက်၊ အကုပဒ ၃-ချက်=ဟောမြဲ။ ဗျာ-ဗျာ၊ ပဝတ္တိ=ဟောမြဲ။ ပဋိသန္ဓေ မဟောရ။ ရုပ်သက်သက် ပထမက္ခက်ကိုသာ ဟောရာ၌ "ကဋတ္တာ ရူပံ"မဟောရ။ ဝတ္ထုကံ၌ ဒွေ ပဉ္စ ဝိညာဉ် တဆယ်မရ၍ ပထမက္ခက် မဟောရ။ ဒုတိယက္ခက်ကိုသာ ဟောရမည်။ ဗျာ-ကု။ ဗျာ-အကု။ ကုဗျာပဒ ၃-ချက်၊ အကုဗျာပဒ ၃-ချက်အားလုံး ဟောမြဲပါဠိအတိုင်း ဟောပါလေ။

ကတ္တားကောက်॥ ॥အဓိပတိပစ္စည်း၏ ကတ္တားကောက်များနှင့်ပတ်သက်၍ သာဓိပတိဇော ၅၂-ခု၏ သရုပ်ကို ကုသိုလ် အကုသိုလ် အဗျာကတခွဲခြား သိရမည်။ ထို့ပြင် ကေန်ဇော အနေကန်ဇောများကိုလည်း သိနားလည်ရမည်။ စိတ် ၈၉-တွင် သဒ္ဓိဟ်ပကိဏ်းပိုင်း ကိစ္စသင်္ဂဟ၌ပြခဲ့သော ဇောကိစ္စ တပ်သည့်စိတ်ပေါင်း ၅၅-ခုကို ပြန်လည် နှလုံးသွင်းပါ။ ဇောစိတ် ၅၅-ခုတွင် မောဟမူဒွေနှင့် ဟသိတုပ္ပါဒ်စိတ်တို့သည် အဓိပတိဇောမတပ်ပါ။ ကျန်ဇောစိတ် ၅၂-ခုသည် အဓိပတိဇောတပ်နိုင်ပါသည်။ ထိုတွင် ကာမဇောများသည် အဓိပတိဇောကိစ္စ တပ်သောအခါ တပ်၍ မတပ်သောအခါ မတပ်ပါ။ မဟဂ္ဂုတ်လောကုတ္တရာ ဇောများသည် အမြဲ အဓိပတိဇောကိစ္စ တပ်ပါသည်။ ထို့ကြောင့် ကာမဇောတွေကို သာဓိပတိအနေကန်၊ အပ္ပနာဇောတွေကို သာဓိပတိ ကေန်ဇောလို့ ဆိုပါတယ်။

. သာဓိပတိဇော ၅၂-ခုကို ကုသိုလ် အကုသိုလ် အဗျာကတအားဖြင့် သရုပ်ခွဲလျှင် ကုသိုလ် ၂၁-ရမယ်။အကုသိုလ်က လောဘမူ ၈-နှင့် ဒေါသမူ ၂=ပေါင်း ၁၀၊ ဝိပါက် ၃၆-ခုမှာ ဖိုလ်လေးခု သာဓိပတိဇောရတယ်။ ကြိယာကလဲ သဟိတ်ကြိယာ သတ္တရသဘဲရမယ်။ ကုသိုလ် ၂၁-ထဲမှာ မဟာကုသိုလ်ရှစ်ခုဟာ အနေကန်၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ်လေးခုဟာ ကေန်ဖြစ်တယ်။ အကုသိုလ်ကျတော့ လောဘမူ ၈-ခုနှင့် ဒေါသမူဒွေဟာ ကာမဇောတွေ ဖြစ်သည့်အလျောက် အနေကန်ပါ။ အဗျာကတမှာ မဟာကြိယာရှစ်ခုက အနေကန်၊ မဟဂ္ဂုတ်ကြိယာ ၉-ခုနှင့် ဖိုလ်လေးခုဟာ ကေန်ဇော ဖြစ်ပါတယ်။ ကတ္တားကောက်မှာ အနေကန်ဇောတွေကို "အဓိပတိ ပစ္စည်းကို ရသောအခါ"လို့ ဆိုပါတယ်။ ကေန်ဇောတွေကို "ကေန်ရသော"လို့ ဆိုပါတယ်။

အဓိပတိပစ္စည်း၏ တရားကိုယ်ဟာ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသဖြစ်ပါတယ်။ဆန္ဒတပ်ခိုက် ကျန် ၃-ပါး မတပ်ပါဘူး။ ထိုနည်းတူစွာ စိတ္တတပ်ခိုက် ကျန် ၃-ပါး မတပ်ပါဘူး။ အဓိပတိပစ္စည်းဆိုတာ တကျွဖြစ်ဘက် တရားတွေအပေါ်မှာ အပြင်းအထန်လွှမ်းမိုးပြီး ဘုံးတည်း အနေဖြင့် ပြိုင်ဘက်မရှိ အစိုးရတဲ့ ပစ္စည်း ဖြစ်ပါတယ်။ အဓိပတိပစ္စည်းကို စကြာဝတေးမင်းနှင့်တူကြောင်း ဥပမာပြပါတယ်။ ဆန္ဒစတဲ့ အဓိပတိ တရားကိုယ် လေးပါးတို့တွင် တပါးပါးဟာ လွှန်ကဲစွာအကြောင်း ပစ္စည်းတရားဖြစ်နေရင် ကျန်တဲ့ဝီရိယစတဲ့ သုံးပါးနှင့်တကွ သမ္ပယုတ္တဖြစ်ကြတဲ့ နာမ်ခန္ဓာရုပ်ခန္ဓာ

တွေဟာ ဆန္ဒရဲ့နောက်လိုက်ဖြစ်ကြပြီး အကျိုးပစ္စယုပ္ပန် တရားများသာ ဖြစ်ပါတယ်။ ဒီတော့ အဓိပတိ တရားကိုယ်တွေဟာ ပစ္စည်းသာဖြစ်၍ ပစ္စယုပ္ပန်မဖြစ်နိုင်ကြလို့ ဒီတရားကိုယ်တွေကို ကြဉ်ရပါတယ်။

ကု–ကု။ ။ပါဠိ ဟောမြဲ။ ကတ္တားကောက်မှာ ကုသိုလ် ၂၁–ကို ကေန် အနေကန် ခွဲဆိုရမယ်။ ပစ္စယုပ္ပန် (ကတ္တား)ဘက်က တရားကိုယ်ကို ကြဉ်ရမယ်။

ကုသလေန ကုသလံ၌– ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ၈–ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ် ၄–ခု+စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ကို (၆–ဝါရ) အဓိပတိတရားကိုယ် ကြဉ်သော မဟာကုသိုလ် ၈–ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ်လေးခု+ စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဋ်ကောက်နှင့် ပတ်သက်၍ ဤစာအုပ် စာမျက်နှာ (ဆ) ကို ကြည့်ရပါတယ်၊ အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဋ် သတ္တိအရ အာရမ္မဏာဓိပတိသတ္တိ၊ သဟဇာတာဓိပတိ သတ္တိလို့ ၂-ချက်ရှိပါတယ်၊ အရကောက် ကျမ်း၌ "ဤဆဝါရ၌ သဟဇာတာဓိပတိကိုသာ လိုသည်၊ အာရမ္မဏာဓိပတိကို မလိုဟု ဆရာတို့ဆိုကုန်၏၊ ဆိုကြောင်း ကို ဆင်ခြင်အပ်၏"ဟု လက်သဲကွင်းဖြင့် အမှာစကား ရေးသားပြ၏၊ အရကောက် ဆရာတော်ကြီးကား ၂-ချက်လုံး ကောက်ပြသည်၊ ဆဝါရ၌ဟောသော အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရားများသည် သဟဇာတာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် တရားများသာ ဖြစ်သော်လည်း အဓိပတိ ပစ္စယာဟု ဆိုသဖြင့် သဟဇာတာဓိပတိသတ္တိ၊ အာရမ္မဏာဓိပတိ သတ္တိရနိုင် ပေသည်၊ သဟဇာတာဓိပတိသတ္တိ ကောက်ပုံမှာ သာဓိပတိဇော ၅၂–ခု၌ရှိ သော အဓိပတိတရားကိုယ် ၄-ပါးက သာဓိပတိဇော ၅၂-ခုအား ကျေးဇူးပြုပုံကို ကောက်ရ၏၊အာရမ္မဏာဓိပတိဟိတ်ပါဋ် သတ္တိကို ကောက်ရာ၌ အလေးအမြတ် ပြုတတ်သောစိတ် ၂၈–ခုတို့က အလေးအမြတ်ပြုသောအခါ အာရမ္မဏာဓိပတိသတ္တိရမှုကို ကောက်ရသည်၊ အာရမ္မဏာ ဓိပတိပစ္စည်း ဟိတ်ပါဋ်အတွက် အောက်ပါ ဝိသုဒ္ဓါရုံလင်္ကာကို ရေးသားပြလိုက်သည်၊ ကျက်မှတ်ထားပါလေ။

ဝိသုဒ္ဓါရုံလင်္ကာ။ ။လောဘမူသည်၊ ဒေါသမူမောဟ၊ ဒုက္ခကြဉ်ဖယ်၊ ခုနစ်ဆဲ့ခြောက်ခု၊ လောကီစုနှင့်၊ စတု ဇိဋ္ဌ၊ ရုပ်နိဗ္ဗာန်ကို၊ ကြည်ညိုသမှု၊ အလေးပြု၏၊ ကုသိုလ်ကာမ၊ စိတ်အဌလည်း၊ လောကခေါ်ဆို၊ ကုသိုလ်သတ္တရယ်၊ လွန်လေးမြတ်၏၊ ရှစ်ရပ်သမုတ်၊ သမ္ပယုတ်လည်း၊ လောကုတ်နဝံ၊ သသင်္ခါရကို၊ ချေါင်စွဲမိတ်၊ လောကုတ်စိတ်လည်း၊ အောင် မြတ်နိဗ္ဗူ၊ အလေးမူသည်၊ ဘုန်းလူဇိန မော်ကွန်းတည်း။

ကု–ကု။ ။အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဋ်၏ အရကား အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသ၊ အလေးအမြတ်ပြု တတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်ဝီသ၊ အောက်ဖိုလ် ၃-ခု၊ နိဗ္ဗာန်၊ မဂ်လေးခုအား တပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာပံ ပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ။ သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ၈-ခု၊ ကေန် ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ်လေးခု + စေတသိက် အဌတိံသ စိတ္တက္ခဏ တခုဘခု၌ရှိသော အဓိပတိတရားကိုယ် ၃–ပါး ၄–ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိ ရ၏။

## ကုသလေန အဗျာကတံ။

ပါဠိ = ဟောမြဲ၊ ကတ္တားကောက်မှာ ကုသလေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ် ၏ အရကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ် ၈–ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄–ခု + စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန် တရား ရ၏။

အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဋ်၏ အရကား သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကုသိုလ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ် ၄-ခု + စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိရ၏။

## ကုသလေန ကုသလာဗျာကတံ။

ပါဠိ = ဟောမြဲ၊ ကတ္တားကောက် = ကုသလေန ကုသလာဗျာကတံ၌ ကုသလောစ အဗျာကတောစ ဓမ္မာ ဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ် ၄–ခု + စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄–ဝါရ) အဓိပတိတရားကိုယ်

ကြည်သော မဟာကုသိုလ် ၈–ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ် ၄–ခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဋ်၏ အရကား အလေးအမြတ် ပြုတတ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်လေးခု အား တပ်သော အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသ၊ အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ် ကြည်သော ကုသိုလ်ဝီသ၊ အောက်ဖိုလ် ၃-ခု၊ နိဗ္ဗာန်။ မဂ် ၄-ခုအား တပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ။ သမ္ပယုတ္တ ခန္ဓာသာဓိပတိ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ၈–ခု၊ ကေန် ရသော မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ် ၄-ခု စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး ၄–ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိ ရ၏။

## အကုသလေန အကုသလံ။

ပါဠိ = ဟောမြဲ၊ ကတ္တား ကောက် = အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ၈–ခု၊ ဒေါသမူဒွေ+ဝိစိကိစ္ဆာ ကြည်သော စေတသိက် ဆဗ္ဗီသ အစိတ်အဝိတ် နာမက္ခန္ဓာကို (၆-ဝါရ) အဓိပတိတရားကိုယ် ကြည်သော လောဘမူ ၈–ခု၊ ဒေါသမူဒွေ ဝိစိကိစ္ဆာ ကြည်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဋ်၏ အရကား အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြည်သော လောကီစိတ် ၇၆–ခု၊ ဒေါစတုက် ဝိစိကိစ္ဆာ ကြည်သော စေတသိက် သတ္တစတ္တာလီသ ဤအာရုံ ၆–ပါး ပစ္စည်း တရားတို့၏ အာရမ္မဏာဓိပတိသတ္တိ။ သမ္ပယုတ္တခန္ဓာအား တပ်သော အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ၈-ခု၊ ဒေါသမူဒွေ + ဝိစိကိစ္ဆာ ကြည်သော စေတသိက် ဆဗ္ဗီသစိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိရ၏။

## အကုသလေန အဗျာကတံ။

ပါဠိ= ဟောမြဲ၊ ကတ္တား ကောက် = ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ၈–ခု၊ ဒေါသမူဒွေ + ဝိစိကိစ္ဆာ ကြည်သော စေတသိက် ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဋ်၏ အရကား သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ လောဘမူ ၈-ခု၊ ဒေါသမူဒွေ + ဝိစိကိစ္ဆာ ကြည်သော စေတသိက်ဆဗ္ဗီသ စိတ္တက္ခဏ တခုတခု၌ ရှိသော အဓိပတိတရားကိုယ် ၃–ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိရ၏။

## အကုသလေန အကုသလာဗျာကတံ

ပါဠိ = ဟောမြဲ၊ ကတ္တားကောက် = ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ၈-ခု၊ ဒေါသမူဒွေ+ ဝိစိကိစ္ဆာ ကြည်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-ဝါရ) အဓိပတိတရားကိုယ် ကြည်သော လောဘမူ ၈-ခု၊ ဒေါသမူဒွေ + ဝိစိကိစ္ဆာ ကြည်သော စေတသိက် ဆဗ္ဗီသအစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဋ်၏ အရကား အလေးအမြတ် ပြုတတ်သောလောဘမူစိတ် ၈–ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ ဒုက္ခသဟဂုတ်ကာယဝိညာဉ် ကြည်သော လောကီစိတ် ၇၆–ခု၊ ဒေါစတုက် ဝိစိကိစ္ဆာ ကြည်သော စေတသိက် သတ္တစတ္တာလီသ ဤအာရုံ ၆–ပါး ပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ၈-ခု၊ ဒေါသမူဒွေ + ဝိစိကိစ္ဆာ ကြည်သော စေတသိက်ဆဗ္ဗီသ စိတ္တက္ခဏ တခုတခု၌ ရှိသော အဓိပတိတရားကိုယ် ၃–ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိ ရ၏။

## အဗျာကတေန အဗျာကတံ

ပဝတ္တိ။ ။ပါဠိ = ဟောမြဲ၊ စတုဝါရမှာ စိတ္တသမုဋ္ဌာနဥရုပ် ပါရမယ်၊ဒွေဝါရမှာ စိတ္တဇရုပ် မရဘူး၊ ကတ္တားပုဒ် အရကား–

အဗျာကတေန အဗျာကတံ၌ ပဝတ္တိ အခါ အဗျာကတောဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉–ခု၊ ဖိုလ်လေးခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-ဝါရ) အဓိပတိတရားကိုယ် ကြဉ်သော မဟာကြိယာရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဖိုလ်လေးခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဒွေဝါရအတွက် ကတ္တားကောက်ကို ကောက်ရာ၌ နာမ်သာရသဖြင့် သာဓိပတိ စိတ္တဇရုပ်ကို ချန်၍ကောက်။

အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အလေးအမြတ် ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်၊ ဖိုလ်လေးခုအား တပ်သောနိဗ္ဗာန် ပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ။ သမ္ပယုတ္တ ခန္ဓာအားရင်း၊သမ္ပယုတ္တခန္ဓာသာဓိပတိ စိတ္တဇရုပ်အားရင်းတပ်သော အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကြိယာ ၈–ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဖိုလ်လေးခု + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃–ပါး ၄–ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိရ၏။

ဒွေဝါရအတွက် ဟိတ်ပါဌ်သတ္တိကို ကောက်ရာ၌ အာရမ္မဏာဓိပတိသတ္တိကို အထက်ပါအတိုင်း ကောက်၍ သဟဇာတာဓိပတိသတ္တိ၌ ရုပ်ကိုချန်၍ "သမ္ပယုတ္တခန္ဓာအား တပ်သော"ဟုသာ ဆို၍ ကောက်ပါ၊ ဒွေဝါရ၌ နာမ်တရားသာရ၍ ဤသဘောချည်း မှတ်ပါလေ။

အဓိပတိပစ္စည်း၌ ပဋိသန္ဓေအခါ မရပြီ၊ ရုပ်သက်သက်၌လည်း ပဋိသန္ဓေကမ္မဇရုပ်မရ၍ "ကဋတ္တာရူပံ"မဟော၊ ရုပ်သက်သက် ပါဠိမှာ–

ဧကံမဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ ဥပါဒါရူပံ၊ (သဟဇာတဝါရ ပစ္စယဝါရ နိဿယဝါရတို့ကိုလည်း ဤနည်းတူ သဟဇာတသဒ္ဒါ စသည်ဖြင့် ဟောပါတော့။)

ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ သာဓိပတိကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သာဓိပတိစိတ္တဇ မဟာဘုတ်ကို (၄-ဝါရ) ဘုတ်နှင့်တကွသော သာဓိပတိစိတ္တဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ သာဓိပတိကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃–ပါး ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိရ၏။

ဝတ္ထုကံ။ ။အဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့သည် သာဓိပတိဇောများသာဖြစ်၍ ဒွေပဉ္စဝိညာဉ် တဆယ်မရပြီ၊ ဝတ္ထုကံအတွက် ပါဠိတော်ဇယား၏ ပဌမကွက်ကို မဟောရပြီ၊ ကတ္တားကောက်လည်း မကောက်ရပြီ၊ ဝတ္ထုကံ ဒုတိယကွက်သာ ဟောရမည်၊ ကတ္တားပုဒ်၌လည်း ပဝတ္တိအခါ သာဓိပတိဇောတို့ မှီသော ဟဒယဝတ္ထုကို ဟောရပေမည်၊ ပါဠိမှာ ဝတ္ထုံပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ-ဟု ဟောပါ၊ ကတ္တားကောက်မှာ–

ဝတ္ထုကံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသောရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ ရှေ့စိတ္တက္ခဏ တချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော မဟာကြိယာ ၈–ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉–ခု၊ ဖိုလ် ၄-ခု + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိ သတ္တိမှာ ဗျာ-ဗျာ ပဝတ္တိအတိုင်းတွင် ဘုံသတ်၍ ကောက်ရသည်သာ၊ ရုပ်မရ၍ သဟဇာတာဓိပတိ သတ္တိ၌ "သမ္ပယုတ္တခန္ဓာအား တပ်သော" သာ ဆိုရမည်။

## အဗျာကတေန ကုသလံစသည်။

ဗျာ-ကု၊ ဗျာ-အကု၊ ဗျာ-ကုဗျာ၊ ဗျာ-အကုဗျာ၊ ကုဗျာပဒ ၃-ချက်၊ အကုဗျာပဒ ၃-ချက်တို့၏ ပါဠိများမှာ ဟောမြဲပါဠိများသာ ဖြစ်၏၊ ကတ္တားကောက်များသာ ပြဆိုအံ့။

အဗျာကတေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော မဟာကုသိုလ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု + စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိကို ကု-ကု အတိုင်းတွင် ဘုံသတ်ဆို။

## အဗျာကတေန အကုသလံ။

အဗျာကတေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ ၈-ခု၊ ဒေါသမူဒွေ + ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိကို အကု-အကု အတိုင်းတွင် ဘုံသတ်ဆို။

## အဗျာကတေန ကုသလာဗျာကတံ။

အဗျာကတေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော မဟာကုသိုလ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု + စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိကို ကု-ကုဗျာ အတိုင်း ကောက်ပါ။

## အဗျာကတေန အကုသလာဗျာကတံ။

အဗျာကတေန အကုသလာဗျာကတံ၌ အကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ် မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်း ပြု၍ဖြစ် သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ ၈-ခု၊ ဒေါသမူဒွေ + ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိကို အကု-အကုဗျာအတိုင်း ကောက်ပါ။

## ကုသလာဗျာကတေန ကုသလံ။

ကုသလာဗျာကတေန ကုသလံ၌- ကုသလော ဓမ္မောဟူသော ကတ္တားပုဒ် ၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု+ စေတသိက် အဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်

သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော မဟာကုသိုလ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု+ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို ကု-ကုအတိုင်း ဘုံသတ်ကောက်ပါ။

## ကုသလာဗျာကတေန အဗျာကတံ။

ကုသလာဗျာကတေန အဗျာကတံ၌- အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု+ စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ အစိတ်အပေါင်း မဟာဘုတ်ကို(၄-ဝါရ)သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို ကု-ဗျာအတိုင်းကောက်ပါ။

## ကုသလာဗျာကတေန ကုသလာဗျာကတံ။

ကုသလာဗျာကတေန ကုသလာဗျာကတံ၌- ကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ၈-ခု၊ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု+ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသော အခါ အဓိပတိတရားကိုယ် ကြဉ်သော မဟာကုသိုလ် ၈-ခု၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု+ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ မဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို ကု-ကုဗျာအတိုင်း ကောက်။

## အကုသလာဗျာကတေန အကုသလံ။

အကုသလာဗျာကတေန အကုသလံ၌- အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား အဓိပတိ ပစ္စည်းကို ရသောအခါ လောဘမူ ၈-ခု၊ ဒေါသမူ ၂+ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော ပဉ္စဝေါကာဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ ၈-ခု၊ ဒေါသမူ ၂+ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို အကု-အကုအတိုင်း ဘုံသတ်ကောက်။

## အကုသလာဗျာကတေန အဗျာကတံ။

အကုသလာဗျာကတေန အဗျာကတံ၌- အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ၈-ခု၊ ဒေါသမူ ၂၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ် အပေါင်း နာမက္ခန္ဓာ အစိတ်အပေါင်း မဟာဘုတ်ကို (၄-ဝါရ) သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို အကု-ဗျာအတိုင်း ကောက်။

## အကုသလာဗျာကတေန အကုသလာဗျာကတံ။

အကုသလာဗျာကတေန အကုသလာဗျာကတံ၌- အကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ၈-ခု၊ ဒေါသမူ ၂+ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကိုပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ

အဓိပတိတရားကိုယ် ကြဉ်သော လောဘမူ ဂ–ခုဒေါသမူ ဒွေ+ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗိသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠ်သတ္တိကို အကု–အကုဗျာအတိုင်း ကောက်။ အဓိပတိ ပြီး၏။

## အညမညပစ္စည်း

အညမညပစ္စည်း၏ သုဒ္ဓသဉ္ဇာဝါရ၌–အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ပဋိသန္ဓေ နာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထု။ အချင်းချင်းမှ ထောက်အပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေ ကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ် ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်။ (ဤတရားတို့ကိုဆိုနိုင်ပြီ။ နောက်မဆိုတော့ပြီ။) အညမညေတိဏ်၊ သတ္တ၊ တိဏ်။

## ကုသလေန ကုသလံ

ဟော့မြဲ ပါဋ္ဌိ။ ကောက်မြဲကတ္တား ကောက်။ ဟိတ်ပါဠ်သတ္တိကို ဤစာအုပ် စာမျက်နှာ(၈)ကိုကြည့်ပါ။

အညမညပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား အချင်းချင်းအား တပ်သော ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အညမညသတ္တိ ရ၏။

## အကုသလေန အကုသလံ။

ဟောမြဲပါဋ္ဌိ။ ကောက်မြဲကတ္တား ကောက်။

အညမည ပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား အချင်းချင်းအား တပ်သော အကုသိုလ်စိတ် ဒွါဒသ+ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အညမည သတ္တိရ၏။

## အဗျာကတေန အဗျာကတံ။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အညမညပစ္စယာ။ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ကေံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ (ဒါက ပဝတ္တိအတွက် ပါဋ္ဌိပါ။ ၆–ဝါရလုံးနှင့် ဆိုင်တယ်။)

အဗျာကတေန အဗျာကတံ၌– ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆–ဝါရ) ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အညမညပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား အချင်းချင်းအား တပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အညမည သတ္တိရ၏။

ပဋိသန္ဓေအခါအတွက် ပါဋ္ဌိက–

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ကေံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ဝတ္ထု စ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ဝတ္ထု စ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ဝတ္ထု စ။ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။ (ဒီပါဋ္ဌိအတိုင်း စတုဝါရကို ဟောရမယ်။ သဟဇာတသဒ္ဒါ စသည် ပြောင်းရုံသာ ထူးမယ်။ ဒွေ ဝါရကျတော့ ဟဒယဝတ္ထုဟာ ရုပ်ဖြစ်လို့ သူ့ကိုမရပါဘူး။ ခန္ဓေ ဝတ္ထု၊ ဝတ္ထုံ ခန္ဓာလဲမရဘူး။)

ပဋိသန္ဓေ အခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေစိတ် ဧကူနဝီသ + စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကို(၄–ဝါရ) ပဋိသန္ဓေစိတ် ဧကူနဝီသ + စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားရ၏။

အညမညပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား အချင်းချင်းအား တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ + စေတသိက် ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာဟဒယ ဝတ္ထု ပစ္စည်းတရားတို့၏ အညမညသတ္တိ ရ၏။

သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရအတွက် ပါဋ္ဌိ၊ ကတ္တားကောက်၊ ဟိတ်ပါဠ်ကို ပြဆိုဦးအံ့။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ကေံ ခန္ဓံ သံသဋ္ဌာ တယော ခန္ဓာ၊ တယော ခန္ဓေ သံသဋ္ဌော ကော ခန္ဓော၊ ဒွေ ခန္ဓေ သံသဋ္ဌာ ဒွေ ခန္ဓာ။ ။(သမ္ပယုတ္တဝါရအတွက် သမ္ပယုတ္တသဒ္ဒါဖြင့် ဟောပါ)။

**ပဋိသန္ဓေ** အခါ အဗျာကတော ဓမ္မော ဟူသော **ကတ္တား** ပုဒ်၏ အရကား ပဋိသန္ဓေစိတ် ကျေနပီသ +စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို နှီးနှော၍ ဖြစ်သော (ယှဉ်၍ဖြစ်သော) ပဋိသန္ဓေစိတ် ကျေနပီသ + စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အညမညပစ္စယာ ဟူသောဟိတ်ပါဠ်၏အရကားအချင်းချင်းအား တပ်သော ပဋိသန္ဓေစိတ် ကျေနပီသ+စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အညမညသတ္တိ ရ၏။

ရုပ်သက်သက်။ ။ရုပ် (၇)မျိုးလုံး၏ မဟာဘုတ်များသာရတယ်၊ ဥပါဒါရုပ်များ မရသဖြင့် ပါဠိတော်ဇယား မှာ ကွင်းပိတ်နဲ့ပြထားတဲ့ (မဟာဘူတေ) တွေ (စိတ္တသမုဋ္ဌာန်ရုပ် ကဋတ္တာရုပ် ဥပါဒါရုပ်) တွေကို မဟောရဘူး။

ကေံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ကေံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ၊ အသညသတ္တာနံ ကေံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ကေံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော **ကတ္တား**ပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာတို့ သည် ယထာရဟ ပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသတို့နှင့် • ယထာရဟအတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ် ကမ္မဇမဟာ ဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်ကို (၄-ဝါရ) စိတ္တဇမဟာဘုတ် ပဋိသန္ဓေ ကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇ မဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ် ပစ္စယုပ္ပန်တရားရ၏၊(ဒီအရကောက် ဟာ ဤစာအုပ် စာမျက်နှာ (ဿ)မှာရှိတဲ့ဇယားကို ကြည့်ပြီး ရုပ်သက်သက်လို့ပြထားတဲ့ ၃-ကွက်ကို ကြည့်ရပါ တယ်၊ ကံပုဒ်ဘက်မှာ ရှိတဲ့အတိုင်း ၃-ကွက်လုံးကို ဆိုရမယ်၊ ကတ္တားပုဒ်ဘက်က မဟာဘုတ် (၇) မျိုးကိုသာ ကောက်ပြ တယ်၊ ဥပါဒါရုပ်တွေကို မရလို့ မကောက်ပါဘူး၊ အထူးအဆန်းမဟုတ်၊ သုဒ္ဓသံချာမှာရတဲ့ တရားအတိုင်းပါ။)

ဝတ္ထုကံ။ ။နာမ်ကုန်ရထားသဖြင့် ပါဠိတော်ဟာ ဟောမြဲပါ၊ ဟောမြဲဆိုတော့ ဝတ္ထုကံအတွက် ပြထားတဲ့ ၂-ကွက်လုံးကို ဟောရမယ်၊ ဒွေ ပဉ္စဝိညာဉ် တဆယ်ရော ကျန်တဲ့ ဝိပါက်ကြိယာစိတ်တွေရော ရပါတယ်၊ ကတ္တား ကောက်ကလဲ ဤစာအုပ် စာမျက်နှာ (င)မှာ ပြထားတဲ့အတိုင်း ဗျာ-ဗျာကို ကြည့်ပြီး အားလုံး ကောက်ရမယ်၊ ကောက်မြဲ ကတ္တားကောက် ဖြစ်ပါတယ်၊သဟဇာတပစ္စည်းတုန်းက ကောက်ပြခဲ့တယ်၊ စာမျက်နှာ ၁၃-နှင့် ၁၄-မှာ ကြည့်၊ ပါဠ်သတ္တိကလဲ အညမညပစ္စည်း ဗျာ-ဗျာ ပဝတ္တိဟိတ်ပါဠ် သတ္တိအတိုင်းမှာ အရူပဝိပါက် ၄-ခု ကိုကြဉ်၊ ဘုံသတ် ကောက်ပါ၊ အထပ်ထပ် ပြောခဲ့လှပြီ၊ ဗျာ-ဗျာ ဝတ္ထုကံဟာ ပစ္စယဝါရနှင့် နိဿယဝါရအတွက်သာ ဖြစ်တယ်၊ ကျန်တဲ့ လေး-ဝါရနှင့် မဆိုင်ဘူး၊ ဒါတွေဟာ ကိန်းသေမှတ်ရမှာဖြစ်တယ်၊ရုပ်သက်သက်ဟိတ်ပါဠ်မှာ အချင်းချင်းအား တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ အညမညသတ္တိရ၏လို့ ဆိုရရုံပါဘဲ။

### အဗျာကတေန ကုသလံ

ဟောမြဲပါဠိ၊ ကောက်မြဲကတ္တားကောက်၊ ဤစာအုပ် စာမျက်နှာ-၁၄ သဟဇာတပစ္စည်းတုန်းက ဟောခဲ့တဲ့ အတိုင်း ဖြစ်ပါတယ်၊ ဟိတ်ပါဠ်သတ္တိကို ကု-ကု အတိုင်း ဘုံသတ်ဆို။

### အဗျာကတေန အကုသလံ။

ဟောမြဲပါဠိ၊ ကောက်မြဲကတ္တားကောက်၊ ဤစာအုပ် စာမျက်နှာ ၁၅-မှာ ကြည့်ပါတော့၊ ဟိတ်ပါဠ်သတ္တိ ကို အကု-အကု အတိုင်း ဘုံသတ်ဆို။

### ကုသလာဗျာကတေန ကုသလံ။

ဟောမြဲပါဠိ၊ ကောက်မြဲကတ္တားကောက်၊ ဤစာအုပ် စာမျက်နှာ-၁၆ နှင့် ၁၇-သဟဇာတပစ္စည်းမှာ ဟောပြ ခဲ့ပြီ၊ ဟိတ်ပါဠ်သတ္တိကို ကု-ကု အတိုင်း ဘုံသတ်ဆို။

**အကုသလာဗျာကတေန အကုသလံ။**

ဟောမြဲပါဠိ၊ ကောက်မြဲကတ္တားကောက်၊ ဤစာအုပ် စာမျက်နှာ ၁၈–မှာ သဟဇာတပစ္စည်းတုန်းက ဟောပြခဲ့ပြီ၊ ဟိတ်ပါဌ်သတ္တိကို အကု–အကု အတိုင်း ဘုံသတ်ဆို၊ အညမညပစ္စည်း ပြီး၏။

**ပုရေဇာတ ပစ္စည်း**

ပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အရူပဝိပါက်လေးခု ကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိနာမက္ခန္ဓာလေးပါး။
ပုရေဇာတေ တီဏိ၊ သတ္တ၊ တီဏိ။

ဆဝါရ၌ အာရမ္မဏပုရေဇာတကို မဟော၊ ဝတ္ထုပုရေဇာတကိုသာ ဟောသည်၊ ထို့ကြောင့် “ဝတ္ထုပုရေဇာတပစ္စယာ”ဟု ပါဠိတော်၌ အဖျားသတ်ဟောတော်မူသည်၊ သုဒ္ဓသင်္ချာကိုကြည့်လျှင် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောစိတ် ၇၅–ခုသာ ရသည်ကို တွေ့ရမည်၊ ထို့ပြင် ပဝတ္တိအခါ၌သာရ၍ ပဋိသန္ဓေအခါ၌ မရပါ၊ ရုပ်များလည်းမရ၊ ၎င်းကို ကုသိုလ် အကုသိုလ် အဗျာကတခွဲ၍ ပါဠိနှင့်ကတ္တားပုဒ် ကောက်ရပေမည်။

**ကုသလေန ကုသလံ။**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ပုရေဇာတပစ္စယာ၊ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပုရေဇာတပစ္စယာ၊ (ကျန် ၅–ဝါရ၏ ပါဠိလည်း ဤသဘောပင်။)

ကုသလေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆–ဝါရ) ကုသိုလ်စိတ် ဧကဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်စိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ (ကောက်မြဲအတိုင်းတွင် ဘုံသတ်ကောက်သည်သာ ထူး၏။)

ဟိတ်ပါဌ် သတ္တိနှင့် ပတ်သက်၍ ဤစာအုပ် စာမျက်နှာ (၈၂)တွင် နိဿယတွင် ပြခဲ့သည့်အတိုင်း ဝတ္ထုပုရေဇာတသတ္တိကို ကောက်ဟု မှာထားသည်၊ ထို့ကြောင့် နိဿယပစ္စည်း၏ ဟိတ်ပါဌ်များမှ ပုရေဇာတနိဿယသတ္တိကိုသာ ဆိုရပေမည်။

ပုရေဇာတပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ် ဧကဝီသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နကုသိုလ်ဇော ၅–ချက်အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတသတ္တိ ရ၏။

**အကုသလေန အကုသလံ။**

အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ပုရေဇာတပစ္စယာ၊ အကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပုရေဇာတပစ္စယာ။ (ကျန် ၅–ဝါရ၏ ပါဠိလည်း ဤသဘောအတိုင်း ဟောပါလေ။)

အကုသလေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တား ပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆–ဝါရ) အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ပုရေဇာတပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်ဒွါဒသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္န အကုသိုလ်ဇော ၅-ချက်အားတပ်သော စုတိစိတ်မှပြန်၍ ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ပုရေဇာတသတ္တိ ရ၏။

**အဗျာကတေန အဗျာကတံ။**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ပုရေဇာတပစ္စယာ၊ ဝိပါကာ ဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ပုရေဇာတပစ္စယာ။ (ကျန် ၅–ဝါရ၏ ပါဠိလည်း ဤသဘောအတိုင်း ဟောပါ။)

အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ဝိပါက်စိတ်ဗာတ္တိံသ၊ ကြိယာစိတ်ဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) ဝိပါက်စိတ် ဗာတ္တိံသ၊ ကြိယာစိတ်ဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠ်သတ္တိ ကောက်ရန် ဤစာအုပ် စာမျက်နှာ- (၈၂) နိဿယပစ္စည်းမှာ ပြထားတဲ့ ပုရေဇာတနိဿယကို ကောက်ရမယ်၊ ဒီတော့ ဤစာအုပ် စာမျက်နှာ-၁၀ကို ကြည့်ရင် နိဿယပစ္စည်းတုန်းက ကောက်ပြထားတာတွေ့လိမ့်မယ်၊ ကြောင်းရေ-၁၈ စက္ခုဝိညာဉ်ဒွေအား တပ်သောကစပြီး ကြောင်းရေ-၃၄ ပုရေဇာတနိဿယသတ္တိရ၏အသိဆိုရမယ် ဆိုပါတော့၊ ထပ်ရေးမပြတော့ပြီ။

ဝတ္ထုကံ။ ။စက္ခာယတနံပစ္စယာ စက္ခုဝိညာဏံ (ပ) ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ၊ ဝတ္ထုံပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ၊ ဝတ္ထုံ ပုရေဇာတပစ္စယာ။

ကတ္တားကောက်မှာ ကောက်မြဲ၊ ဟိတ်ပါဠ်လည်း ဗျာ-ဗျာ ပဝတ္တိဟိတ်ပါဠ်အတိုင်းပင်။

## အဗျာကတေန ကုသလံ။

အဗျာကတံဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ပုရေဇာတပစ္စယာ၊ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ၊ဝတ္ထုံ ပုရေဇာတပစ္စယာ။ (နိဿယဝါရ၏ ပါဠိလည်း နိဿယသဒ္ဒါဖြင့်ဟော။)

ကတ္တားကောက်မှာ ကောက်မြဲ၊ ဟိတ်ပါဠ်မှာ ကု-ကု ဟိတ်ပါဠ်အတိုင်းဆို။

## အဗျာကတေန အကုသလံ။

အဗျာကတံဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ပုရေဇာတပစ္စယာ၊ဝတ္ထုံ ပစ္စယာ အကုသလာ ခန္ဓာ၊ ဝတ္ထုံ ပုရေဇာတပစ္စယာ။ (နိဿယဝါရလည်း နိဿယသဒ္ဒါဖြင့်ဟော။)

ကတ္တားပုဒ်ကောက်မြဲ၊ ဟိတ်ပါဠ်သတ္တိကို အကု-အကု ဟိတ်ပါဠ်အတိုင်းဆို။

## ကုသလာဗျာကတေန ကုသလံ။

ကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ပုရေဇာတပစ္စယာ၊ ကုသလံ ဧကံ ခန္ဓဥ္စ ဝတ္ထုံစ ပစ္စယာ တယော ခန္ဓာ၊တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ။ ဝတ္ထုံ ပုရေဇာတပစ္စယာ။

ကတ္တားပုဒ် ကောက်မြဲ၊ ဟိတ်ပါဠ်သတ္တိကို ကု-ကု ဟိတ်ပါဠ်အတိုင်းဆို။

## အကုသလာဗျာကတေန အကုသလံ။

ပါဠိကို ကုဗျာ-ကုအတိုင်းတွင် အ-တိုး၍ဟော၊ ကတ္တားပုဒ် ကောက်မြဲ၊ ဟိတ်ပါဠ်လည်း အကု-အကု ဟိတ်ပါဠ်အတိုင်း ဆိုရရုံသာ၊ အထူးမရှိ၊ ပုရေဇာတ ပြီး၏။

## အာသေဝနပစ္စည်း

အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကြိယာ မဂ်လေးခု နာမက္ခန္ဓာ။ အာသေဝနေ တီဏိ သတ္တ တိဏိ။

အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်တရားကို ကုသိုလ် အကုသိုလ် အဗျာကတ သရုပ်ခွဲရင် ကုသိုလ်အနေဖြင့် မဟာကုသိုလ် ဒုတိယာဒိဇော မဟဂ္ဂုတ်ကုသိုလ် မဂ်လေးခုရမယ်၊ အကုသိုလ်ကတော့ အကုသိုလ်ဒွါဒသ ဒုတိယာဒိဇောရမယ်၊ အဗျာကတမှာ ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကြိယာသာရမယ်၊ အကုသိုလ် ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာတို့ရဲ့ ပဌမဇောတွေ မရဘူး၊ ပဌမဇောတွေဟာ ပစ္စည်းသာဖြစ်ပြီး ပစ္စယုပ္ပန် မဟုတ်နိုင်ကြလို့ဖြစ်ပါတယ်၊ ဒုတိယာဒိဇောဆိုတာ ဒုတိယ အစရှိသော ဇောတွေကိုဆိုတယ်၊ အဗျာကတထဲက ဝိပါက်စိတ်တွေ မရဘူး၊ ဇောကိစ္စတပ်တဲ့ ဝိပါက်ဖြစ်တဲ့ ဖိုလ်ဇောတွေလဲ မရဘူး။

## ကုသလေန ကုသလံ။

ပါဠိက ဟောမြဲပါဠိပါဘဲ၊ ကတ္တားကောက်ကို သူ့သရုပ်အတိုင်း ကောက်ရမယ်။

ကုသလေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား မဟာကုသိုလ် ဒုတိယာဒိဇော မဟဂ္ဂုတ်ကုသိုလ် ၉-ခု မဂ် ၄-ခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို(၆-၀ါရ)မဟာကုသိုလ် ဒုတိယာဒိဇော မဟဂ္ဂုတ်ကုသိုလ် ၉-ခု မဂ်လေးခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိအတွက် စာမျက်နှာ (၈) အောက်ဆုံးကွက်ကို ကြည့်ပါ။

အာသေဝနပစ္စယာ ဟူသော ဟိတ်ပါဠိ၏ အရကား ပထမဇော ကြဉ်သော နောက်နောက်သော ကုသိုလ်ဇောဝီသအား တပ်သော အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသပစ္စည်းတရားတို့၏ အာသေဝနသတ္တိရ၏၊ တနည်းကား မဟာကုသိုလ် ဒုတိယဇောအား တပ်သော ပထမဇော၊ တတိယဇောအား တပ်သော ဒုတိယဇော၊ စတုတ္ထဇောအား တပ်သော တတိယဇော၊ ပဉ္စမဇောအား တပ်သော စတုတ္ထဇော၊ ဆဋ္ဌဇောအား တပ်သော ပဉ္စမဇော၊ သတ္တမဇောအား တပ်သော ဆဋ္ဌဇော၊ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် လေးခု မဂ်သောမနဿသဟဂုတ် ၁၆-ခုအား တပ်သော ဂေါတြဘူဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် ပထမဒွေ၊ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ခု၊ မဂ် ဥပေက္ခာသဟဂုတ် ၄-ခုအား တပ်သော ဂေါတြဘူဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် တတိယဒွေ၊ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်အား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ် ပစ္စည်းတရားတို့၏ အာသေဝနသတ္တိ ရ၏။

## အကုသလေန အကုသလံ။

ပါဠိ = ဟောမြဲ၊ အကုသလေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အကုသိုလ် ဒွါဒသ ဒုတိယာဒိဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-၀ါရ) အကုသိုလ်ဒွါဒသဒုတိယာဒိဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိကို စာမျက်နှာ(ည)မှာ ကြည့်ကောက်၊ အာသေဝနပစ္စယာ ဟူသောဟိတ်ပါဠိ၏ အရကား ပထမဇော ကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသအား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ် ဒွါဒသပစ္စည်းတရားတို့၏ အာသေဝနသတ္တိ ရ၏၊ တနည်းကား အကုသိုလ် ဒွါဒသ ဒုတိယဇောအား တပ်သော ပထမဇော၊ တတိယဇောအား တပ်သော ဒုတိယဇော၊ စတုတ္ထဇောအား တပ်သော တတိယဇော၊ ပဉ္စမဇောအား တပ်သော စတုတ္ထဇော၊ ဆဋ္ဌဇောအား တပ်သော ပဉ္စမဇော၊ သတ္တမဇောအား တပ်သော ဆဋ္ဌဇော ပစ္စည်းတရားတို့၏ အာသေဝနသတ္တိ ရ၏။

## အဗျာကတေန အဗျာကတံ။

ပဝတ္တိ = နာမ်သက်သက်ကို ဟောရာ၌ ဝိပါက်မရသည်ကို သတိပြု၍ "ကိရိယာဗျာကတံ"ဟုသာ ဟော၊ ပဋိသန္ဓေ ရုပ်သက်သက် မရ။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာသေဝနပစ္စယာ။ ကိရိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။(ကျန် ၅-၀ါရပါဠိ ဤ သဘော အတိုင်းပင်။)

အဗျာကတေန အဗျာကတံ၌-အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော မဟဂ္ဂုတ်ကြိယာ ၉-ခု+ စေတသိက် ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-၀ါရ) ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော မဟဂ္ဂုတ်ကြိယာ ၉-ခု၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အာသေဝနပစ္စယာဟူသော ဟိတ်ပါဠိ၏ အရကား ပထမဇော ကြဉ်သော နောက်နောက်သော ကြိယာဇော အဋ္ဌာရသအား တပ်သော အဆုံးဇော ကြဉ်သော ရှေးရှေးသော ကြိယာဇောအဋ္ဌာရသ ပစ္စည်းတရားတို့၏ အာသေဝနသတ္တိရ၏။တနည်းကား ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယဇောအား တပ်သော ပထမဇော။တတိယဇောအား တပ်သော ဒုတိယဇော။ စတုတ္ထဇောအား တပ်သော တတိယဇော။ ပဉ္စမဇောအား တပ်သော စတုတ္ထဇော။ ဆဋ္ဌဇောအား တပ်သော ပဉ္စမဇော။ သတ္တမဇောအား တပ်သော ဆဋ္ဌဇော။ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် လေးခုအား တပ်သော ဂေါတြဘူကိစ္စ တပ်သော မဟာကြိယာ ပထမဒွေ။ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ၅-ခုအား တပ်သော

ဒေါ်ဖြာဘူကိစ္စ တပ်သော မဟာကြိယာ တတိယဒွေ။ သမာပဇ္ဇန ဝီထိ၌ နောက်နောက်သော မဟာဂ္ဂုတ်ကြိယာအား တပ်သော ရှေးရှေးသော ဇောတူမဟာဂ္ဂုတ်ကြိယာ ပစ္စည်းတရားတို့၏ အာသေဝနသတ္တိ ရ၏။

ဝဋ္ဋကုံ။ ။ဒွေပဉ္စဝိညာဉ်တဆယ်မရ၍ ပထမကွက် မဟောရ။ ဒုတိယကွက်၌လည်း ဝိပါက်စိတ်များမရသဖြင့် "ဝဋ္ဋံ ပစ္စယာ ကိရိယာဗျာကတာ ခန္ဓာ"ဟုသာ ဟောပါ။

ဝဋ္ဋကုံ၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ပထမဇော အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်ကြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကြိယာ ၉-ခု+စေတသိက် ပဥ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို ဗျာ-ဗျာအတိုင်း ကောက်ပါ။

## အဗျာကတေန ကုသလံ။

ဗျာ-ကု၊ ဗျာ-အကု၊ ကုဗျာ-ကု၊ အကုဗျာ-အကု၏ ပါဠိများမှာ ဟောပြပါဠိ။

အဗျာကတေန ကုသလံ၌-ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား ပထမဇော အစရှိသော ရှေးရှေး သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မဟာ ကုသိုလ်ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ်လေးခု+ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဌ်သတ္တိကို ကု-ကုအတိုင်းတွင် ဘုံသတ်ကောက်။

## အဗျာကတေန အကုသလံ။

အဗျာကတေန အကုသလံ၌- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပထမဇော အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော+ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို အကု-အကုအတိုင်းတွင် ဘုံသတ်ဆို။

## ကုသလာဗျာကတေန ကုသလံ။

ကုသလာဗျာကတေန ကုသလံ၌- ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား မဟာကုသိုလ် ဒုတိယာ ဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ်လေးခု+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယ ပစ္စည်း။ ပထမဇောအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မဟာကုသိုလ် ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ်လေးခု+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို ကု-ကုအတိုင်း ဘုံသတ်ကောက်။

## အကုသလာဗျာကတေန အကုသလံ။

အကုသလာဗျာကတေန အကုသလံ၌- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော+ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ပထမဇော အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်ဒွါဒသ ဒုတိယာဒိဇော+ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိကို အကု-အကုအတိုင်း ဘုံသတ်ကောက်။

အာသေဝန ပြီး၏။

### ကမ္မပစ္စည်း

ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌-ကုသိုလ် အကုသိုလ် ကြိယာ စေတနာ ကြဉ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ကမ္မေ နဝ၊ သတ္တရသ၊ ဘီဏိ။

ပါဠိတော်ဟောပုံမှာ ရုပ်သက်သက်၌ ဒုတိယ တတိယ စတုတ္ထကွက်များဖြစ်သော ဗာဟိရ အာဟာရသမုဋ္ဌာန် ဥတုသမုဋ္ဌာန်တို့မရ၍ မဟောရသည်သာဲထူး၏။ ကျန်ပါဠိအားလုံးကို ဝါရအား လျော်စွာ ဟောပါလေ။

ကတ္တားပုဒ်ကောက်ရာ၌လည်း ကံပုဒ်- ကတ္တားပုဒ်-ဟု ရှိရာ ကံပုဒ်များကို သူ့အတိုင်းကောက်၍ ကတ္တားပုဒ်များ၌ ကုသိုလ် အကုသိုလ် ကြိယာ စေတနာတို့ကို ကြဉ်၍ ကောက်ရသည်သာ ထူး၏။ ဟိတ်ပါဌ်ကို စာမျက်နှာ (ည)တွင် ကြည့်ပါ။

### ကုသလေန ကုသလံ။

ကုသလေန ကုသလံ၌- ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို(၆-ဝါရ) ကုသိုလ်စိတ် ကေဝီသ+ စေတနာ ကြဉ်သော စေတသိက် သတ္တတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာပစ္စည်းတရားတို့၏ ကမ္မသတ္တိ ရ၏။

### ကုသလေန အဗျာကတံ။

ကုသလေန အဗျာကတံ၌-အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ)စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ (ကောက်မြဲ အရကောက်ဖြစ်သည်။)

ကမ္မပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာ ပစ္စည်းတရားတို့၏ ကမ္မသတ္တိ ရ၏။

### ကုသလေန ကုသလာဗျာကတံ။

ကုသလေန ကုသလာဗျာကတံ၌- ကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို(၄-ဝါရ) ကုသိုလ်စိတ် ကေဝီသ+ စေတနာ ကြဉ်သော စေတသိက် သတ္တတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြု အပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ (ကောက်မြဲအတိုင်းတွင် ကတ္တားပုဒ်၌ စေတနာကြဉ်၍ ကောက်သည်သာ။)

ကမ္မပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာပစ္စည်းတရားတို့၏ ကမ္မသတ္တိရ၏။

ကုသလပဒ ၃-ချက်ပြီး၏။ အကုသလပဒ ၃-ချက်လည်း နည်းတူပင်။ ပါဠိ၌ အ-တိုးဟောမှု၊ အရကောက်၌ ကုသိုလ်ကေဝီသအစား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသဟု ဆိုရသည်သာ။

### အကုသလေန အကုသလံ။

အကုသလေန အကုသလံ၌-အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား အကုသိုလ်ဒွါဒသ+စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) အကုသိုလ် ဒွါဒသ+ စေတနာကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ်စိတ် ဒွါဒသ+စေတသိက် သတ္တဝီသ စိတ္တက္ခဏတခုတခု၌ရှိသော စေတနာပစ္စည်းတရားတို့၏ ကမ္မသတ္တိရ၏။

### အကုသလေန အဗျာကတံ။

အကုသလေန အဗျာကတံ၌–အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ပဋိစ္စသမုပ္ပါဒ်ရဘ်၌ ဖြစ်သော အခါ အကုသိုလ်စိတ် ဒွါဒသ+ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄–ဝါရ) စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။

ကမ္မပစ္စယာ ဟူသော ဟိတ်ပါဒ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဋိစ္စသမုပ္ပါဒ်ရဘ်၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ+ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာ ပစ္စည်းတရားတို့၏ ကမ္မသတ္တိရ၏။

### အကုသလေန အကုသလာဗျာကတံ။

အကုသလေန အကုသလာဗျာကတံ၌– အကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏အရကား ပဋိစ္စသမုပ္ပါဒ်ရဘ်၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ+ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄–ဝါရ) အကုသိုလ်စိတ် ဒွါဒသ+ စေတနာ ကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာ ဟူသော ဟိတ်ပါဒ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဋိစ္စသမုပ္ပါဒ်ရဘ်၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ+စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာ ပစ္စည်းတရား တို့၏ ကမ္မသတ္တိရ၏။

### အဗျာကတေန အဗျာကတံ။

ပဝတ္တိ၊ ပဋိသန္ဓေ–ပါဠိဟောမြဲဖြစ်ကြောင်း အထက်ကပြောခဲ့ပြီ။ ဟောပါတော့။

အဗျာကတေန အဗျာကတံ၌– ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ+စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို(၄–ဝါရ) ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ စေတနာ ကြဉ်သော စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။(ဝိပါက်စေတနာရသဖြင့် စေတသိက် အဋ္ဌတိံသ ဖြစ်သည်။)

ဟိတ်ပါဒ်သတ္တိမှာ သဟဇာတကမ္မသတ္တိ၊ နာနာက္ခဏိကကမ္မသတ္တိအားဖြင့် ၂–ချက်ရတယ်။

ကမ္မပစ္စယာဟူသော ဟိတ်ပါဒ်၏ အရကား သမ္ပယုတ္တခန္ဓာ အားရင်း၊ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် အားရင်း တပ်သော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ+ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော စေတနာပစ္စည်း တရား တို့၏ သဟဇာတကမ္မသတ္တိ။ ။ဝိပါက်ဆတ္တိံသအား တပ်သော အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ ပစ္စည်း တရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိ။ (တနည်းကား ကောက်ရန် ဤစာအုပ် စာမျက်နှာ (တ ကို ကြည့် ရမယ်။) အကုသလဝိပါက် ခုနစ်ခုအား တပ်သော အကုသိုလ် ဒွါဒသ၌ရှိသော စေတနာ။ အဟိတ် ကုသလဝိပါက် ရှစ်ခု၊ မဟာဝိပါက်ရှစ်ခု နာမက္ခန္ဓာအား တပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။ အဟိတ် ကုသလဝိပါက် ရှစ်ခု၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခုအား တပ်သော တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။ အဟိတ် ကုသလဝိပါက်ရှစ်ခု နာမက္ခန္ဓာအား တပ်သော ဒွိဟိတ်ဩမက မဟာကုသိုလ် စေတနာ။ ရူပါဝစရ ပထမဈာန်ဝိပါက် နာမက္ခန္ဓာအား တပ်သော ရူပါဝစရ ပထမဈာန်ကုသိုလ် စေတနာ။ ပ။ ပဉ္စမဈာန်ဝိပါက် နာမက္ခန္ဓာအား တပ်သော ပဉ္စမဈာန်ကုသိုလ် စေတနာ။အာကာသာနဉ္စာယတန ဝိပါက် နာမက္ခန္ဓာအားတပ်သော အာကာသာနဉ္စာယတန ကုသိုလ် စေတနာ။ပ။နေဝသညာနာသညာယတနဝိပါက်နာမက္ခန္ဓာအားတပ်သောနေဝသညာ နာသညာယတနကုသိုလ်စေတနာ။ သောတာပတ္တိဖိုလ်အား တပ်သော သောတာပတ္တိမဂ် စေတနာ။ ပ။ အရဟတ္တဖိုလ်အား တပ်သော အရဟတ္တမဂ် စေတနာ ပစ္စည်းတရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိရ၏။

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေစိတ် ဧကူနဝီသ+ စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကို (၄–ဝါရ) ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာဟူသော ဟိတ်ပါဒ်၏ အရကား သမ္ပယုတ္တခန္ဓာ အားရင်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ+ စေတသိက် ပဉ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာပစ္စည်း တရားတို့၏ သဟဇာတကမ္မသတ္တိ။ ။ပဋိသန္ဓေစိတ်ဧကူနဝီသနာမက္ခန္ဓာ,ကဋတ္တာရုပ်အား တပ်သောဥဒ္ဓစ္စစေတနာကြဉ်သောအကုသိုလ် စေတနာ ၁၁–ခု၊ မဟာကုသိုလ်စေတနာ ၈–ခု၊ ရူပကုသိုလ်စေတနာ ၅–ခု၊ အရူပကုသိုလ်စေတနာ ၄–ခု ပစ္စည်းတရားတို့၏

နာနာက္ခဏိက ကမ္မသတ္တိရ၏။ တနည်းကား ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဥဒ္ဒစ္စစေတနာ ကြဉ်သော အကုသိုလ်စေတနာ ၁၁-ခု။ ကာမတိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။ ဒွိဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် စေတနာ။ သုဂတိအဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဒွိဟိတ်ဩမက မဟာကုသိုလ်စေတနာ။ ပထမဈာန် ပဋိသန္ဓေနာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပထမဈာန် ကုသိုလ်စေတနာ။ ပ။ ပဥ္စမဈာန် ပဋိသန္ဓေနာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဥ္စမဈာန် ကုသိုလ်စေတနာ။ အာကာသာနဉ္စာယတန ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော အာကာသာနဉ္စာယတန ကုသိုလ် စေတနာ။ ပ။ နေဝသညာ နာသညာယတန ပဋိသန္ဓေနာမက္ခန္ဓာအား တပ်သော နေဝသညာ နာသညာယတန ကုသိုလ်စေတနာ ပစ္စည်းတရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိရ၏။

သံသဋ္ဌနှင့် သမ္ပယုတ္တဝါရအတွက် ဗျာ-ဗျာ၊ ပဝတ္တိကိုကောက်ရာ၌ ကတ္တားပုဒ်၏အရ "ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ်"ကို မဆိုရ။ ပဋိသန္ဓေအခါ ကတ္တားပုဒ်၌လည်း ပဋိသန္ဓေစိတ် ကျေနပ်သ+ စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို နှီးနှော၍ဖြစ်သော (ယှဉ်၍ဖြစ်သော) ပဋိသန္ဓေစိတ် ကျေနဝိသ+ စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏ဟု ဆိုရ၏။ ဟိတ်ပါဠ်များလည်း ရုပ်များကိုချန်၍ဆိုပါ။

ရုပ်သက်သက်၌ ရုပ် ၄-မျိုးရသဖြင့် ထိုရုပ် ၄-မျိုးကိုကောက်ပါ။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရ ဘုံ၌ အရူပဝိပါက် လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာတို့သည် ယထာ ရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ အသညသတ်ကမ္မဇ မဟာဘုတ် ပဝတ္တိကမ္မဇ မဟာဘုတ်ကို (၄-ဝါရ) ဘုတ်နှင့် တကွသော စိတ္တဇ ဥပါဒါရုပ် ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ် အသညသတ်ကမ္မဇ ဥပါဒါရုပ် ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။

ကမ္မပစ္စယာ-ဟူသော ဟိတ်ပါဠ်၏ အရကား စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ စိတ္တက္ခဏတခုတခု၌ ရှိသော စေတနာ ပစ္စည်း တရားတို့၏ သဟဇာတ ကမ္မသတ္တိ။ ။ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဥဒ္ဒစ္စစေတနာ ကြဉ်သော အကုသိုလ်စေတနာ ၁၁-ခု၊ မဟာကုသိုလ် စေတနာ ၈-ခု၊ ရူပကုသိုလ် စေတနာ ၅-ခု။ ပဝတ္တိကမ္မဇရုပ်အား တပ်သော အကုသိုလ် စေတနာ ၁၂-ခု၊ မဟာကုသိုလ် စေတနာ ၈-ခု၊ ရူပကုသိုလ် စေတနာ ၅-ခု။ အသညသတ် ကမ္မဇရုပ်အား တပ်သော ရူပ ပဥ္စမဈာန် ကုသိုလ်စေတနာ ပစ္စည်းတရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိရ၏။

ဝတ္ထုကံ။ ။ဟောမြဲပါဠိ ၂-ကွက်လုံးဟော။ ကတ္တားကောက်လည်း ဒွေ ပဥ္စ ဝိညာဉ်တဆယ်ကို ကောက်မြဲ အတိုင်းကောက်။ ပဋိသန္ဓေ အစရှိသော ဟဒယဝတ္ထု။ နိရောဓ ဟဒယဝတ္ထု။ မရဏာသန္နအခါ ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေ ပဥ္စ ဝိညာဉ် တဆယ် ကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ ကြိယာစိတ်ဝီသ ကြိယာစေတနာ ကြဉ်သော စေတသိက် သတ္တတိံသ အစိတ် အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏ဟု ကောက်ပါ။ ကြိယာစေတနာ ကြဉ်မှုသာ ထူး၏။ ဟိတ်ပါဠ်သတ္တိလည်း အထပ်ထပ်ပြောခဲ့သည့်အတိုင်း ဗျာ-ဗျာ ပဝတ္တိအတိုင်းတွင် အရူပဝိပါက်လေးခုကြဉ်၍ ဘုံသတ်ကောက်ပါလေ။

### အဗျာကတေန ကုသလံ။

ဟောမြဲပါဠိ။ ကတ္တားကောက်လည်း ကောက်မြဲ အတိုင်းတွင် စေတနာကြဉ်၍ စေတသိက် သတ္တတိံသဟု ဆိုရမှုသာထူး၏။ ဟိတ်ပါဠ်သတ္တိကို ကု-ကုအတိုင်းတွင် ဘုံသတ်ဆို။

### အဗျာကတေန အကုသလံ။

ဟောမြဲပါဠိ။ ကတ္တားကောက်တွင် စေတနာကြဉ်၍ စေတသိက် ဆဗ္ဗီသဟု ဆိုရမှုသာထူး၏။ ဟိတ်ပါဠ်သတ္တိလည်း အကု-အကုအတိုင်းတွင် ဘုံသတ်ဆို။

### အဗျာကတေန ကုသလာဗျာကတံ။

ဟောမြဲပါဠိ။ ကောက်မြဲကတ္တားကောက်တွင် စေတနာကြဉ်၍ စေတသိက် သတ္တတိံသ စသည်ဆို။ ဟိတ်ပါဠ်သတ္တိမှာ ကု-ကုဗျာ ဟိတ်ပါဠ်သတ္တိအတိုင်း ဖြစ်၏။

**အဗျာကတေန အကုသလာဗျာကတံ။**

ဟောမြဲပါဠိ။ ကောက်မြဲ ကတ္တားကောက်အတိုင်းတွင် စေတနာကြဉ်၍ကောက်။ စေတသိက် ဆဗ္ဗိသဟု ဆိုရပေမည်။ ဟိတ်ပါဌ်မှာလည်း အကု-အကုဗျာအတိုင်းပင်တည်း။

**ကုဗျာပဒ ၃-ချက်၊ အကုဗျာပဒ ၃-ချက်။**

အားလုံး ဟောမြဲပါဠိအတိုင်း ဟောပါ။ ကတ္တားကောက်များလည်း ကောက်မြဲ ကတ္တားကောက်အတိုင်းတွင် ကံပုဒ်ဘက်၌ စေတနာမကြဉ်ရဘဲ၊ကတ္တားပုဒ်ဘက်၌သာ စေတနာကြဉ်ရသည်ကို သိပါ။ ကုသိုလ်စေတနာများကြဉ်လျှင် စေတသိက် သတ္တတိံသ၊ အကုသိုလ်စေတနာကြဉ်လျှင် စေတသိက် ဆ သကျန်မည်။ အထပ်ထပ် ကောက်ခဲ့ပြီးဖြစ်၍ ကောက်တတ်လောက်ပြီ။

ဟိတ်ပါဌ်သတ္တိ၌ ကုဗျာ-ကုကို ကု-ကုအတိုင်း၊ ကုဗျာ-ဗျာကို ကု-ဗျာအတိုင်း၊ ကုဗျာ-ကုဗျာကို ကု-ကုဗျာအတိုင်း ကောက်ရမည်။ အကုဗျာ-အကုကို အကု-အကုအတိုင်း၊ အကုဗျာ-ဗျာကို အကု-ဗျာအတိုင်း၊ အကုဗျာ-အကုဗျာကို အကု-အကုဗျာအတိုင်း ကောက်ရမည်။

ကုဗျာ-ကု၊ ကုဗျာ-ကုဗျာ၊ အကုဗျာ-အကု၊ အကုဗျာ-အကုဗျာတို့သည် သဇ္ဇာ သတ္တရသမှဖြစ်ရာ ပစ္စယဝါရနှင့် နိဿယဝါရတို့နှင့်သာ ဆိုင်၏။ ကုဗျာ-ဗျာ၊ အကုဗျာ-ဗျာသည် ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ ဤ၄-ဝါရနှင့်ဆိုင်၏။

ကမ္မပစ္စည်းပြီး၏။

---

# ဝိပါကပစ္စည်း

ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌-အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဝိပါက်ပြုအပ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်။ ဝိပါကေ ဧကံ၊ ဧကံ၊ ဧကံ။ ဧကံဟူသော်ကား အဗျာကတေန အဗျာကတံဟူသည်တည်း။

ဝိပါကပစ္စည်းမှာ ဝိပါက်စိတ် ၃၆+စေတသိက် ၃၈ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါးရတယ်။ရုပ်ကလဲ ဝိပါက်ပြုအပ်တဲ့ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်ဘဲ ရတယ်။ ပါဠိက-

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပါကပစ္စယာ။ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဥ္စရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ။ (သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရကိုလဲ ဤနည်းအတူ ဟောပါ။ သံသဋ္ဌနှင့် သမ္ပယုတ္တဝါရမှာ စိတ္တသမုဋ္ဌာနဥ္စရူပံကို မဟောရပါဘူး။)

အဗျာကတေန အဗျာကတံ၌- ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ဝိပါက်စိတ် ဆတ္တိံသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို(၄-ဝါရ)ဝိပါက်စိတ် ဆတ္တိံသ- စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဝိပါကပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား အချင်းချင်းအားရင်း၊အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်စိတ်ဆတ္တိံသ+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ဝိပါကသတ္တိရ၏။

သံသဋ္ဌနှင့် သမ္ပယုတ္တဝါရ၌ ကတ္တားကောက်တွင် "ထိုနာမက္ခန္ဓာပြုအပ်သော စိတ္တဇရုပ်"ကို မဆိုရ။ ဟိတ်ပါဌ်၌လည်း အချင်းချင်းအား တပ်သော ဝိပါက်စိတ် ဆတ္တိံသ စသည်ကိုသာ ဆို။

ပဋိသန္ဓေ အခါအတွက် ပါဠိနှင့် ကတ္တားကောက်က ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက် ဖြစ်ပါတယ်။ စတုဝါရမှာ ကဋတ္တာရုပ်ပါဆို၊ ၃-ကွက်လုံး။ ဒွေဝါရမှာ ပထမကွက်သာ။

ဝိပါကပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာ ကဋတ္တာရုပ် အားရင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ+ စေတသိက် ပဉ္စတိံသ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ။

ဟဒယဝတ္ထုအား တပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ဝိပါကသတ္တိရ၏။ (ဒါက စတုဝါရ အတွက်၊ဒွေဝါရအတွက် ဟိတ်ပါဠ်သတ္တိမှာ ရုပ်မရ၍ အချင်းချင်းအား တပ်သော ပဋိသန္ဓေစိတ် ကေူနဝီသကိုသာ ဆို။)

ရုပ်သက်သက်မှာ စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်သာ ရ၍ ပါဠိတော်ကိုဟောရာ၌ ရုပ်သက်သက် ပထမကွက် ကိုသာ ဟောရပါမယ်။ ဟောမြဲ ပထမကွက် ပါဠိပါ။ ကတ္တားကောက်မှာသာ ဝိပါက်ပြုအပ်တဲ့ စိတ္တဇရုပ်ကို ကောက် ရမယ်။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဥ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ် သော စိတ္တဇမဟာဘုတ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေ ပန္နရသဘို့နှင့် ယထာရဟအတူ ဥပါဒါသော ပဋိသန္ဓေ ကမ္မဇမဟာ ဘုတ်ကို (၄-ဝါရ)ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါရုပ် ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။

ဝိပါကပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဥ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဥ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်စိတ် ဗာဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ဝိပါကသတ္တိ ရ၏။

**ဝတ္ထုကုံ**။ ။ပါဠိက ပထမကွက်ဟောမြဲ။ ဒုတိယကွက်မှာ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ခန္ဓာ-လို့သာ ဟောရမယ်။ ကြိယာဗျာကတာ ခန္ဓာ မဆိုရဘူး။ ကတ္တားပုဒ်ထဲမှာလဲ ကောက်မြဲ အတိုင်းမှာ "ကြိယာစိတ်ဝီသ"ကို မထည့်ဘဲ ဆို။ ဟိတ်ပါဠ်သတ္တိကတော့ ဗျာ-ဗျာ ပဝတ္တိဟိတ်ပါဠ်ကောက် အတိုင်းမှာ အချင်းချင်းအား တပ်သောလို့ ဆိုပြီး အရူပဝိပါက် ၄-ခုကြဉ်၍ ဘုံသတ်ပါ။

## အာဟာရပစ္စည်း

အာဟာရပစ္စည်း၏ သုဒ္ဓသင့်ဝါရ၌- အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အာဟာရဇရုပ်။ ။အာဟာရေ နဝ၊ သတ္တရသ၊ တေဏိ။

အာဟာရပစ္စည်းမှာ ကုသိုလ်ကေဝီသ၊ ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ရသဖြင့် ကုသလပဒ ၃-ချက်၏ပါဠိဟာ ဟောမြဲပါဠိဖြစ်မယ်။ ကတ္တားကောက်ကလဲ ကောက်မြဲ ကတ္တားကောက် ဖြစ်ပါတယ်။ ။ထိုနည်းတူစွာ အကုသိုလ် ဒွါဒသ၊ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ရသဖြင့် အကုသလပဒ ၃-ချက်၏ပါဠိလဲ ဟောမြဲ ပါဠိဖြစ်တယ်။ ကတ္တား ကောက်လဲ ကောက်မြဲ ကတ္တားကောက်ဖြစ်တယ်။ဒီတော့ ပါဠိနှင့်ကတ္တားကောက်များကို ရေးမပြတော့ဘူး။ ကိုယ့်ဟာ ကိုယ်ဆိုတော့ ဆိုရမယ်။ ဟိတ်ပါဠ်သတ္တိများကိုသာ ရေးပြပါမယ်။ ဤစာအုပ် စာမျက်နှာ (၄)ကို ကြည့်ပါ။

ကု-ကု။ ။အာဟာရပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ဧကဝီသ+စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ ရ၏။

ကု-ဗျာ။ ။အာဟာရပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ+စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိ ရ၏။

ကု-ကုဗျာ။ ။အာဟာရပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ+ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိရ၏။

အကု-အကု။ ။အာဟာရပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ် စိတ်ဒွါဒသ+ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိရ၏။

အကု-ဗျာ။ ။အာဟာရပစ္စယာဟူသော ဟိတ်ပါဠ်၏အရကား စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ+ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိရ၏။

အကု-အကုဗျာ။ ။အာဟာရပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ+ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိရ၏။

## အဗျာကတေန အဗျာကတံ

ပဝတ္တိ၊ ပဋိသန္ဓေမှာ ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက် ဖြစ်ပါတယ်။ ရုပ်သက်သက်မှာ ပထမကွက် ဟောပြီး အာဟာရသမုဋ္ဌာန် ဧကံ မဟာဘူတံကို အာဟာရဇရုပ်အတွက် ဟောရမယ်။ ဝတ္ထုဂါကလဲ အားလုံးရနေ သဖြင့် ဟောမြဲပါဠိနှင့် ကောက်မြဲကတ္တား ကောက်ပါ။

**ပဝတ္တိ။** ။အာဟာရပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် အားရင်း တပ်သော ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ်ဝီသ+ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိရ၏။

**ပဋိသန္ဓေ။** ။အာဟာရပစ္စယာ-ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာ အားရင်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ+ စေတသိက် ပဉ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ အာဟာရသတ္တိရ၏။

ရုပ်သက်သက်အတွက် ပါဠိနှင့်ကတ္တားကောက်မှာ-

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ။ ။အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု ဒွေပဉ္စ ဝိညာဉ်တဆယ် ရဟန္တာတို့စုတိ ကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော ပဋိသန္ဓေကမ္မဇ မဟာဘုတ်၊ အာဟာရဇမဟာဘုတ်ကို (၄-ဝါရ)ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါရုပ် ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ် အာဟာရဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။

အာဟာရပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိ ကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ နာမ်အာဟာရသတ္တိ။ ။အာဟာရဇရုပ်အား တပ်သော ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇသြဇာပစ္စည်း တရားတို့၏ ရုပ်အာဟာရသတ္တိရ၏။

**ဝတ္ထုကံ။** ။ဟောမြဲပါဠိ။ ကောက်မြဲ ကတ္တားကောက်။ ဟိတ်ပါဌ်သတ္တိလည်း ဗျာ-ဗျာ ပဝတ္တိအတိုင်းတွင် နာမ်သက်သက် ပစ္စယုပ္ပန်တရားကို အရူပဝိပါက် ၄-ခုကြဉ်၍ ဘုံသတ်ကောက်။

ဗျာ-ကု။ ။ဟောမြဲပါဠိ။ ကောက်မြဲကတ္တားကောက်။ ဟိတ်ပါဌ်သတ္တိကို ကု-ကုအတိုင်း ဘုံသတ်ကောက်။

ဗျာ-အကု။ ။ဟောမြဲပါဠိ။ ကောက်မြဲ ကတ္တားကောက်။ ဟိတ်ပါဌ်သတ္တိကို အကု-အကုအတိုင်း ဘုံသတ် ကောက်။

ဗျာ-ကုဗျာ။ ။ဟောမြဲပါဠိ။ ကောက်မြဲ ကတ္တားကောက်။ ဟိတ်ပါဌ်သတ္တိကို ကု-ကုဗျာအတိုင်း ကောက်။

ဗျာ-အကုဗျာ။ ။ဟောမြဲပါဠိ။ ကောက်မြဲ ကတ္တားကောက်။ ဟိတ်ပါဌ်သတ္တိကို အကု-အကုဗျာအတိုင်း ကောက်။

ကုဗျာပဒ ၃-ချက်၊ အကုဗျာပဒ ၃-ချက်တို့၌လည်း ဟောမြဲပါဠိနှင့် ကောက်မြဲ ကတ္တားကောက် များပင် ဖြစ်သည်။ အထူးမရှိ။ ဟိတ်ပါဌ်သတ္တိများလည်း အထပ်ထပ်ပြောခဲ့သည့်အတိုင်းပင်။

အာဟာရပြီး၏။

---

## ဣန္ဒြိယပစ္စည်း

ဣန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌– အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ဣန္ဒြိယေ နဝ၊ သတ္တရသ၊ တိဏိ။

ပါဠိတော်မှာ ကမ္မပစ္စည်းနှင့် တူ၏။ ရုပ်သက်သက်၌ ပထမကွက်နှင့် ပဉ္စမကွက်ကိုသာ ဟောရသည်။ ကျန် တရားအားလုံး ဟောမြဲ။ ကတ္တားကောက်၌ ကုသလပဒ ၃–ချက်နှင့် အကုသလပဒ ၃–ချက်တို့မှာ ကုသိုလ် ကေဝီသ၊ အကုသိုလ်ဒွါဒသရ၍ ကောက်မြဲအတိုင်း ကောက်ရသည်။ ဟိတ်ပါဌ် သတ္တိအတွက် ဤစာအုပ် စာမျက်နှာ (၄) ကိုပင်ကြည့်ရမည်။ ဟိတ်ပါဌ်ကိုသာ ကောက်ပြအံ့။

ကု–ကု။ ။ဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ကေဝီသ × စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဇီဝိတ စိတ်ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ ရ၏။

ကု–ဗျာ။ ။ဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ ရှိသော ဇီဝိတစိတ်ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိရ၏၊

ကု–ကုဗျာ။ ။ဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တ ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယ သတ္တိရ၏။

အကုသိုလ်မှာ သဒ္ဓါ သတိ ပညာ မယှဉ်သဖြင့် နာမ်ဣန္ဒြေတရားကိုယ် ၅–ပါးသာ ရမယ်။

အကု–အကု။ ။ဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၅–ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ ရ၏။

အကု–ဗျာ။ ။ဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၅–ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ ရ၏။

အကု–အကုဗျာ။ ။ဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တ ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၅–ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ ရ၏

အဗျာကတေန အဗျာကတံ

ပဝတ္တိ။ ။ဟောမြဲပါဠိ ကောက်မြဲကတ္တားကောက် ဖြစ်ကြောင်း ပြောခဲ့ပြီ၊ စတုဝါရဆိုရင် ရုပ်ပါဆိုရတယ်၊ ဒွေဝါရမှာ ရုပ်မရဘူး၊ ဒါကို ကိန်းသေမှတ်ထားပါ၊ ဟိတ်ပါဌ်သတ္တိမှာလဲ စတုဝါရဆိုရင် စိတ္တဇရုပ်ကိုပါ ယူရတယ်၊ ဒွေဝါရမှာ သမ္ပယုတ္တ ခန္ဓာ နာမ်ကိုသာ ယူရတယ်၊ ဤစာအုပ် စာမျက်နှာ (၄)ကိုဘဲ ကြည့်ပါ။

ဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာဝိတ်ဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါး ပစ္စည်းတရားတို့၏ သဟဇာတိန္ဒြိယသတ္တိ၊ စက္ခုဝိညာဉ်ဓာတ်အား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ။ မရဏာသန္နအခါ စက္ခုဝိညာဉ်ဓာတ်အား တပ်သော စုတိစိတ်မှပြန်၍ ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော စက္ခုန္ဒြေ၊ (ပေယျာလ ဖော်ဆိုပါ) ကာယဝိညာဉ်ဓာတ်အား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယိန္ဒြေ၊ မရဏာသန္နအခါ ကာယဝိညာဉ်ဓာတ်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ကာယိန္ဒြေပစ္စည်းတရားတို့၏ ပုရေဇာတိန္ဒြိယသတ္တိ ရ၏။

ပဋ္ဌိသန္ဓေ။ ။ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက်ပါဘဲ၊သူ့ကိုလဲ စတုဝါရ ဒွေဝါရ အသီးသီး ခွဲခြား သိ၍ ဟောပါ၊ ဟိတ်ပါဌ်သတ္တိကို ကောက်ပြပါမယ်။

ဣန္ဒြိယပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အား ရင်း တပ်သောပဋိသန္ဓေစိတ် ကျေနဝိသ + စေတသိက် ပဥ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဇီဝိတ စိတ်ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါး ပစ္စည်းတရားတို့၏ ဣန္ဒြိယသတ္တိ ရ၏။

ရုပ်သက်သက်။ ။ရုပ် ၄–မျိုးရပါတယ်၊ ပါဠိကတော့ ကမ္မပစ္စည်းမှာ ဟောဘဲ့အတိုင်းဖြစ်တယ်၊ ကတ္တား ကောက်မှာ ရုပ်ဇီဝိတိန္ဒြေကြဉ်ပြီး ကောက်ရမယ်။

ရုပ်သက်သက် ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄–ခု ဒွေ ပဥ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာတို့ သည် ယထာရဟ ပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ အသညသတ် ကမ္မဇမဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်ကို (၄–ဝါရ) ဘုတ်နှင့် တကွသော စိတ္တဇဥပါဒါရုပ် ပဋိသန္ဓေ ကမ္မဇ ဥပါဒါရုပ် ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော အသညသတ် ကမ္မဇဥပါဒါရုပ် ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄–ခု ဒွေ ပဥ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ စိတ္တက္ခဏ တခုတခု၌ ရှိသော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး ပစ္စည်းတရားတို့၏ သဟဇာတိန္ဒြိယသတ္တိ၊ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ ရူပဇီဝိတိန္ဒြိယသတ္တိ ရ၏။

ဝတ္ထုကံ။ ။ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက်၊ ဟိတ်ပါဌ်သတ္တိလည်း ဗျာ–ဗျာ ပဝတ္တိအတိုင်းတွင် အရူပဝိပါက် ၄–ခုကြဉ် ဘုံသတ်၍ နာမ်သာကောက်။

အဗျာကတေန ကုသလံ ဝသည်။

ဗျာ–ကု၊ ဗျာ–အကု၊ ဗျာ–ကုဗျာ၊ ဗျာ-အကုဗျာနှင့် ကုဗျာပဒ ၃–ချက်၊ အကုဗျာပဒ ၃–ချက်တို့၏ ပါဠိမှာ၊ ကတ္တားကောက်များသည် ဟောမြဲ ကောက်မြဲအတိုင်း ဖြစ်၏၊ဟိတ်ပါဌ်သတ္တိလည်း ဗျာ–ကု ကုဗျာ–ကုကို ကု–ကုအတိုင်း ဘုံသတ်ကောက်၊ ဗျာ–အကု၊ အကုဗျာ-အကုကို အကု–အကုအတိုင်း ဘုံသတ်ကောက်၊ ဗျာ–ကုဗျာ၊ ကုဗျာ–ကုဗျာကို ကု–ကုဗျာအတိုင်း ကောက်၊ ဗျာ–အကုဗျာ၊ အကုဗျာ–အကုဗျာကို အကု–အကုဗျာအတိုင်း ကောက်ပါ။

ဗျာ–ကု စသည်၏ ဟိတ်ပါဌ်ကောက်ပုံကို အထပ်ထပ် ပြောခဲ့ပြီ၊ နောက်ထပ် မရေးတော့ပြီ၊ ယခု မှာသည်ကို မှတ်သားထားပါ၊ ကောက်မြဲဟု ဆိုလျှင် သိပါတော့။

ဈာနပစ္စည်း

ဈာနပစ္စည်း၏ သုဒ္ဓသံချာဝါရ၌ ဒွေ ပဥ္စဝိညာဉ် တဆယ် ကြဉ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်၊ ဈာနေ နဝ၊ သတ္တရသ၊ တီဏိ။

ဈာနပစ္စည်း၏ သုဒ္ဓသံချာကို သရုပ်ခွဲလျှင် ကုသိုလ်ဧကဝိသ၊ အကုသိုလ်ဒွါဒသ၊ ကုသိုလ် အကုသိုလ် ပြုအပ်သော စိတ္တဇရုပ်တွေ ရသဖြင့် ကုသလပဒ ၃-ချက်နှင့် အကုသလပဒ ၃–ချက်၏ ပါဠိကို ဟောမြဲအတိုင်း ဟောပါ၊ကတ္တားကောက် လဲ ကောက်မြဲအတိုင်း ဖြစ်ပါတယ်၊ ဗျာ-ဗျာ ရုပ်သက်သက်မှာ ပထမကွက်သာ ဟောရမယ်၊ ဝတ္ထုကံမှာလဲ ဒုတိယကွက် သာ ဟောရမယ်၊ ကျန်တာအားလုံး ဟောမြဲအတိုင်း ဟောရမယ်။

ကု–ကု။ ။ဈာနပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ဧကဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ-ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ ရ၏။

ကု–ဗျာ။ ။ဈာနပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ဖြစ် သောအခါ ကုသိုလ်စိတ် ဧကဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ-ဟု ဆိုအပ်သော ဈာနင် တရားကိုယ် ၅-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ ရ၏။

ကု-ကုဗျာ။ ။ဈာနပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက် ဝိစာရ, ပီတိ ဝေဒနာ ဧကဂ္ဂတာ-ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ ရ၏။

အကုသလပဒ ၃-ချက်၏ ဟိတ်ပါဠ်သတ္တိကိုလည်း ကုသလပဒ ၃-ချက်နည်းတူ ဆိုရပေမည်၊ ကုသိုလ် ကေဝီသ+ စေတသိက် အဋ္ဌတိံသအစား အကုသိုလ်ဒွါဒသ + စေတသိက်သတ္တဝီသ ဟု ဆိုပါ။

## အဗျာကတေန အဗျာကတံ။

ပဝတ္တိ။ ။ပါဠိဟောမြဲ၊ ကတ္တားကောက်၌ ဒွေ ပဉ္စဝိညာဉ် တဆယ် ကြဉ်ရမည်။

အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ဝိပါက်စိတ် ဆဗ္ဗီသ၊ ကြိယာစိတ်ဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို(၄-ဝါရ) ဝိပါက်စိတ် ဆဗ္ဗီသ၊ ကြိယာစိတ်ဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဈာနပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သော ဒွေ ပဉ္စဝိညာဉ်တဆယ် ကြဉ်သော ဝိပါက်စိတ် ဆဗ္ဗီသ၊ ကြိယာစိတ်ဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ-ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ ရ၏။

ဒွေ ဝါရအတွက် ပါဠိ၊ ကတ္တားကောက်၊ ဟိတ်ပါဠ်များ၌ ရုပ်ချန်၍ ဆိုရပုံကို အထပ်ထပ်ပြောခဲ့ပြီ၊ သိလောက်ပြီဖြစ်၍ ဒွေဝါရများအတွက် နောက်ထပ် မရေးပြတော့ပြီ။

ပဋိသန္ဓေ။ ။ဟောမြဲပါဠိ၊ ကောက်မြဲကတ္တားကောက်။

ဈာနပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ + စေတသိက် ပဉ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသောဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားတို့၏ ဈာနသတ္တိ ရ၏။

ရုပ်သက်သက်။ ။စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်ဟူ၍ ၂-မျိုးသာရသည်၊ ပါဠိကို ဟောရာ၌ ရုပ်သက်သက် ပထမကွက်ကိုသာ ဟောရ၏၊ ကတ္တားကောက်လည်း ထို ၂-မျိုးကိုပင် ကောက်။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တား ပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်ကို (၄-ဝါရ) ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါရုပ် ပဋိသန္ဓေ ကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဈာနပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ဒွေ ပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ စိတ္တက္ခဏ တခုတခု၌ ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ-ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်း တရားတို့၏ ဈာနသတ္တိ ရ၏။

ဝတ္ထုကံ။ ။ဒွေ ပဉ္စဝိညာဉ်တဆယ် မရသဖြင့် စက္ခာယတနံ စသည် မဟောရ၊ ဒုတိယကွက်မှ ဝတ္ထုံ ပစ္စယာ ဝိပါကာ ဗျာကတာ ကြိယာ ဗျာကတာ ခန္ဓာကိုသာ ဟောရမည်၊ ကတ္တားကောက်လည်း ဤစာအုပ် စာမျက်နှာ (င) ရှိ ဗျာ-ဗျာ အရကောက်၏ ဒုတိယကွက်ဖြစ်သော "ပဋိသန္ဓေ အစရှိသော"အတိုင်း အားလုံးကို ဆိုပါ၊ဟိတ်ပါဠ်မှာ-

ဈာနပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ဒွေ ပဉ္စဝိညာဉ်တဆယ် ကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ ကြိယာစိတ်ဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ-ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါးပစ္စည်း တရားတို့၏ ဈာနသတ္တိ ရ၏။

### အဗျာကတေန ကုသလံစသည်။

ဗျာ–ကု စသည်အားလုံး ပါဠိမှာ ဟောမြဲပါဠိများ ဖြစ်သည်၊ ကတ္တားကောက်များလည်း ကောက်မြဲကတ္တား ကောက်များကိုပင် ကောက်ရသည်၊ ဟိတ်ပါဌ်သတ္တိလည်း ဆိုမြဲအတိုင်း ဈာနင်တရားကိုယ် ၅-ပါးဟု ဆိုပါ၊ ဟောတတ် လောက်ပြီဖြစ်၍ ရေးမပြတော့ပြီ။ ။ဈာနပစ္စည်းပြီး၏။

### မဂ္ဂပစ္စည်း

မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေ ပညာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။ မဂ္ဂေ နဝ၊ သတ္တရသ၊ တိဏိ။

ဟေတု၊ ဈာန၊ မဂ္ဂပစ္စည်းတို့၏ ပါဠိများ အတူတူပင်ဖြစ်သည်၊ ကုသလပဒ ၃-ချက် အကုသလပဒ ၃–ချက် ၏ ကတ္တားကောက်များလည်း ကောက်မြဲကတ္တားကောက်များပင် ဖြစ်၏၊ ဟိတ်ပါဌ်သတ္တိ၌သာ မဂ္ဂင်တရားကိုယ်များကို ဆိုရမည်၊ ဤစာအုပ် စာမျက်နှာ (၄၅)ကို ကြည့်ပါ။

ကု-ကု။ ။သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ ရှိသော ပညာ ဝိတက် ဝိရတီ-၃ ဝီရိယ သတိ ဧကဂ္ဂတာ-ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးပစ္စည်းတရားတို့၏ မဂ္ဂ သတ္တိရ၏။

ကု-ဗျာ။ ။စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝိရတီ-၃ ဝီရိယ သတိ ဧကဂ္ဂတာ-ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

ကု-ကုဗျာ။ ။သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ + စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝိရတီ-၃ ဝီရိယ သတိ ဧကဂ္ဂတာ-ဟု ဆိုအပ် သော မဂ္ဂင်တရားကိုယ် ရှစ်ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

အကုသလပဒ၌ ပညာ ဝိရတီ ၃-ခု သတိတို့သည် အကုသိုလ်၌ မယှဉ်နိုင်၍မရ၊ ဝိတက် ဝီရိယ ဧကဂ္ဂတာနှင့် ဒိဋ္ဌိ စေတသိက်သာ အကုသိုလ်၌ ယှဉ်နိုင်သဖြင့် မဂ္ဂင်တရားကိုယ် ၄–ပါးဟု ဆိုရမည်။

အကု-အကု။ ။မဂ္ဂပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ ရှိသော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ–ဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၄–ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

အကု-ဗျာ။ ။မဂ္ဂပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၄–ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

အကု-အကုဗျာ။ ။မဂ္ဂပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ-ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

### အဗျာကတေန အဗျာကတံ။

ပဝတ္တိ။ ။ဟောမြဲပါဠိ၊ ကတ္တားကောက်ကို ဟေတုပစ္စည်းအတိုင်း ကောက်ပါ။

မဂ္ဂပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကားသမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားရင်း တပ်သော သဟိတ်ဝိပါက် ကေဝီသ၊ သဟိတ်ကြိယာသတ္တရသ+ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝိရတီ ၃ ဝီရိယ သတိ ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

ပဋိသန္ဓေ။ ။ဟောမြဲပါဠိ။ ကတ္တားကောက်ကို ဟေတုပစ္စည်းအတိုင်း ကောက်ပါ။ ဟိတ်ပါဌ်မှာ ဝိရတီ စေတသိက်သည် ပဋိသန္ဓေအခါ မယှဉ်၍ မဂ္ဂင် ၅-ပါးသာ ရ၏။

မဂ္ဂပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား သမ္ပယုတ္တခန္ဓာ အားရင်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် အားရင်း တပ်သော သဟိတ်ပဋိသန္ဓေ သတ္တရသ+ စေတသိက် ပဉ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၅–ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိရ၏။

ရုပ်သက်သက်။ ။ပါဠိ ကတ္တားကောက်များသည် ဟေတုဗစ္စည်းနှင့် တူ၏။

မဂ္ဂပစ္စယာဟူသော ဟိတ်ပါဒ်၏ အရကား သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့စုတိ ကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝိရတီ ၃ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင် တရားကိုယ် ၉-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိရ၏။

ဝတ္ထုကံ။ ။ဟေတုပစ္စည်းနှင့် တူ၏။ ပါဠိနှင့်ကတ္တားကောက်ကို ဟေတုအတိုင်း ဟောရမည်။ ဤစာအုပ် စာမျက်နှာ ၂၅-၌ ပြခဲ့ပြီ။

မဂ္ဂပစ္စယာဟူသော ဟိတ်ပါဒ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သဟိတ်ဝိပါက် သတ္တရသ၊ သဟိတ်ကြိယာ သတ္တရသ+ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝိရတီ ၃ ဝီရိယ သတိ ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါး ပစ္စည်း တရားတို့၏ မဂ္ဂသတ္တိရ၏။

အဗျာကတေန ကုသလံစသည်

ဗျာ-ကုစသည်အားလုံး ပါဠိမှာ ဟောမြဲပါဠိများဖြစ်သည်။ ကတ္တားကောက်များလည်း ကောက်မြဲကတ္တား ကောက်များပင်ဖြစ်သည်။ ဟိတ်ပါဒ်သတ္တိ၌ ကုသိုလ်တွင် မဂ္ဂင်တရားကိုယ် ရှစ်ပါး၊ အကုသိုလ်တွင် မဂ္ဂင်တရားကိုယ် ၅-ပါး ဖြစ်မည်။

မဂ္ဂပြီး၏။

---

## ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌- အရူပဝိပါက်လေးခု ကြဉ်သော ပဉ္စဝေါကာရဘုံ၌ ပဝတ္တိ ပဋိကန္ဓေ နာမက္ခန္ဓာလေးပါး။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်။ ။ဝိပ္ပယုတ္တေ နဝ၊ သတ္တရသ၊ ကိဏ္ဏိ။

ဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာကို ပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာနှင့်နှိုင်းယှဉ်ကြည့်ရင် နာမ်တရားမှာ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးကို ဝိပ္ပယုတ္တပစ္စည်းကရတယ်။ ပုရေဇာတပစ္စည်းက မရဘူး။ဒီပဋိသန္ဓေ နာမက္ခန္ဓာဟာလဲ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဖြစ်တယ်။ နာမ်တရားရဲ့သရုပ်ဟာ ပဉ္စဝေါကာရဘုံမှာဖြစ်တဲ့ စိတ် ၇၅-ခုပါဘဲ။ ပုရေဇာတ တုန်းက ရုပ်တရား လုံးဝမရဘူး။ ဝိပ္ပယုတ္တက စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ် ၂-မျိုးရတယ်။

ဝိပ္ပယုတ္တပစ္စည်း၏ ပါဠိတော်ဟောပုံနှင့် ပတ်သက်ပြီး အဖျားသတ်ပါဠိများ ထည့်ပေးရပုံကို စာမျက်နှာ (၈) ပါဠိတော်ဇယား၏အောက်နားမှာ ဇယားတခုထပ်ရေးပြထားတယ်။ ဟောမြဲရသင့်ပါဠိများဟောပြီး ကတ္တားပုဒ်ပါဠိကို စဉ်းစားရမယ်။ နာမ်တရားသာဖြစ်ရင် "ဝတ္ထုံ ဝိပ္ပယုတ္တ ပစ္စယာ"လို့ ထပ်ဆိုရမည်။ ကတ္တားပုဒ်ဟာ ရုပ်ချည်းဖြစ်ရင် "ခန္ဓေ ဝိပ္ပယုတ္တ ပစ္စယာ"လို့ ဆိုရမယ်။ ကတ္တားပုဒ်မှာ နာမ်ရော ရုပ်ရော ရှိနေရင် "ခန္ဓာဝတ္ထုံ ဝိပ္ပယုတ္တ ပစ္စယာ၊ စိတ္တသမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ"လို့ ဆိုရမည်။ ပဋိသန္ဓေအခါမှာ- "ခန္ဓာဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ၊ ကဋတ္တာရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ"လို့ ဇယား ပထမကွက် ပါဠိအတွက် အဖျားသတ်ဖြစ်တယ်။ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ ကျတော့ "ခန္ဓာဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ၊ ဝတ္ထု ခန္ဓေ ဝိပ္ပယုတ္တ ပစ္စယာ"လို့ အဖျားသတ် ပါဠိကလေးတွေ ထည့်ပေးရ ပါတယ်။

ဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာအရ သရုပ်ခွဲရင် ကုသိုလ်ဆိုင်ရာက ပဉ္စဝေါကာရဘုံမှာဖြစ်တဲ့ ကုသိုလ်ကောဝီသ+ စေတသိက် အဋ္ဌတိံသ ရတယ်။ အကုသိုလ်ကလဲ ပဉ္စဝေါကာရဘုံမှာဖြစ်တဲ့ အကုသိုလ်ဒွါဒသ+ စေတသိက် သတ္တဝီသ ရတယ်။ အဗျာကတကတော့ အရူပဝိပါက်လေးခု ကြဉ်တဲ့ ပဉ္စဝေါကာရဘုံမှာဖြစ်တဲ့ ဝိပါက်စိတ် ဗာတ္တိံသ၊ကြိယာစိတ် ဝီသ+ စေတသိက် အဋ္ဌတိံသ ရမယ်။ ရုပ်ကတော့ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ် ရမယ်။ ပဋိသန္ဓေမှာလဲ ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသဘဲ ရမယ်။ ဒီသရုပ်ကို မှတ်သားပြီး ဟောမြဲပါဠိအတိုင်းမှာ အဖျားသတ် ပါဠိကလေးတွေ ထည့်ဆို ရမယ်။ ကတ္တားကောက်တွေကလဲ သူ့သရုပ်အတိုင်း ကောက်ရရုံပါဘဲ။

## ကုသလေန ကုသလံ။

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တ ပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ ဝတ္ထုံ ဝိပ္ပယုတ္တ ပစ္စယာ။ (၆-ဝါရ)

ကတ္တားကောက်သည် ပုရေဇာတတုန်းကအတိုင်း ကောက်ပါ။ ဘုံသတ် ကောက်ပါတယ်။ ဟိတ်ပါဌ်သတ္တိကို ဤစာအုပ် စာမျက်နှာ (၃)ကို ကြည့်ကောက်ရပါလိမ့်မယ်။

ဝိပ္ပယုတ္တပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်ကေဝီသအား တပ်သော ဝုဋ္ဌောမနော္ဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတ ဝိပ္ပယုတ္တသတ္တိရ၏။ (ဒိဟိတ်ပါဌ် သတ္တိဟာ နိဿယပစ္စည်းတုန်းက ပုရေဇာတနိဿယ သတ္တိအနေဖြင့် ကောက်ခဲ့တဲ့ ဟိတ်ပါဌ်သတ္တိဘဲ ဖြစ်ပါတယ်။)

## ကုသလေန အဗျာကတံ။

ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တပစ္စယာ။ ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ။ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။ (၄-ဝါရ)

ကောက်မြဲကတ္တားကောက်။ ဟိတ်ပါဌ်သတ္တိမှာ-

ဝိပ္ပယုတ္တပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ ဝိပ္ပယုတ္တသတ္တိရ၏။

## ကုသလေန ကုသလာဗျာကတံ။

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဝိပ္ပယုတ္တပစ္စယာ။ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော စိတ္တသမုဋ္ဌာနဉ္စရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ။ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကောက်မြဲကတ္တား ကောက်။ ၄-ဝါရ။

ဝိပ္ပယုတ္တပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတ ဝိပ္ပယုတ္တသတ္တိ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်ကေဝီသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။မရဏာသန္နကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတ ဝိပ္ပယုတ္တသတ္တိ ရ၏။

## အကုသလေန အကုသလံ။

အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တပစ္စယာ၊ အကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။ (၆-ဝါရ)

ပုရေဇာတ ကတ္တားကောက်နှင့် တူ၏၊ ကောက်မြဲအတိုင်းတွင် ဘုံသတ်ကောက်သည်။

ဝိပ္ပယုတ္တပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သောအကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္န အကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတဝိပ္ပယုတ္တသတ္တိ ရ၏။

## အကုသလေန အဗျာကတံ။

အကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တပစ္စယာ၊ အကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ (၄-ဝါရ)။

ကောက်မြဲ ကတ္တားကောက်။

ဝိပ္ပယုတ္တပစ္စယာ ဟူသော ဟိတ်ပါဋ္ဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဋိသန္ဓေကာလဖြစ်သောအခါ အကုသိုလ်ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတဝိပ္ပယုတ္တသတ္တိရ၏။

အကုသလေန အကုသလာဗျာကတံ။

အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မော ဥပ္ပဇ္ဇန္တိ ဝိပ္ပယုတ္တပစ္စယာ၊ အကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကောက်မြဲကတ္တားကောက်၊ ၄-ဝါရ။

ဝိပ္ပယုတ္တပစ္စယာ ဟူသော ဟိတ်ပါဋ္ဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဋိသန္ဓေကာလဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတဝိပ္ပယုတ္တသတ္တိ။ ပဋိသန္ဓေကာလဖြစ်သောအခါ နောက်နောက်သော အကုသိုလ် ဒွါဒသအား တပ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအကုသိုလ်ဇော ၅-ချက်အား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတဝိပ္ပယုတ္တသတ္တိ ရ၏။

အဗျာကတေန အဗျာကတံ။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တပစ္စယာ၊ ဝိပါကာ ဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ဒီပါဋ္ဌ်ဟာ စတုဝါရ ပဝတ္တိအတွက် ပါဋ္ဌ်ဖြစ်ပါတယ်၊ ကတ္တားကောက်က-

အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေကာလ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ဝိပါက်စိတ် ဗာတ္တိံသကြိယာစိတ်ဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-ဝါရ) ဝိပါက်စိတ် ဗာတ္တိံသကြိယာစိတ်ဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဝိပ္ပယုတ္တပစ္စယာ ဟူသော ဟိတ်ပါဋ္ဌ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဋိသန္ဓေကာလဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်စိတ်ဗာဝီသ၊ ကြိယာစိတ်ဝီသ+ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတဝိပ္ပယုတ္တသတ္တိ၊ စက္ခုဝိညာဉ်ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု၊ မရဏာသန္နအခါ စက္ခုဝိညာဉ်ဒွေအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော စက္ခုဝတ္ထု။ (ပေယျာလ ဖော်ဆိုပါ) ကာယဝိညာဉ် ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင်သော ကာယဝတ္ထု၊ မရဏာသန္နအခါ ကာယဝိညာဉ်ဒွေအား တပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ကာယဝတ္ထု၊ ပဋိသန္ဓေကာလဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ကြဉ်သော နောက်နောက်သော ဝိပါက်စိတ် ဗာဝီသ၊ ကြိယာစိတ်ဝီသအား တပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေ့စိတ္တက္ခဏတချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ ပဋိသန္ဓေကာလဘဝင် ၁၅-ခု၊ အာဝဇ္ဇန်းဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ မရဏာသန္နကြိယာဇော ၅-ချက်၊ တဒါရုံ၊ စုတိအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ပုရေဇာတဝိပ္ပယုတ္တသတ္တိ ရ၏။

သံသဋ္ဌနှင့် သမ္ပယုတ္တဝါရမှာ နာမ်ချည်းသက်သက်ကို ဟောရသဖြင့် အဖျားသတ်ပါဋ္ဌ်ဟာ "ဝတ္ထုံဝိပ္ပယုတ္တပစ္စယာ"လို့ ဆိုရရုံပါဘဲ၊ ကတ္တားကောက်ကလဲ နာမ်ချည်းကောက်ရမယ်၊ ဟိတ်ပါဋ္ဌ်သတ္တိလဲ နာမ်ကိုသာ ဆိုရရုံပါဘဲ၊ ပဋိသန္ဓေအတွက် ဆက်ဟောရင်-

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ၊ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ ကဋတ္တာ ရူပံ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ၊ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ၊ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ၊ ဝတ္ထု ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ပဋိသန္ဓေ အခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေ ပဉ္စဝေါကာရ ပဋိသန္ဓေ ပဉ္စရသ + စေတသိက် ပဋိသန္ဓေ အစိတ်အစိတ်၊ အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကို (၄-ဝါရ) ပဉ္စဝေါကာရ ပဋိသန္ဓေ ပဉ္စရသ + စေတသိက် ပဋိသန္ဓေ အစိတ်အစိတ်၊ အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဝိပ္ပယုတ္တပစ္စယာ ဟူသော ဟိတ်ပါဒ်၏ အရကား ကဋတ္တာရုပ်အား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပဉ္စရသ + စေတသိက် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ သဟဇာတဝိပ္ပယုတ္တသတ္တိ ရ၏။

သံသဋ္ဌနှင့် သမ္ပယုတ္တဝါရမှာ ပါဠိက ဟောမြဲပါဠိအတိုင်း နာမ်ချည်းသက်သက် ဟော၍ အဖြားသတ်မှာ "ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ" လို့ ထည့်ပေးရမယ်၊ ကတ္တားကောက်ကလဲ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာကိုသာ ကောက်ရရုံပါဘဲ၊ ဟိတ်ပါဒ်ကျတော့ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပဉ္စရသ+စေတသိက် ပဋိသန္ဓေ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတဝိပ္ပယုတ္တသတ္တိရ၏လို့ ဆိုရပါလိမ့်မယ်။

ရုပ်သက်သက်။ ။ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်လို့ ရုပ် ၂-မျိုးရသဖြင့် ဒီရုပ် ၂-မျိုးကိုဘဲ ကောက်ပါ။

ဝိပ္ပယုတ္တပစ္စယာ ဟူသော ဟိတ်ပါဒ်၏ အရကား စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတဝိပ္ပယုတ္တသတ္တိ ရ၏။

ဝတ္ထုကံ။ ။၂-ကွက်လုံး ဟောရမယ်၊ နာမ်ကတ္တားဖြစ်၍ "ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ"ဆို။

စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ၊ သောတာယတနံ ပစ္စယာ သောတဝိညာဏံ၊ ဃာနာယတနံ ပစ္စယာ ဃာနဝိညာဏံ၊ ဇိဝှါယတနံ ပစ္စယာ ဇိဝှါဝိညာဏံ၊ ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ၊ ဝတ္ထုံ ပစ္စယာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ၊ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။

ကတ္တားကောက်က ကောက်မြဲကတ္တားကောက် ဖြစ်တယ်၊ ဤစာအုပ် စာမျက်နှာ (င)ရှိ ဇယားမှာ ပြထားတဲ့အတိုင်း ဗျာ-ဗျာ၏ ၂-ကွက်လုံးကို သူ့အတိုင်း ဆိုရမယ်၊ ဟိတ်ပါဒ်သတ္တိက ခုနက ဗျာ-ဗျာ ပဝတ္တိမှာဆိုခဲ့တဲ့ အတိုင်း ပုရေဇာတ ဝိပ္ပယုတ္တသတ္တိကိုသာ ဆိုရမယ်၊ စိတ္တဇရုပ်နှင့်မဆိုင်လို့ သဟဇာတဝိပ္ပယုတ္တကို မဟောရပါဘူး။

အဗျာကတေန ကုသလံစသည်။

ဗျာ-ကု၊ ဗျာ-အကုမှာ ဟောမြဲပါဠိအတိုင်း ဟော၍ အဖြားသတ် "ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ"လို့ ထည့်ဆိုပါ၊ ကတ္တားကောက်မှာ အထူးမရှိ ကောက်မြဲပါဘဲ၊ ဟိတ်ပါဒ်လဲ ကု-ကု၊ အကု-အကုတို့ရဲ့ ဟိတ်ပါဒ် သတ္တိအတိုင်း ဖြစ်ပါတယ်၊ ဗျာ-ကုဗျာ စသည်မှာ—

အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဝိပ္ပယုတ္တပစ္စယာ၊ ဝတ္ထုံ ပစ္စယာ ကုသလာ ခန္ဓာ၊ မဟာဘူတေ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ၊ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ စိတ္တသမုဋ္ဌာနာရူပံ၊ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

ကတ္တားကောက် ကောက်မြဲ၊ ဟိတ်ပါဒ်ဟောမြဲ၊ ကု-ကုဗျာ ဟိတ်ပါဒ်အတိုင်း။

ဗျာ-အကုဗျာမှာ ဗျာ-ကုဗျာအတိုင်းတွင် 'အ'တိုး၍ဟော၊ ကတ္တားကောက်လည်း ကောက်မြဲ၊ ဟိတ်ပါဒ်လည်း အကု-အကုဗျာအတိုင်းပင် ဖြစ်၏။

ကုဗျာပဒ ၃-ချက်၊ အကုဗျာပဒ ၃-ချက်တို့၏ ပါဠိကိုသာ ရေးပြမယ်၊ ကတ္တားကောက်နှင့် ဟိတ်ပါဒ်သတ္တိတို့မှာ အထူးမရှိ၊ ကောက်မြဲအတိုင်း ဟောမြဲအတိုင်း ဖြစ်ပါတယ်။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တပစ္စယာ၊ ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ၊ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တပစ္စယာ၊ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ၊ ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ ၊(၄-ဝါရ)။

ကုသလဥ္စ အဗျာကတဥ္စ ဓမ္မံ ပစ္စယာ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဝိပ္ပယုတ္တပစ္စယာ၊ ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ၊ တယော ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဒွေ ခန္ဓာ၊ ကုသလေ ခန္ဓေ စ မဟာဘူတေ စ ပစ္စယာ စိတ္တသမုဋ္ဌာနံ ရူပံ၊ ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တပစ္စယာ စိတ္တသမုဋ္ဌာနံရူပံ၊ခန္ဓေ ဝိပ္ပယုတ္တပစ္စယာ။

အကုဗျာပဒ ၃-ချက်၏ ပါဠိတော်ကို ဟောရာ၌ ကုဗျာပဒ ၃-ချက်အတိုင်းတွင် အ-တိုး၍ ဟောရသည်သာ ထူး၏၊ ဟောနိုင်ပါပြီ၊ အဖျားသတ် ပါဠိထည့်ရသည်ကိုသာ သတိပြုပါ။

ဝိပ္ပယုတ္တ ပြီး၏၊ ဆ၀ါရ အနုလုံကိစ္စပြီးပါပြီ၊ ဒေသနာက္ကမ အစဉ်အတိုင်း ဟောလိုက ဟောပါလေ။

## ဆ၀ါရ ၈ိဘင် ပစ္စနိက်

ဆ၀ါရ ပစ္စနိက်သုဒ္ဓသင်္ချာဇယားကို စာချက်နှာ (၀)မှာ ပြထားပါတယ်၊ အနုလုံတုန်းက သဟဇာတ၊ နိဿယ၊ အတ္ထိ၊အဝိဂတ ၄-ပစ္စည်းမှာ နာမ်ကုန် ရုပ်ကုန် ရခဲ့သဖြင့် ဒီ ၄-ပစ္စည်းကို ပစ္စနိက်မှာ မရပါဘူး၊ ကျန်ပစ္စည်းပေါင်း(၂၀) ဟာ စတုဝါရမှာ ရတယ်၊ ဒွေဝါရမှာ ရုပ်တရားများ မရသဖြင့် (၁၀)ပစ္စည်းဘဲ ရပါတယ်၊ ဇယားကိုကြည့်လိုက်ရင် သံသဋ္ဌလို့ ခေါင်းစဉ်ပြထားတဲ့ အောက်မှာ ကွက်လပ်ကလေးတွေ တွေ့ပါလိမ့်မယ်၊ အဲဒီပစ္စည်းတွေမှာ မရပါဘူး၊ နအာရမ္မဏ အစရှိတဲ့ (၇)ပစ္စည်း၊ န အညမည၊ န အာဟာရ၊ နဣန္ဒြိယပစ္စည်းတွေကို သံသဋ္ဌနှင့် သမ္ပယုတ္တဝါရမှာ မဟောပါဘူး။

### နဟေတု

နဟေတု ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မောဟမူဒွေ၌ မောဟ၊ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး အဟိတ်စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇ ရုပ်၊ ဤတရားတို့သည် နဟေတု ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ ဖြစ်သော တရားတို့ မည်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ဤပစ္စနိက်၌ နဟေတု ယာ ဒွေ၊ စတ္တာရိ၊ ဒွေဟု သင်္ချာတပ်၍ ဟောအပ်ကုန်၏၊ ဒွေ ဟူသော်ကား အကုသလေန အကု သလံ၊ အဗျာကတေန အဗျာကတံ ဟူသည်တည်း၊ ဝတ္တာရိ ဟူသော်ကား အကုသလေန အကုသလံ၊အဗျာကတေန အဗျာ ကတံ၊ အဗျာကတေန အကုသလံ၊ အကုသလာ ဗျာကတေန အကုသလံ ဟူသည်တည်း၊ ဒွေ ဟူသော်ကား အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည်တည်း။

သုဒ္ဓသင်္ချာအရ သရုပ်ခွဲရင် မောဟမူဒွေ၌ရှိသော မောဟသည် အကုသိုလ် ဖြစ်ပါတယ်၊ သူ့အတွက် အကုသလေန အကုသလံလို့ သင်္ချာထွက်ပါတယ်၊ ကျန်တဲ့တရားတွေက အဗျာကတ ဖြစ်ပါတယ်၊ သူတို့အတွက် အဗျာကတေန အဗျာကတံလို့ သင်္ချာထွက်ပါလိမ့်မယ်၊ စတ္တာရိမှာ မောဟမူဒွေ၌ မောဟကြောင့် အဗျာကတေန အကုသလံ၊ အကုသလာ ဗျာကတေန အကုသလံလို့ ရပြန်ပါတယ်။

ပစ္စနိက်ပါဠိ ဟောပုံကလဲ အနုလုံတုန်းက သဘောအတိုင်းပါဘဲ၊ သုဒ္ဓသင်္ချာရှိတရားကို ကြည့်ပြီး ဟောပါတယ်၊ သို့သော် ထူးရာပါဠိများအတွက် ဤစာအုပ် စာချက်နှာ (ဘ)မှာ ပြထားပါတယ်၊ မောဟမူဒွေ၌ မောဟကိုဝိဘင်ထူးရာ ပါဠိဇယားမှာ ပြထားပါတယ်၊ ပဋိစ္စဝါရအတွက် ပါဠိက–

အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ၊ ဝိစိကိစ္ဆာ သဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပဋိစ္စ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

သဟဇာတဝါရ။ ။အကုသလံ ဓမ္မံ သဟဇာတော အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ၊ ဝိစိကိစ္ဆာ သဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ သဟဇာတော ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

ပစ္စယဝါရ။ ။အကုသလံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ၊ ဝိစိကိစ္ဆာသဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

နိဿယဝါရ။ ။အကုသလံ ဓမ္မံ နိဿာယ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတု ပစ္စယာ၊ ဝိစိကိစ္ဆာ သဟ ဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ နိဿာယ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

သံသဋ္ဌဝါရ။ ။အကုသလံ ဓမ္မံ သံသဋ္ဌော အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတု ပစ္စယာ၊ ဝိစိကိစ္ဆာ သဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ သံသဋ္ဌော ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

သမ္ပယုတ္တဝါရ။ ။အကုသလံ ဓမ္မံ သမ္ပယုတ္တော အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ၊ ဝိစိကိစ္ဆာ သဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ သမ္ပယုတ္တော ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

ကတ္တားကောက်ကို စာမျက်နှာ (မ)မှာ ပြထားပါတယ်။

## အကုသလေန အကုသလံ။

အကုသလေန အကုသလံ၌- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ဝိစိကိစ္ဆာ သဟဂုတ် ဥဒ္ဓစ္စ သဟဂုတ်+စေတသိက် စုဒ္ဒသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၆-ဝါရ) ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟပစ္စယုပ္ပန်တရား ရ၏။

ပစ္စနိက် ဟိတ်ပါဠ်ကောက်များအတွက် စာမျက်နှာ (လ) (ဝ) (သ)မှာ ပြထားပါတယ်။ ပစ္စနိက် ဟိတ်ပါဠ် သတ္တိဟာ မျိုးအားဖြင့်ကောက်နည်း၊ ၂၃-ပစ္စည်းအားဖြင့် ကောက်နည်းဟူ၍ ၂-မျိုးရှိသည့်အနက် ပစ္စည်းရေအားဖြင့် ကောက်နည်းကိုသာ ကောက်ပါလိမ့်မည်။ မျိုးအားဖြင့် ကောက်နည်းကို ပဋ္ဌာန်းပါရဂူကျမ်းမှာ ကြည့်နိုင်ပါတယ်။

နဟေတု ပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ ပစ္ဆာဇာတ ဝိပါက ဤ (၄)ပစ္စည်းမှ တပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## အဗျာကတေန အဗျာကတံ။

အဟိတ်ဝိပါက် အဟိတ်ကြိယာနာမက္ခန္ဓာများသာရသဖြင့် ဟောမြဲပါဠိတွင်"အဟေတုကံ"သဒ္ဒါထည့်၍ဟောပါ၏။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ။ အဟေတုကံ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကောခန္ဓော စိတ္တ-သမုဋ္ဌာနဉ္စရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စရူပံ။

သဟဇာတဝါရ၊ ပစ္စယဝါရနှင့် နိဿယဝါရတို့၏ ပါဠိတော်ကိုဟောရာ၌ ဝါရအားလျော်စွာ ဟောပါလေ။ ဒွေဝါရ၌ စိတ္တဇရုပ်မရ၍ စိတ္တသမုဋ္ဌာနဉ္စရူပံ မဟောရပြီ။ ပဋိစ္စဝါရကိုပြလျှင် ကျန်ဝါရများအတွက် သိနိုင်ပြီဖြစ်၍ နောက်ထပ် မပြောတော့ပြီ။

အဗျာကတေန အဗျာကတံ၌- ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား အဟိတ်စိတ် အဋ္ဌာရသ+ဆန္ဒ ကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ အပိတ်အစိတ် နာမက္ခန္ဓာကို (၄-ဝါရ) အဟိတ်စိတ် အဋ္ဌာရသ+ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ အပိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပူးအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နဟေတု ပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ ပစ္ဆာဇာတ မဂ္ဂ ဤ(၄)ပစ္စည်းမှ တပါး၊ (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ပဋိသန္ဓေအတွက် ပါဠိကိုဟောရာမှာလဲ "အဟေတုက"သဒ္ဒါ ထည့်ဟောရမယ်။

အဟေတုက ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာစရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကောခန္ဓော ကဋတ္တာစရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာစရူပံ။ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံပဋိစ္စ ခန္ဓာ။

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အဟိတ်ပဋိသန္ဓေ ၂-ခု၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက်တဆယ် အပိတ်အစိတ် အပိတ်အပေါင်း နာမက္ခန္ဓာဟဒယဝတ္ထုကို (၄-ဝါရ) အဟိတ်ပဋိသန္ဓေ ၂-ခု+ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်း စေတသိက်တဆယ် အပိတ်အစိတ် အပိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

နဟေတုပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန မဂ္ဂ- ဤ(၆)ပစ္စည်းမှတပါး (၁၈)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

နဟေတုပစ္စည်းမှာ အဟိတ် စိတ္တဇရုပ် အစရှိသောအားဖြင့် ရုပ် ၇-မျိုးလုံးရပါတယ်။ ဒီတော့ အနုလုံဟေနီးက ရုပ် ၇-မျိုးလုံးရတဲ့ သဟဇာတပစ္စည်း၏ ပါဠိနှင့် အတူတူဖြစ်ပါတယ်။ ဆိုလိုတာက ရုပ်သက်သက် ပါဠိဇယား ၅-ကွက် လုံးကို ဟောပါ။ ကတ္တားကောက်မှာသာ စိတ္တဇရုပ်အစား အဟိတ် စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အစား အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ကောက်ရမယ်။ ပါဠိကိုရေးပြစရာ မလိုတော့ဘူး။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ပဋိစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေ ပဉ္စ ဝိညာဉ်တဆယ် ကြဉ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော အဟိတ်စိတ္တဇ မဟာဘုတ်၊ အဟိတ်ပဋိသန္ဓေ ၂-ခုနှင့် ယထာရဟအတူ ဥပါဒ်သော အဟိတ်ပဋိသန္ဓေကမ္မဇ မဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ် ကမ္မဇမဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်ကို (၄-ဝါရ) ဘုတ်နှင့် တကွသော အဟိတ်စိတ္တဇ ဥပါဒါရုပ် အဟိတ်ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ် ဗာဟိရဥပါဒါရုပ် အာဟာရဇ ဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ်ကမ္မဇ ဥပါဒါရုပ် ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

န ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠ်၏ အရကား သဟဇာတ အညမည နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ (၁၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ဝတ္ထုကံ။ ။ဒွေ ပဉ္စ ဝိညာဉ်တဆယ်ရသဖြင့် ၎င်းအတွက် ဟောမြဲပါဠိ၊ကောက်မြဲ ကတ္တားကောက်ဖြစ်ပါတယ်။ ကျန်တဲ့ အဟိတ်ဝိပါက် အဟိတ်ကြိယာတွေအတွက် ပါဠိကတော့ အဟေတုကာသဒ္ဒါ ထည့်ပြီး ဟောရပါမယ်။

စက္ခာယတနံ ပစ္စယာ စက္ခုဝိညာဏံ(ပ)ကာယာယတနံ ပစ္စယာ ကာယဝိညာဏံ။ ဝတ္ထုံ ပစ္စယာ အဟေတုကာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ။

ပစ္စယဝါရအတွက် ကတ္တားကောက်တွေကို ဤစာအုပ် စာမျက်နှာ (ရ) မှာကြည့်ရပါတယ်။ ဒွေ ပဉ္စ ဝိညာဉ် တဆယ်အတွက် အနုလုံတုန်းကအတိုင်း ကောက်ပါ။ ပြီးတော့-

ဝတ္ထုကံ၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယ ပစ္စည်းပြု၍ဖြစ်သော ပဋိစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေ ပဉ္စ ဝိညာဉ်တဆယ် ကြဉ်သော ပထမဘဝင် အစရှိသော အဟိတ်ဝိပါက် အဟိတ်ကြိယာ+ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

န ဟေတုပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ ပစ္ဆာဇာတ မဂ္ဂ- ဤ(၄)ပစ္စည်းမှ တပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## အဗျာကတေန အကုသလံ။

အဗျာကတံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာ။ ဝတ္ထုံ ပစ္စယာ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

အဗျာကတေန အကုသလံ၌- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ ဖြစ်သော ပဋိစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟ ပစ္စယုပ္ပန်တရား ရ၏။

န ဟေတုပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ ပစ္ဆာဇာတ ဝိပါက-ဤ(၄)ပစ္စည်းမှတပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## အကုသလာဗျာကတေန အကုသလံ။

အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတု ပစ္စယာ။ ဝိစိကိစ္ဆာ သဟဂတေ ဥဒ္ဓစ္စသဟဂတေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ဝိစိကိစ္ဆာသဟဂတော ဥဒ္ဓစ္စသဟဂတော မောဟော။

အကုသလာဗျာကတေန အကုသလံ၌- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ် + စေတသိက် စုဒ္ဒသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း၊ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်း ပြု၍ဖြစ်သော ပဋိစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဝိစိကိစ္ဆာသဟဂုတ် ဥဒ္ဓစ္စသဟဂုတ်၌ရှိသော မောဟပစ္စယုပ္ပန်တရား ရ၏။

န ဟေတုပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ ပစ္ဆာဇာတ ဝိပါက ဤ(၄)ပစ္စည်းမှတပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## န အာရမ္မဏ စသည်။

န အာရမ္မဏ၊ န အနန္တရ၊ န သမနန္တရ၊ န ဥပနိဿယ၊ န သမ္ပယုတ္တ၊ နောနတ္ထိ၊ နောဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊နအာရမ္မဏေ န အနန္တရေနသမနန္တရေနဥပနိဿယေ နသမ္ပယုတ္တေနောနတ္ထိယာနောဝိဂတေ ပဉ္စ-ပဉ္စ။ ။ပဉ္စဟူသော်ကား ကုသလေန အဗျာကတံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေန အဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ ဟူသည်တည်း။

နအာရမ္မဏ အစရှိတဲ့ ဒီ(၇)ပစ္စည်းတို့၏ ပါဠိ၊ ကတ္တားကောက်၊ဟိတ်ပါဠ်သတ္တိတွေဟာ အားလုံးကုန်တူပါတယ်။ တပစ္စည်းကိုပြလျှင် ပြီးပါတယ်၊ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရတို့မှာ ဒီ(၇)ပစ္စည်း မရကြောင်း ပြောခဲ့ပါပြီ၊ သုဒ္ဓသင်္ချာဇယားမှာလဲ ကွက်လွတ်ပြထားပါတယ်၊ သင်္ချာပဉ္စဟာ (ဗျာ-၅ ချက်)လို့ ခေါ်ပါတယ်၊ ဗျာ ၅-ချက်ဆိုတာအထက်က ဆိုခဲ့ပြီးအတိုင်း ကု-ဗျာ၊ အကု-ဗျာ၊ ဗျာ-ဗျာ၊ ကုဗျာ-ဗျာ၊ အကုဗျာ-ဗျာ ဖြစ်ပါတယ်။

သုဒ္ဓသင်္ချာအရ ရုပ်(၇)မျိုး ရနေတာကို တွေ့ရပါမယ်၊ ကု-ဗျာ၊ အကု-ဗျာ၊ ကုဗျာ-ဗျာ၊ အကုဗျာ-ဗျာတို့၏ ပါဠိနှင့် ကတ္တားကောက်ဟာ အနုလုံသဟဇာတပစ္စည်းအတိုင်း ဖြစ်ပါတယ်။

### ကုသလေန အဗျာကတံ။

ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နအာရမ္မဏပစ္စယာ၊ကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ။

ကုသလေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဝတ္တိကာလ၌ ဖြစ်သော အခါ ကုသိုလ်စိတ် ဧကဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) ကုသိုလ် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအာရမ္မဏပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ သဟဇာတ နိဿယ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၁၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

### အကုသလေန အဗျာကတံ။

အကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နအာရမ္မဏပစ္စယာ၊အကုသလေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။

အကုသလေန အဗျာကတံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဝတ္တိကာလ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) အကုသိုလ် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအာရမ္မဏပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ သဟဇာတ နိဿယ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၁၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

### အဗျာကတေန အဗျာကတံ။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နအာရမ္မဏပစ္စယာ၊ ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။

အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဝတ္တိကာလ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ဒွေ့ ပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ကြိယာစိတ်ဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအာရမ္မဏပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ သဟဇာတ နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၁၃)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတေ ခန္ဓေ ပဋိစ္စ ကဋတ္တာ ရူပံ၊ ခန္ဓေ ပဋိစ္စ ဝတ္ထု။

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ + စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) ကဋတ္တာရုပ်ပစ္စယုပ္ပန်တရား ရ၏။

နအာရမ္မဏပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု သဟဇာတ အညမည နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ (၁၃)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ရုပ်သက်သက်မှာ ရုပ် (၇) မျိုးလုံးရ၍ အနုလုံသဟဇာတပစ္စည်းတုန်းက ဟောခဲ့တဲ့အတိုင်း ပါဠိရော ကတ္တားကောက်ရော ဟောရပါတယ်၊ အတူတူပါဘဲ၊ ဟိတ်ပါဌ်သတ္တိဘဲ ပြမယ်။

နအာရမ္မဏပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ (၁၄) ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## ကုသလာဗျာကတေန အဗျာကတံ။

အနုလုံ သဟဇာတပစ္စည်း ကုဗျာ-ဗျာမှာ ဟောခဲ့တဲ့အတိုင်း ပါဠိရော ကတ္တားကောက်ရော အတူတူပါဘဲ၊ ဟိတ်ပါဌ်ကလဲ နာရမ္မဏပစ္စည်း ကု-ဗျာအတိုင်း (၁၂) ပစ္စည်း ဖြစ်ပါတယ်။

## အကုသလာဗျာကတေနအဗျာကတံ။

အနုလုံ သဟဇာတပစ္စည်း အကုဗျာ-ဗျာမှာ ဟောခဲ့တဲ့အတိုင်း ပါဠိရော ကတ္တားကောက်ရော အတူတူပါဘဲ၊ ဟိတ်ပါဌ်ကလဲ နာရမ္မဏပစ္စည်း အကု-ဗျာအတိုင်း (၁၂) ပစ္စည်း ဖြစ်ပါတယ်။

## နအဓိပတိ

နအဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွိဒေသ၊ အဟိတ်ကြိယာ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ လောကီဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ နိရာဓိပတိ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ နအဓိပတိယာနဝ၊ သတ္တရသ၊ တိဏိ။

နအဓိပတိပစ္စည်း၏ ပါဠိတော်တွေကို ရေးပြစရာမလိုပါဘူး၊ ပဋိစ္စနှင့် သဟဇာတဝါရ၏ သင်္ချာ နဝ အတွက်၊ ပစ္စယဝါရနှင့် နိဿယဝါရအတွက် သင်္ချာ သတ္တရသ၊ သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရ၏ သင်္ချာ တီတိတွေဟာ အနုလုံသဟဇာတပစ္စည်းမှာ ဟောခဲ့တဲ့အတိုင်း အားလုံးကုန်တူပါတယ်၊ ဟောမြဲ အပြည့်အစုံပါဠိများ ဖြစ်ပါတယ်၊ ကတ္တားနှင့် ဟိတ်ပါဌ်ဘဲ ပြပါမယ်။

ကု-ကု။ ။ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ရှစ်ခု၊ ကြွင်းရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မင် ၄-ခု + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၆-ဝါရ) အဓိပတိတရားကိုယ်၊ မရသောအခါ မဟာကုသိုလ်ရှစ်ခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) မဟာကုသိုလ် ရှစ်ခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

နအဓိပတိပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အဓိပတိ ပစ္ဆာဇာတ ဝိပါက ဤ (၃) ပစ္စည်းမှတပါး (၂၁) ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ကု-ဗျာ။ ။အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ် ရှစ်ခု + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) နိရာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအဓိပတိပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ဟေတု သဟဇာတ နိဿယ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ (၁၁) ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ကု-ကုဗျာ။ ။ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ် ရှစ်ခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-ဝါရ) မဟာကုသိုလ် ရှစ်ခု + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော နိရာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအဓိပတိပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အဓိပတိ ပစ္ဆာဇာတ ဝိပါက ဤ(၃) ပစ္စည်းမှတပါး (၂၁) ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

အကု-အကု။ ။အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ လောဘမူ ရှစ်ခု၊ ဒေါသမူဒွေ + ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) အဓိပတိတရားကိုယ်၊ မရသောအခါ အကုသိုလ်ဒွိဒေသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) အကုသိုလ် ဒွိဒေသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ် သတ္တိမှာ ကု-ကုအတိုင်း (၂၁) ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**အကု-ဗျာ။** ။အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဍ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို **မရသောအခါ** အကုသိုလ် ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာကို(၄-ဝါရ) နိရာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

**ဟိတ်ပါဌ်** သတ္တိမှာ ကု-ဗျာအတိုင်း (၁၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**အကု-အကုဗျာ။** ။အကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏ အရကား ပဍ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ အကုသိုလ်ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-ဝါရ) အကုသိုလ်ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော နိရာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

**ဟိတ်ပါဌ်** သတ္တိမှာ ကု-ကုအတိုင်း (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

**အဗျာကတေန အဗျာကတံ။**

**ပဝတ္တိ။** ။အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာ ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဖိုလ် ၄-ခု + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) အဓိပတိတရားကိုယ်၊ မရသောအခါ အဟိတ်ကြိယာ ၃-ခု၊ မဟာကြိယာ ဂ-ခု၊ လောကီဝိပါက်ဗာတ္တိံသ+ စေတသိက် ပဍ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-ဝါရ) အဟိတ်ကြိယာ ၃-ခု၊ မဟာကြိယာ ဂ-ခု၊ လောကီ ဝိပါက် ဗာတ္တိံသ စေတသိက် ပဍ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော နိရောဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအဓိပတိပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အဓိပတိ ပစ္စာဇာတ ဤ (၂)ပစ္စည်းမှတပါး (၂၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**ပဋိသန္ဓေ။** ။ပဋိသန္ဓေအခါမှာ အဓိပတိပစ္စည်း မတပ်သဖြင့် အနုလုံတုန်းက လုံးဝမှာဟောခဲ့ပါဘူး၊ ဒီတော့ ပစ္စနိက်မှာ ပဋိသန္ဓေနဲ့ဆိုင်ရာ တရားအားလုံး လာရမယ်၊ ပါဠိက အနုလုံ ပါဠိဇယားရဲ့ ပဋိသန္ဓေဆိုင်ရာ ၃-ကွက်လုံးကို ဟောရမယ်၊ ကတ္တားကောက်ကလဲ အနုလုံသဟဇာတတုန်းက ကောက်ခဲ့တဲ့အတိုင်း ကောက်ရရုံပါဘဲ၊ ဟိတ်ပါဌ်က-

နအဓိပတိပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား အဓိပတိ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန ဤ(၄)ပစ္စည်း မှတပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**ရုပ်သက်သက်။** ။ပါဠိက ရုပ်(၇) မျိုးလုံးအတွက် ဟောမြဲပါဠိဖြစ်တယ်၊ ကတ္တားကောက်ဟာ စာမျက်နှာ (ဿ)မှာ ဇယားနဲ့ပြထားတယ်၊ ဇယား ၃-ကွက်အနက် ပထမကွက်ကို နဲနဲပြင်ဟောရမယ်၊ ဒုတိယနှင့် တတိယကွက်က သူ့အတိုင်း ဟောရပါတယ်၊ ဘယ်လိုပြင်ရသလဲဆိုရင် ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာကို နိရာဓိပတိ ကုသိုလ်အကုသိုလ် ဝိပါက်ကြိယာလို့ ပြင်ရမယ်၊ စိတ္တဇမဟာဘုတ် စိတ္တဇဥပါဒါရုပ်ကို နိရာဓိပတိစိတ္တဇ မဟာဘုတ် နိရာဓိပတိစိတ္တဇဥပါဒါ ရုပ်တို့ ပြင်ပါ။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဍ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဍ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော နိရာဓိပတိ ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော နိရာဓိပတိစိတ္တဇမဟာဘုတ်၊ ပဍ္စဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ် ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်ကို (၄-ဝါရ) ဘုတ်နှင့်တကွသော နိရာဓိပတိစိတ္တဇ ဥပါဒါရုပ် ပဋိသန္ဓေ ကမ္မဇ ဥပါဒါရုပ် ဗာဟိရ ဥပါဒါရုပ် အာဟာရဇ ဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ် ကမ္မဇဥပါဒါရုပ် ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအဓိပတိပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ဟေတု သဟဇာတ အညမည နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၁၃)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**ဝတ္ထုကံ။** ။ဒွေ ပဍ္စဝိညာဉ်တဆယ်ကို ကောက်မြဲအတိုင်း ကောက်ပါ၊ ပြီးတော့-

ပဋိသန္ဓေ အခါရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဍ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာ ဂ-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဖိုလ် ၄-ခု ၌ရှိသော အဓိပတိတရားကိုယ်၊ မရသောအခါ အရူပဝိပါက် ၄-ခု၊ ဒွေ ပဍ္စဝိညာဉ်တဆယ် ကြဉ်သော လောကီဝိပါက်

အဌာရသ၊ အဟိတ်ကြိယာ ၃–ခု၊ မဟာကြိယာ ၈–ခု + စေတသိက် ပဥ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

နအဓိပတိပစ္စယာ ဟူသော ဟိတ်ပါဠိ၏ အရကား အဓိပတိ ပစ္စာဇာတ ဤ ၂–ပစ္စည်းမှတပါး (၂၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## အဗျာကတေန ကုသလံ။

အဗျာကတေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ် ၈–ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ် ၄–ခု၌ရှိသော အဓိပတိတရားကိုယ်။မရသောအခါ မဟာကုသိုလ် ရှစ်ခု+စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဠိသတ္တိ။ ။ကု–ကုအတိုင်း အဓိပတိ ပစ္ဆာဇာတ ငါပါက ဤ ၃–ပစ္စည်းမှတပါး (၂၁) ပစ္စည်းတို့၏ ယထာရဟသတ္တိဟု ကောက်။

## အဗျာကတေန အကုသလံ။

အဗျာကတေန အကုသလံ၌ အကုသလောဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း–အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်း ပြု၍ဖြစ်သောပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု၊ဒေါသမူဒွေ+ဝိစိကိစ္ဆာ ကြဉ်သောစေတသိက် ဆဗ္ဗီသဥ္ဇရှိသောအဓိပတိတရားကိုယ်။ မရသောအခါ အကုသိုလ် ဒွါဒသ+ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိမှာ အဓိပတိ ပစ္ဆာဇာတ ဝိပါကမှတပါး (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

## အဗျာကတေန ကုသလာဗျာကတံ။

အဗျာကတေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်း ပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ် ရှစ်ခု+ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော နိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠိသတ္တိ= ကု–ကုအတိုင်း (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

## အဗျာကတေန အကုသလာဗျာကတံ။

အဗျာကတေန အကုသလာဗျာကတံ၌– အကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သောပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါအကုသိုလ်ဒွါဒသ+စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ။ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ဖြစ်သော နိရာဓိပတိစိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဠိသတ္တိ= ကု–ကုအတိုင်း (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

## ကုသလာဗျာကတေန ကုသလံ။

ကုသလာဗျာကတေန ကုသလံ၌– ကုသလော ဓမ္မောဟူသော ကတ္တား၏အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ် ၄–ခု+ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါစုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်း ပြု၍ဖြစ်သော အဓိပတိတရားကိုယ်။မရသောအခါ မဟာကုသိုလ် ရှစ်ခု+

ေစတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အဝရှိသော ေရှးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်ပြောက်သော စိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သောမဟာကုသိုလ်ရှစ်ခု+စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဌ်သတ္တိ= ကု-ကုအတိုင်း (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ကုသလာဗျာကတေန အဗျာကတံ။

ကုသလာဗျာကတေန အဗျာကတံဠ- အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ် ရှစ်ခု+ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အစိတ်အပေါင်း မဟာဘုတ်ကို (၄-ဝါရ) နိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

န အဓိပတိပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား ဟေတု သဟဇာတ နိဿယ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ- ဤ(၁၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။ (ကု-ဗျာအတိုင်း ၁၁-ပစ္စည်းတည်း။)

ကုသလာဗျာကတေန ကုသလာဗျာကတံ။

ကုသလာဗျာကတေန ကုသလာဗျာကတံဠ- ကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ မဟာကုသိုလ်ရှစ်ခု+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္န အခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော မဟာကုသိုလ် ရှစ်ခု+ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယ ပစ္စည်း ပြု၍ဖြစ်သော နိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟိတ်ပါဌ်သတ္တိ= ကု-ကုအတိုင်း (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

အကုသလာဗျာကတေန အကုသလံ။

အကုသလာဗျာကတေန အကုသလံဠ- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူရှစ်ခု၊ ဒေါသမူနှစ်၊ ဝိစိကိစ္ဆာကြဉ်သောစေတသိက်ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကိုပုရေဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော အဓိပတိတရားကိုယ်။ အဓိပတိပစ္စည်းကိုမရသောအခါ အကုသိုလ်ဒွါဒသ+ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-မြောက်သော စိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသ+စေတသိက် သတ္တဝီသ အစိတ် အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ= ကု-ကုအတိုင်း (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

အကုသလာဗျာကတေန အဗျာကတံ။

အကုသလာဗျာကတေန အဗျာကတံဠ- အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ အကုသိုလ်ဒွါဒသ+ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ အစိတ်အပေါင်း မဟာဘုတ်ကို (၄-ဝါရ) နိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ= ကု-ဗျာအတိုင်း (၁၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

အကုသလာဗျာကတေန အကုသလာဗျာကတံ။

အကုသလာဗျာကတေန အကုသလာဗျာကတံဠ-အကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို မရသောအခါ အကုသိုလ်ဒွါဒသ+ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်း ပြု၍ဖြစ်သော အကုသိုလ်ဒွါဒသ+စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ။

ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်း ပြု၍ဖြစ်သောနိရာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ= ကု-ကုအတိုင်း(၂၁)ပစ္စည်းတို့၏ ယထာရဟာသတ္တိ။ နာဓိပတိပစ္စည်း ပြီး၏။

## န အညမညပစ္စည်း

နအညမညပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ်၊ ဟဒယဝတ္ထုမှ တပါးသော ပဋိသန္ဓေ ကမ္မဇရုပ်၊ မဟာဘုတ်မှ ထောက်အပ်သော စိတ္တဇ ဥပါဒါရုပ် ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ် ဗာဟိရ ဥပါဒါရုပ် အာဟာရဇဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ် ကမ္မဇ ဥပါဒါရုပ် ပဝတ္တိကမ္မဇဥပါဒါရုပ်၊နအညမညေ ပဉ္စ၊ပဉ္စ။

နအညမညပစ္စည်း၏ သင်္ချာ ပဥှာ န အာရမ္မဏတုန်းက သင်္ချာပဥ္စနှင့် အတူတူပါဘဲ၊ ဗျာ ၅-ချက်ပါဘဲ၊ ဒါပေမဲ့ ပဋိသန္ဓေ ကမ္မဇရုပ်မှာ ဟဒယဝတ္ထုမရဘူး၊ ရုပ်သက်သက်မှာ ဥပါဒါရုပ်တွေသာရတယ်၊ မဟာဘုတ် မရဘူး။

ကု-ဗျာ၊ အကု-ဗျာ၊ ဗျာ-ဗျာ၊ ပဝတ္တိတို့၏ပါဠိ၊ ကတ္တားကောက်နှင့် ဟိတ်ပါဌ်သတ္တိသည် နအာရမ္မဏပစ္စည်းနှင့် အတူတူပင်ဖြစ်၍ နအာရမ္မဏ သဘောအတိုင်း ဟောပါ၊ ဤစာအုပ် စာမျက်နှာ ၆၅-မှာ ပြခဲ့ပြီးဖြစ်ပါတယ်၊ ပဋိသန္ဓေအခါ ပါဠိက-

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတေ ခန္ဓေ ပဋိစ္စ ကဋတ္တာရူပံ။

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား ပဥ္စဝေါကာရပဋိသန္ဓေပန္နရသ+စေတသိက် ပဥ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-ဝါရ) ဟဒယဝတ္ထုမှတပါး ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအညမညပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ဟေတု သဟဇာတ နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၁၂)ပစ္စည်းတို့၏ ယထာရဟာသတ္တိ ရ၏။

ရုပ်သက်သက် ပါဠိမှာ မဟာဘုတ်များ မရသဖြင့် ကေ မဟာဘုတ်တွေကို မဟောရဘူး၊ ပါဠိဇယားမှာကွင်းပိတ်နှင့် ပြထားတာကိုသာ ဟောရမယ်၊ ဒီတော့ ပါဠိက-

မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာ ရူပံ ဥပါဒါ ရူပံ၊ ဗာဟိရေ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ၊အာဟာရ သမုဋ္ဌာနေ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ၊ ဥတုသမုဋ္ဌာနေ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ၊ အသညသတ္တာနံ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ။

ကတ္တားကောက်ကို ကောက်ရင် ဤစာအုပ် စာမျက်နှာ (ဿ)ရှိ ဇယား၏ ရုပ်သက်သက် ၃-ကွက်လုံးကိုဘဲကြည့် ကောက်ရတယ်၊ ကတ္တားဘက်၌ "ဘုတ်နှင့် တကွသော" ဆိုတာကို ချန်ပြီး ကျန်တာအားလုံး ဆိုရရုံပါဘဲ။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပ ဝိပါက်လေးခု ဒွေ ပဥ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဥ္စဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ်ကမ္မဇမဟာဘုတ်၊ ပဝတ္တိ ကမ္မဇမဟာဘုတ်ကို (၄-ဝါရ) စိတ္တဇဥပါဒါရုပ် ပဋိသန္ဓေ ကမ္မဇဥပါဒါရုပ် ဗာဟိရဥပါဒါရုပ် အာဟာရဇဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ် ကမ္မဇဥပါဒါရုပ် ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအညမညပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ဟေတု အဓိပတိ သဟဇာတ နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၁၃)ပစ္စည်းတို့၏ ယထာရဟာသတ္တိ ရ၏။

ကုဗျာ-ဗျာနှင့် အကုဗျာ-ဗျာတို့၏ ပါဠိနှင့် ကတ္တားကောက်သည် နအာရမ္မဏပစ္စည်းနှင့် တူ၏၊ ဟောပါလေ၊ အနုလုံသဟဇာတပစ္စည်း၏ ဟောပြပါဠိ၊ ကောက်ပြကတ္တားကောက်အတိုင်း ဖြစ်သည်၊ ဟိတ်ပါဌ်သတ္တိမှာ နအာရမ္မဏ ပစ္စည်း၏ ကု-ဗျာဟိတ်ပါဌ်သတ္တိအတိုင်း (၁၂)ပစ္စည်းတို့၏ ယထာရဟာသတ္တိ ရ၏။

န အညမညပစ္စည်း ပြီး၏။

---

## န ပုရေဇာတပစ္စည်း

နပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အရူပဘုံ၌ ဖြစ်သောအခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ် အရူပကြိယာ အထက်မဂ်သုံးခု ဖိုလ်လေးခု၊ ပဥ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇ ရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်၊ နပုရေဇာတေ သတ္တ၊ သတ္တ၊ တိံသ။ ။သတ္တဟူသော်ကား

ကုသလေန ကုသလံ၊ ကုသလေန အဗျာကတံ၊ အကုသလေန အကုသလံ၊ အကုသလေန အဗျာကတံ၊ အဗျာကတေနအဗျာကတံ၊ ကုသလာဗျာကတေန အဗျာကတံ၊ အကုသလာဗျာကတေန အဗျာကတံ ဟူသည့်တည်း၊ တိကဏ် ဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည့်တည်း။

အနုလုံတုန်းက ပုရေဇာတပစ္စည်းမှာ ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါမှာဖြစ်တဲ့ စိတ်ပေါင်း ၈၅-ခု နာမ်တရားများသာ ရခဲ့တယ်၊ ယခု ပစ္စနိက်မှာ နာမ်ဘက်က အရူပဘုံမှာဖြစ်တဲ့စိတ် ၄၆-ခုနှင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ရတယ်၊ ပြီးတော့ ရုပ်(၇)မျိုးလုံး ရတယ်၊စိတ္တဇရုပ်တွေ ရနေတော့ ကုသိုလ်ပြုအပ်တဲ့ စိတ္တဇရုပ်အတွက်ကု-ဗျာ၊အကုသိုလ်ပြုအပ်တဲ့ စိတ္တဇရုပ်အတွက် အကု-ဗျာ၊အစိတ်အပေါင်း နာမက္ခန္ဓာ အစိတ်အပေါင်း မဟာဘုတ်နှင့် တကွဖြစ်တဲ့ စိတ္တဇရုပ်တွေအတွက် ကုဗျာ-ဗျာ၊ အကုဗျာ-ဗျာ ရတယ်၊သူတို့အတွက် ပါဠိကတ္တားကောက်တွေဟာ အနုလုံ သဟဇာတပစ္စည်းမှာ ဟောခဲ့တဲ့ ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက်တွေ ဖြစ်တယ်၊ ဟိတ်ပါဠ်သတ္တိကလဲ နာရမ္မဏအတိုင်း ဖြစ်တယ်။

သုဒ္ဓသင်္ချာအရ သရုပ်ကို ကြည့်လိုက်ရင် ကုသိုလ်ဆိုင်ရာက အရူပဘုံမှာဖြစ်တဲ့ မဟာကုသိုလ် အရူပကုသိုလ်နှင့် အထက်မဂ် ၃-ခု ရတယ်၊အကုသိုလ်ကလဲ အရူပဘုံမှာဖြစ်တဲ့ လောဘမူနှင့်မောဟမူသာရတယ်၊အဗျာကတ ပဝတ္တိကလဲ အရူပဝိပါက်လေးခု၊ မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ၈-ခု၊ အရူပကြိယာ ၄-ခု၊ ဖိုလ် ၄-ခုရတယ်၊ ဒါ့ကြောင့် သူတို့ကိုဟောတဲ့ အခါ "အရူပေ" သဒ္ဒါထည့်ဟောရတယ်၊ အထူးက ဝိပါက်ကြိယာပြုအပ်တဲ့ စိတ္တဇရုပ်တွေရနေသဖြင့် "ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ"လို့ ဝိဘင်းတဆင့်ထပ်ထုတ်ရမယ်၊ ဝိဘင်ထူးရာ ပါဠိတော်ဇယားလို့ ဤစာအုပ် စာမျက်နှာ (ဘ)မှာလဲ ပါဠိထုတ်ပုံကို ပြထားပါတယ်၊ပဋိသန္ဓေ ရုပ်သက်သက်တွေကတော့ အနုလုံသဟဇာတပစ္စည်းအတိုင်း ဖြစ်ပါတယ်၊ အရူပဘုံမှာဖြစ်တဲ့ နာမ်များကို ဟောသဖြင့် ဝတ္ထုကံ မရဘူး။

## ကုသလေန ကုသလံ။

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နပုရေဇာတပစ္စယာ၊ အရူပေ ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

ကုသလေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အရူပဘုံ၌ ဖြစ်သောအခါ မဟာကုသိုလ် ရှစ်ခု၊ အရူပကုသိုလ် လေးခု၊ အထက်မဂ် သုံးခု + စေတသိက် ဆတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) မဟာကုသိုလ် ရှစ်ခု၊ အရူပကုသိုလ် လေးခု၊ အထက်မဂ် သုံးခု + စေတသိက် ဆတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

နပုရေဇာတပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား ပုရေဇာတ ပစ္ဆာဇာတ ဝိပါက ဝိပ္ပယုတ္တ ဤ(၄)ပစ္စည်းမှ တပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ကု-ဗျာ။ ။ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက်၊ ဟိတ်ပါဠ်သတ္တိ = နာရမ္မဏအတိုင်း (၁၂) ပစ္စည်း၊ အထက်ကလည်း ပြောခဲ့ပြီ၊ ဟောပါတော့၊ ၄-ဝါရ။

## အကုသလေန အကုသလံ။

အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နပုရေဇာတပစ္စယာ၊ အရူပေ အကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။

အကုသလေန အကုသလံ၌- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား အရူပဘုံ၌ ဖြစ်သောအခါ လောဘမူရှစ်ခု၊ မောဟမူဒွေ+ စေတသိက် တေဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) လောဘမူရှစ်ခု၊ မောဟမူဒွေ+ စေတသိက် တေဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

န ပုရေဇာတပစ္စယာဟူသော ဟိတ်ပါဠ်၏အရကား ပုရေဇာတ ပစ္ဆာဇာတ ဝိပါက ဝိပ္ပယုတ္တ-ဤ(၄)ပစ္စည်းမှ တပါး (၂၀) ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

အကု-ဗျာ။ ။ဟောမြဲပါဠိ၊ ကောက်မြဲကတ္တား ကောက်။ ဟိတ်ပါဠ်သတ္တိ= နာရမ္မဏအတိုင်း (၁၂)ပစ္စည်း။ ၄-ဝါရ။

## အဗျာကတေန အဗျာကတံ။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ န ပုရေဇာတပစ္စယာ။ အရူပေ ဝိပါကာဗျာကတံ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ (ဒီပါဠိဟာ ၆-ဝါရနှင့် ဆိုင်တယ်။ ကျန်တဲ့ပါဠိတွေက ၄-ဝါရနှင့် ဆိုင်တယ်။) ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ ။ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ။ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။ ။ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ

မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာန်ရုပံ ကဋတ္တာရုပံ ဥပါဒါရုပံ။ ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရုပံ။ အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ကဋတ္တာရုပံ ဥပါဒါရုပံ။

အဗျာကတေန အဗျာကတံ၌-ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား အရူပဝိပါက် လေးခု၊ အရူပဘုံ၌ ဖြစ်သောအခါ မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ၈-ခု၊ အရူပကြိယာ ၄-ခု၊ ဖိုလ် ၄-ခု+ စေတသိက် ဆတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) အရူပဝိပါက်လေးခု၊ အရူပဘုံ၌ ဖြစ်သောအခါ မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ၈-ခု၊ အရူပကြိယာ ၄-ခု၊ ဖိုလ် ၄-ခု+ စေတသိက် ဆတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ပဥ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဥ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ ကြိယာစိတ်ဝီသ+ ဓစေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို(၄-ဝါရ)စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

န ပုရေဇာတပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား ပုရေဇာတ ပစ္ဆာဇာတ- ဤ(၂)ပစ္စည်းမှတပါး၊ (၂၂) ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ပဋိသန္ဓေအခါအတွက် ကတ္တားကောက်ကို အနုလုံ သဟဇာတအတိုင်း ကောက်ပါ။

န ပုရေဇာတပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား အဓိပတိ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန- ဤ (၄) ပစ္စည်းမှတပါး၊ (၂၀) ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ရုပ်သက်သက် ကတ္တားကောက်လည်း အနုလုံသဟဇာတအတိုင်း ရုပ် (၇)မျိုးလုံး ကောက်ပါ။

န ပုရေဇာတပစ္စယာဟူသော ဟိတ်ပါဠ်၏ အရကား ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ- ဤ (၁၄) ပစ္စည်း တို့၏ ယထာရဟသတ္တိ ရ၏။ (နာ ရမ္မဏအတိုင်းပင်။)

ကုဗျာ-ဗျာနှင့် အကုဗျာ-ဗျာတို့၏ ပါဠိနှင့်ကတ္တားကောက်ကို အနုလုံသဟဇာတအတိုင်း ဟောပါ။ ဟိတ်ပါဠ် သတ္တိများလည်း နာရမ္မဏ ကု-ဗျာအတိုင်း (၁၂)ပစ္စည်း ရ၏။ န ပုရေဇာတ ပြီး၏။

---

## န ပစ္ဆာဇာတပစ္စည်း

န ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌- အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ န ပစ္ဆာဇာတေ နဝ၊ သတ္တရသ၊ တိံကိ။

ဆဝါရအနုလုံ၌ ပစ္ဆာဇာတပစ္စည်းကို မဟော။ အဘယ်ကြောင့်ဟူမူ ပစ္ဆာဇာတ ပစ္စည်းသည် မိမိပစ္စယုပ္ပန် ဖြစ်သော စတုဇကာယအား ဥပထမ္ဘကသတ္တိမျှသာ ဖြစ်၏။ ဇနကသတ္တိ မရ။ ဆဝါရ၌ ဇနကသတ္တိကိုရသော ပစ္စည်း တရားကို ဟော၏။ တနည်း- ဥပ္ပဇ္ဇတိဟူသောကြိယာနှင့် မတန်ဟုဆို၏။ အဘယ်ကြောင့်နည်းဟူမူ- ပစ္ဆာဇာတပစ္စည်း သည် ရုပ်၏ ဥပါဒ်ဆဲကာလ၌ ကျေးဇူးမပြု၊ ဌီသို့ရောက်မှ ကျေးဇူးပြုသောကြောင့် မတန်ဟုဆိုသည်။ ဥပ္ပဇ္ဇတိ-ဟု ဟောတော်မူသော်ကား ဟောရ၏။

အနုလုံ၌ ပစ္ဆာဇာတပစ္စည်းကို ...းဝမဟောခဲ့သဖြင့် ဤပစ္စနိက်၌ နာမ်ကုန် ရုပ်ကုန် ဟော၏။ န ပစ္ဆာဇာတ ပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသည် အနုလုံ သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မနှင့် တူ၏။ ထို့ကြောင့် န ပစ္ဆာဇာတပစ္စည်း၏ ပါဠိတော်နှင့် ကတ္တားကောက်များကို အနုလုံသဟဇာတပစ္စည်းအတိုင်း ဟောမြဲပါဠိ, ကောက်မြဲ ကတ္တားကောက်ဟု မှတ်ယူခါ ဟောပါလေ။ ဟိတ်ပါဠ်သတ္တိများကိုသာ ပြဆိုအံ့။

ကု-ကု။ ။ပစ္ဆာဇာတ ဝိပါက- ဤ(၂)ပစ္စည်းမှ တပါး (၂၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ။
ကု-ဗျာ။ ။နာရမ္မဏတိုင်း (၁၂)ပစ္စည်း။
ကု-ကုဗျာ။ ။ကု-ကုအတိုင်း (၂၂)ပစ္စည်း။
အကုသလပဒ ၃-ချက်ကို ကုသလပဒ ၃-ချက်အတိုင်း ကောက်။
ဗျာ-ဗျာ၊ ပဝတ္တိ။ ။ပစ္ဆာဇာတမှတပါး (၂၃)ပစ္စည်းတို့၏ ယထာရဟသတ္တိ။

ပဋိသန္ဓေ။ ။အဓိပတိ ပုရေဇာတ ပစ္ဆာဇာတ အာသေဝန- ဤ(၄) ပစ္စည်းမှ တပါး၊ (၂၀) ပစ္စည်း တို့၏ ယထာရဟာသတ္တိ။

ရုပ်သက်သက်။ ။နာရမ္မဏအတိုင်း (၁၄)ပစ္စည်း။

ဝတ္ထုကံ။ ။ပစ္ဆာဇာတမှတပါး (၂၃) ပစ္စည်းတို့၏ ယထာရဟာသတ္တိ။

ဗျာ-ကု။ ဗျာ-အကု။ ဗျာ-ကုဗျာ။ ဗျာ-အကုဗျာ။ ကုဗျာ-ကု။ အကုဗျာ-အကု= ဤ ပစ္ဆာဇာတ ဝိပါက- ဤ(၂)ပစ္စည်းမှ တပါး (၂၂)ပစ္စည်းတို့၏ ယထာရဟာသတ္တိ။

ကုဗျာ-ဗျာ။ အကုဗျာ-ဗျာ။ ။နာရမ္မဏအတိုင်း (၁၂) ပစ္စည်း။

## န အာသေဝနပစ္စည်း

န အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌- အကုသိုလ်ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်း ဒွေ ဝိပါက်စိတ် ဆတ္တိံသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဗာဟိရ ရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ န အာသေဝနေ နဝ၊ သတ္တရသ၊ တိဏိ။

န အာသေဝနပစ္စည်း၏ ပါဠိသည် န ပစ္ဆာဇာတကဲ့သို့ပင် အပြည့်အစုံဟောရ၏။

ကတ္တားကောက်အတွက် သုဒ္ဓသင်္ချာသရုပ်ကို ကြည့်ရင် ကုသိုလ်ဆိုင်ရာက မဟာကုသိုလ် ပထမဇောဘဲ ရတယ်။ အကုသိုလ်ကလဲ အကုသိုလ်ဒွါဒသ ပထမဇောဘဲ ရတယ်။ အဗျာကတဆိုင်ရာ နာမ်တရားက ဟသိတုပ္ပါဒ် မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်း ဒွေ၊ ဝိပါက်ဆတ္တိံသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ရတယ်။ ရုပ်ကတော့ (၇)မျိုးသုံး အကုန်ရတယ်။ ဒီသရုပ်ခွဲအတိုင်း ကတ္တားကောက်များကို ကောက်ရပါလိမ့်မယ်။

### ကုသလေန ကုသလံ။

ကုသလေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

နအာသေဝနပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ပစ္ဆာဇာတ အာသေဝန ဝိပါက ဤ (၃)ပစ္စည်းမှ တပါး (၂၁) ပစ္စည်းတို့၏ ယထာရဟာသတ္တိ ရ၏။

### ကုသလေန အဗျာကတံ။

အနုလုံသဟဇာတအတိုင်း ကတ္တားကောက်ကို ကောက်ပါ၊ (၄-ဝါရ)။

ဟိတ်ပါဌ်သတ္တိ = နာရမ္မဏ ကု-ဗျာအတိုင်း (၁၂) ပစ္စည်း။

### ကုသလေန ကုသလာဗျာကတံ။

ကုသလေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-ဝါရ) မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအာသေဝနပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ပစ္ဆာဇာတ အာသေဝန ဝိပါက ဤ(၃) ပစ္စည်းမှ တပါး (၂၁) ပစ္စည်းတို့၏ ယထာရဟာသတ္တိ ရ၏။

### အကုသလေန အကုသလံ။

အကုသလေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အကုသိုလ်ဒွါဒသပထမဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) အကုသိုလ်ဒွါဒသ ပထမဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

နအာသေဝနပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ပစ္ဆာဇာတ အာသေဝန ဝိပါက ဤ(၃)ပစ္စည်းမှ တပါး (၂၁) ပစ္စည်းတို့၏ ယထာရဟာသတ္တိ ရ၏။

**အကုသလေန အဗျာကတံ။**

**ကတ္တားကောက်ကို အနုလုံ သဟဇာတအတိုင်း ကောက်ပါ၊ (၄-၀ါရ)။**
**ဟိတ်ပါဌ်သတ္တိ = နာရမ္မဏ၊ ကု-ဗျာအတိုင်း (၁၂) ပစ္စည်း။**

**အကုသလေန အကုသလာ ဗျာကတံ။**

အကုသလေန အကုသလာ ဗျာကတံ၌ အကုသလော စ အဗျာကတော စ ဓမ္မော ဟူသော **ကတ္တား**ပုဒ်၏အရကား ပဋိသန္ဓေ ပဝတ္တိကာလ ... ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ပထမဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-၀ါရ) အကုသိုလ်ဒွါဒသ ပထမဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအာသေဝနပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ပစ္ဆာဇာတ အာသေဝန ဝိပါက ဤ (၃)ပစ္စည်းမှ တပါး (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**အဗျာကတေန အဗျာကတံ။**

အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော **ကတ္တား**ပုဒ်၏ အရကား ဟသိတုပ္ပါဒ် မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်းဒွေ ဝိပါက်စိတ် ဆတ္တိံသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-၀ါရ) ဟသိတုပ္ပါဒ် မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်းဒွေ ဝိပါက်စိတ်ဆတ္တိံသ + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ်၊ (ဒွေဝါရ၌ ရုပ်ချန်၍ နာမ်ချည်းဆို၊) ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကြိယာ ၉-ခု၊ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၄-၀ါရ) စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏၊ (အနုလုံက ဒုတိယာဒိဇော စိတ္တဇရုပ်တို့ကျန်ခဲ့၍ နပုရေဇာတ အတိုင်း နှစ်ဆင့်ကောက်ရသည်။)

နအာသေဝနပစ္စယာ ဟူသော ဟိတ်ပါဌ်၏အရကား ပစ္ဆာဇာတ အာသေဝန ဤ(၂)ပစ္စည်းမှတပါး(၂၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**ပဋိသန္ဓေ** အခါအတွက် ကတ္တားကောက်မှာ အနုလုံသဟဇာတ၏ ကတ္တားကောက်အတိုင်း ဖြစ်၏၊ ပဋိသန္ဓေ ဆိုင်ရာတရားကုန် ရသည်။

နအာသေဝနပစ္စယာ ဟူသော **ဟိတ်ပါဌ်**၏ အရကား အဓိပတိ ပုရေဇာတ ပစ္ဆာဇာတ အာသေဝနဤ(၄)ပစ္စည်း မှတပါး (၂၀)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**ရုပ်သက်သက်။** ။ရုပ် (၇)မျိုးလုံး ရသဖြင့် အနုလုံသဟဇာတ ကတ္တားကောက်အတိုင်း ကောက်ပါ။
**ဟိတ်ပါဌ်သတ္တိ = နာရမ္မဏအတိုင်း (၁၄) ပစ္စည်း။**

**ဝတ္ထုက်။** ။ဒွေပဉ္စဝိညာဉ် တဆယ်အတွက် ကတ္တားကောက်မှာ ကောက်မြဲအတိုင်းဖြစ်၏၊ဟဒယဝတ္ထုကိုမှီသော စိတ်များအတွက် သုဒ္ဓသဉ္ဇာ သရုပ်အတိုင်း ကောက်ရမည်။

ဝတ္ထုက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တပ်သော ရှေ့စိတ္တက္ခဏ တချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဟသိတုပ္ပါဒ် မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်းဒွေ၊ အရူပဝိပါက် လေးခု ဒွေ ပဉ္စဝိညာဉ်တဆယ် ကြဉ်သော ဝိပါက် စိတ် ဗာဝီသ + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

နအာသေဝနပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား ပစ္ဆာဇာတ အာသေဝနဤ (၂)ပစ္စည်းမှတပါး(၂၂)ပစ္စည်း တို့၏ ယထာရဟသတ္တိ ရ၏။

**အဗျာကတေန ကုသလံ။**

အဗျာကတေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော **ကတ္တား**ပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ဖြစ် သောအခါ မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။
ဟိတ်ပါဌ်သတ္တိ = ကု-ကုအတိုင်း (၂၁)ပစ္စည်း။

### အဗျာကတေန အကုသလံ။

အဗျာကတေန အကုသလံ၌ အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ဝုဋ္ဌောမနေဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ပထမဇော + စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ = ကု-ကုအတိုင်း (၂၁) ပစ္စည်း။

### အဗျာကတေန ကုသလာဗျာကတံ။

အဗျာကတေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနေဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ = ကု-ကုအတိုင်း (၂၁)ပစ္စည်း။

### အဗျာကတေန အကုသလာဗျာကတံ။

အဗျာကတေန အကုသလာဗျာကတံ၌ အကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌောမနေဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ပထမဇော + စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ = ကု-ကုအတိုင်း (၂၁) ပစ္စည်း။

### ကုသလာဗျာကတေန ကုသလံ။

ကုသလာဗျာကတေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ကို သဟဇာတ နိဿယပစ္စည်း၊ ဝုဋ္ဌောမနေဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတ နိဿယပစ္စည်းပြု၍ဖြစ်သော မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ = ကု-ကုအတိုင်း (၂၁) ပစ္စည်း။

### ကုသလာဗျာကတေန အဗျာကတံ။

ကတ္တား = အနုလုံသဟဇာတအတိုင်း၊ ဟိတ်ပါဌ် = နာရမ္မဏအတိုင်း (၁၂)ပစ္စည်း။

### ကုသလာဗျာကတေန ကုသလာဗျာကတံ။

ကုသလာဗျာကတေန ကုသလာဗျာကတံ၌ ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မဟာကုသိုလ် ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း၊ ဝုဋ္ဌောမနေဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော မဟာကုသိုလ်ပထမဇော + စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ = ကု-ကုအတိုင်း (၂၁) ပစ္စည်း။

### အကုသလာဗျာကတေန အကုသလံ။

အကုသလာဗျာကတေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ ပထမဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း၊ ဝုဋ္ဌောမနေဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ

စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော အကုသိုလ် ဒွါဒသပထမဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဒ်သတ္တိ = ကု–ကုအတိုင်း (၂၁)ပစ္စည်း။

**အကုသလာဗျာကတေန အဗျာကတံ။**

ကတ္တား = အနုလုံသဟဇာတအတိုင်း၊ ဟိတ်ပါဒ် = နာရမ္မဏအတိုင်း (၁၂)ပစ္စည်း။

**အကုသလာဗျာကတေန အကုသလာဗျာကတံ။**

အကုသလာ ဗျာကတေန အကုသလာ ဗျာကတံ၌ အကုသလော စ အဗျာကတော စ ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ ပထမဇော + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း၊ ဝုဋ္ဌောမနေဝဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော အကုသိုလ်ဒွါဒသ + စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ထိုနာမက္ခန္ဓာ ပြုအပ်သော မဟာဘုတ်ကို သဟဇာတနိဿယပစ္စည်းပြု၍ ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဒ် = ကု–ကုအတိုင်း (၂၁)ပစ္စည်း နအာသေဝန ပြီး၏။

---

**နကမ္မပစ္စည်း**

နကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ကုသိုလ် အကုသိုလ် ကြိယာ စေတနာ၊ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ်။ နကမ္မေ တီဏိ၊ သတ္တ၊ တီဏိ။ ။တီဏိ ဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ သတ္တဟူသော်ကား ကုသလေန ကုသလံ၊အကုသလေန အကုသလံ၊အဗျာကတေန အဗျာကတံ၊ အဗျာကတေန ကုသလံ၊ အဗျာကတေန အကုသလံ၊ ကုသလာဗျာကတေန ကုသလံ၊အကုသလာဗျာကတေန အကုသလံ ဟူသည်တည်း။

**ကုသလေန ကုသလံ။**

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ ကုသလေ ခန္ဓေ ပဋိစ္စ ကုသလာ စေတနာ။

ကုသလေန ကုသလံ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ကုသိုလ် ကေဝီသ+ စေတနာကြဉ်သော စေတသိက် သတ္တတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၆–ဝါရ) ကုသိုလ် ကေဝီသ၌ရှိသော စေတနာ ပစ္စယုပ္ပန်တရား ရ၏။

နကမ္မပစ္စယာ ဟူသော ဟိတ်ပါဒ်၏ အရကား ပစ္ဆာဇာတ ကမ္မ ဝိပါက ဤ (၃) ပစ္စည်းမှတပါး(၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**အကုသလေန အကုသလံ။**

အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ အကုသလေ ခန္ဓေ ပဋိစ္စ အကုသလာ စေတနာ။

အကုသလေန အကုသလံ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အကုသိုလ်ဒွါဒသ+ စေတနာကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၆–ဝါရ) အကုသိုလ် ဒွါဒသ၌ရှိသော စေတနာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဒ်သတ္တိ = ကု–ကုအတိုင်း(၂၁) ပစ္စည်း။

**အဗျာကတေန အဗျာကတံ။**

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နကမ္မပစ္စယာ၊ ကြိယာဗျာကတေ ခန္ဓေ ပဋိစ္စ ကြိယာဗျာကတာ စေတနာ၊ ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါ ရူပံ။

ဝတ္ထုကံ။ ။ဝတ္ထုံ ပစ္စယာ ကြိယာဗျာကတာ စေတနာ။

ပဝတ္တိ။ ။အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား ကြိယာဝီသ + စေတနာ ကြဉ်သော စေတသိက် စတုတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို (၆-ဝါရ)ကြိယာဝီသ၌ ရှိသော စေတနာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဒ်သတ္တိ = ကု-ကုအတိုင်း (၂၁)ပစ္စည်း။

**ရုပ်သက်သက်**။ ။အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ်ကို (၄-ဝါရ) ဘုတ်နှင့်တကွသော ဗာဟိရ ဥပါဒါရုပ် အာဟာရဇဥပါဒါရုပ် ဥတုဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

နကမ္မပစ္စယာ ဟူသော ဟိတ်ပါဠ်၏ အရကား သဟဇာတ အညမည နိဿယ အာဟာရ အတ္ထိ အဝိဂတ ဤ(၆) ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

**ဝတ္ထုကံ**။ ။ဝတ္ထုကံ၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဘဝင်္ဂုပစ္ဆေဒအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယပစ္စည်းပြု၍ဖြစ်သော ကြိယာဝီသံ၌ ရှိသော စေတနာပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠ်သတ္တိ=ကု-ကုအတိုင်း (၂၁)ပစ္စည်း။

### အဗျာကတေန ကုသလံ။

အဗျာကတံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ကမ္မပစ္စယာ။ ဝတ္ထုံပစ္စယာ ကုသလာ စေတနာ။

အဗျာကတေန ကုသလံ၌- ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ- စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ ဖြစ်သော ကုသိုလ် ကာမာဝစရ၌ရှိသော စေတနာပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠ်သတ္တိ=ကု-ကုအတိုင်း (၂၁)ပစ္စည်း။

### အဗျာကတေန အကုသလံ။

အဗျာကတံ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ကမ္မပစ္စယာ။ ဝတ္ထုံပစ္စယာ အကုသလာ စေတနာ။

အဗျာကတေန အကုသလံ၌- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသ၌ ရှိသော စေတနာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠ်သတ္တိ= ကု-ကုအတိုင်း (၂၁)ပစ္စည်း။

### ကုသလာဗျာကတေန ကုသလံ။

ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ကမ္မပစ္စယာ။ ကုသလေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ ကုသလာ စေတနာ။

ကုသလာဗျာကတေန ကုသလံ၌- ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ကာမာဝစရ+ စေတနာ ကြဉ်သော စေတသိက် သတ္တတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတနိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း- အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ- စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကုသိုလ် ကာမာဝစရ၌ရှိသော စေတနာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဠ်သတ္တိ= ကု-ကုအတိုင်း (၂၁)ပစ္စည်း။

### အကုသလာဗျာကတေန အကုသလံ။

အကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပစ္စယာ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ကမ္မပစ္စယာ။ အကုသလေ ခန္ဓေ စ ဝတ္ထုံ စ ပစ္စယာ အကုသလာ စေတနာ။

အကုသလာဗျာကတေန အကုသလံ၌- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ+ စေတနာ ကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အပေါင်း နာမက္ခန္ဓာကို သဟဇာတ နိဿယပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း- အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ

၀တ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ၀တ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော အကုသိုလ်ဒွါဒသဥ္ဍ်ရှိသော စေတနာ ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်သတ္တိ= ကု-ကုအတိုင်း (၂၁)ပစ္စည်း။

နကမ္မပြီး၏။

---

## န ၀ိပါကပစ္စည်း

န ၀ိပါကပစ္စည်း၏ သုဒ္ဓသင်္ချာ၀ါရ၌- ကုသိုလ် အကုသိုလ်ကြိယာ နာမက္ခန္ဓာ။ ကုသိုလ် အကုသိုလ်ကြိယာပြု အပ်သော စိတ္တဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပ၀တ္တိ ကမ္မဇရုပ်။ ။န ၀ိပါကေ န၀၊ သတ္တရသ၊ တိဏိ။

န ၀ိပါကပစ္စည်းမှာ ၀ိပါက်ဆတ္တိ'သ နာမက္ခန္ဓာ၊ ၀ိပါက်ပြုအပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်မရဘူး။ ကျန်တရားအားလုံးရသဖြင့် ကုသလပဒ ၃-ချက်၊ အကုသလပဒ ၃-ချက်ကို ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက် ဖြစ်တယ်။ ဗျာ-ဗျာ ပ၀တ္တိမှာ ၀ိပါက်စိတ် ၀ိပါက်ပြုအပ်တဲ့ စိတ္တဇရုပ်မရဘူး။ ပဋိသန္ဓေဆိုင်ရာ အားလုံး မရဘူး။ ရုပ်သက်သက်မှာ ပဋိသန္ဓေကမ္မဇရုပ် မရဘူး။ ၀တ္ထုကံမှာလဲ ၀ိပါက်တွေမရဘူး။ကျန်တဲ့ ဗျာ-ကု စသည် အားလုံးဟာ ဟောမြဲပါဠိ၊ ကောက်မြဲ ကတ္တားကောက်တွေ ဖြစ်ပါတယ်။

ကုသလပဒ ၃-ချက်နှင့် အကုသလပဒ ၃-ချက်တို့၏ ပါဠိ၊ ကတ္တားကောက်များကို အနုလုံသဟဇာတ ပစ္စည်း အတိုင်း ဟောပါ။ ရေးပြစရာမလိုပါဘူး။ ဟိတ်ပါဌ် သတ္တိတွေကလဲ န ပစ္ဆာဇာတပစ္စည်းအတိုင်း ကောက်ရပါတယ်။

### အဗျာကတေန အဗျာကတံ။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ န ၀ိပါကပစ္စယာ။ ကြိယာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ၊ တယောခန္ဓေ ပဋိစ္စ ဧကောခန္ဓော စိတ္တသမုဋ္ဌာနဥ္စရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဥ္စရူပံ။ (ဒါ ပ၀တ္တိအတွက် ပါဠိဖြစ်တယ်။ ကတ္တားကောက်က-)

အဗျာကတေန အဗျာကတံ၌- ပ၀တ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ကြိယာစိတ် ၀ီသ+ စေတသိက် ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၄-၀ါရ)ကြိယာစိတ်ဝီသ+ စေတသိက်ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ထိုကြိယာနာမက္ခန္ဓာ ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ (ဒွေ၀ါရ၌ ရုပ်ချန်၍ဆိုရမှုကို သိပါတော့။)

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာ ဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံရူပံ ဥပါဒါရူပံ။ ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယောမဟာဘူတာ၊ တယောမဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ။ အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယောမဟာဘူတာ၊ တယောမဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် အကုသိုလ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ် အာဟာရဇ မဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇ မဟာဘုတ် ပ၀တ္တိကမ္မဇ မဟာဘုတ်ကို (၄-၀ါရ)ဘုတ်နှင့်တကွသော ကုသိုလ် အကုသိုလ် ကြိယာပြုအပ်သော စိတ္တဇဥပါဒါရုပ် ဗာဟိရဥပါဒါရုပ် အာဟာရဇ ဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ်ကမ္မဇ ဥပါဒါရုပ် ပ၀တ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

န ၀ိပါကပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ- ဤ(၁၃)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

၀တ္ထုကံအတွက်ပါဠိက- “၀တ္ထုံ ပစ္စယာ ကြိယာ ဗျာကတာ ခန္ဓာ” ဖြစ်ပါတယ်။

ဝတ္ထုကံ၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ဘဝင်္ဂပစ္ဆေဒ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို ပုရေဇာတနိဿယ ပစ္စည်းပြု၍ဖြစ်သော ကြိယာဝီသ+ စေတသိက် ပဋိသန္ဓေ အစိုက် အပေါင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

န ဝိပါကပစ္စယာဟူသော ဟိတ်ပါဌ်၏အရကား ပစ္စာဇာတ ဝိပါက- ဤ(၂)ပစ္စည်းမှ တပါး၊ (၂၂)ပစ္စည်း တို့၏ ယထာရဟသတ္တိ ရ၏။

ဗျာ-ကု။ ဗျာ-အကု။ ဗျာ-ကုဗျာ။ ဗျာ-အကုဗျာ။ ကုဗျာ-ကု။ အကုဗျာ-အကု။ ကုဗျာ-ကုဗျာ။ အကုဗျာ-အကုဗျာ=တို့၏ ပါဠိနှင့်ကတ္တားကောက်များသည် အနုလုံသဟဇာတပစ္စည်း အတိုင်းဖြစ်၏။ ။ဟိတ်ပါဌ်သတ္တိ လည်း ပစ္စာဇာတ ဝိပါက- ဤ(၂)ပစ္စည်းမှတပါး (၂၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ကုဗျာ-ဗျာ။ အကုဗျာ-ဗျာ=တို့၏ ပါဠိနှင့် ကတ္တားကောက်များလည်း အနုလုံ သဟဇာတ ပစ္စည်းအတိုင်း ပင်။ ။ဟိတ်ပါဌ်သတ္တိမှာ နာရမ္မဏ ကု-ဗျာအတိုင်း (၁၂)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

န ဝိပါက ပြီး၏။

---

## န အာဟာရပစ္စည်း

နအာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ဗာဟိရရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ။ နအာဟာရေ ဧကံ၊ ဧကံ။ ။ဧကံ ဟူသော်ကား အဗျာကတေန အဗျာကတံ ဟူသည်တည်း။

နအာဟာရပစ္စည်းမှာ ရုပ် (၄)မျိုးဘဲ ရတယ်၊ ဒီရုပ် (၄)မျိုးကို ပါဠိထုတ်၊ ကတ္တားကောက် ကောက်ရပုံပါဘဲ။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နအာဟာရပစ္စယာ၊ ဗာဟိရံ ဥတုသမုဋ္ဌာနံ ဧကံမဟာ ဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာ ဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ၊ အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါ ရူပံ။

အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဗာဟိရမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ် ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်ကို (၄-ဝါရ) ဘုတ်နှင့် တကွသော ဗာဟိရ ဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ်ကမ္မဇဥပါဒါရုပ် ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

နအာဟာရပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သဟဇာတ အညမည နိဿယ ကမ္မ ဣန္ဒြိယ အဝိဂတ ဤ (၇)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## န ဣန္ဒြိယပစ္စည်း

နဣန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ် ရုပ်ဇီဝိတိန္ဒြေ ပဝတ္တိ ရုပ် ဇီဝိတိန္ဒြေ။ ။နဣန္ဒြိယေ ဧကံ၊ ဧကံ။ ။ဧကံ ဟူသော်ကား အဗျာကတေန အဗျာကတံ ဟူသည်တည်း။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နဣန္ဒြိယပစ္စယာ၊ ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတု သမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ၊ အသညသတ္တာနံ မဟာဘူတေ ပဋိစ္စ ရူပဇီဝိတိန္ဒြိယံ။

အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇ မဟာဘုတ်ကို (၄-ဝါရ)ဘုတ်နှင့် တကွသော ဗာဟိရဥပါဒါရုပ် အာဟာရဇဥပါဒါရုပ် ဥတုဇဥပါဒါရုပ်၊ အသညသတ် ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်ကို (၄-ဝါရ) အသညသတ် ရုပ်ဇီဝိတိန္ဒြေ ပဝတ္တိရုပ်ဇီဝိတိန္ဒြေ ပစ္စယုပ္ပန်တရား ရ၏။

နဣန္ဒြိယပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သဟဇာတ အညမည နိဿယ ကမ္မ အာဟာရ အတ္ထိ အဝိဂတ ဤ (၇)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## န ဈာနပစ္စည်း

နဈာနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ဒွေပဉ္စဝိညာဉ်တဆယ် နာမက္ခန္ဓာလေးပါး၊ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ။နဈာနေ ကော်၊ ကော်၊ ကော်။ ။ကော် ဟူသော်ကား အဗျာကတေန အဗျာကတံ ဟူသည်တည်း။

. ဒွေပဉ္စဝိညာဉ်တဆယ်အတွက် ပါဠိထုတ်ပုံကို စာမျက်နှာ (၁) ဝိဘင်ထူးရာ ပါဠိတော်ဇယားမှာ "ပဉ္စဝိညာဏ သဟဂတံ"လို့ ပြထားပါတယ်၊ ဒွေ ပဉ္စဝိညာဉ်တဆယ်က ဝါရ (၆) ပါးလုံးနှင့် ဆိုင်တယ်၊ နောက်ပြီး ရုပ် (၅) မျိုးကို ထုံးစံအတိုင်း ပါဠိထုတ် ကတ္တားကောက်ရရုံပါဘဲ၊ ရုပ်တွေက စတုဝါရအတွက် ဖြစ်တယ်။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ နဈာနပစ္စယာ၊ ပဉ္စဝိညာဏသဟဂတံ ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တတော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ၊ ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ ဧကံမဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ၊ အသညသတ္တာနံ ဧကံမဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ကဋတ္တာ ရူပံ ဥပါဒါရူပံ။

အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဒွေပဉ္စဝိညာဉ်တဆယ် + သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အစိတ် နာမက္ခန္ဓာ ကို (၆-ဝါရ) ဒွေ ပဉ္စဝိညာဉ်တဆယ် + သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

နဈာနပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား ဟေတု အဓိပတိ ပစ္ဆာဇာတ အာသေဝန ဈာန မဂ္ဂ ဤ (၆)ပစ္စည်းမှ တပါး (၁၈)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်ကို (၄-ဝါရ)ဘုတ်နှင့် တကွသော ဗာဟိရ ဥပါဒါရုပ် အာဟာရဇဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ်ကမ္မဇ ဥပါဒါရုပ် ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန် တရား ရ၏။

နဈာနပစ္စယာ ဟူသော ဟိတ်ပါဌ်၏ အရကား သဟဇာတ အညမည နိဿယ ကမ္မ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ ဤ (၈)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

## န မဂ္ဂပစ္စည်း

နမဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ။နမဂ္ဂေ ကော်၊ ကော်၊ ကော်။ ။ကော် ဟူသော်ကား အဗျာကတေန အဗျာကတံ ဟူသည်တည်း။

နဟေတုနှင့် နမဂ္ဂပစ္စည်းတို့ကို နှိုင်းယှဉ်ကြည့်ရင် နဟေတုက "မောဟမူဒွေ၌ရှိသော မောဟ"ပိုရတာ တွေ့ပါလိမ့်မယ်၊ ကျန်တဲ့အဟိတ် နာမက္ခန္ဓာနှင့် ရုပ်တွေဟာ အတူတူဘဲ ဖြစ်ပါတယ်၊ မောဟမူဒွေ၌ရှိသော မောဟအတွက်သင်္ချာဟာ အကုသလေန အကုသလံ၊ အဗျာကတေန အကုသလံ၊ အကုသလာဗျာကတေန အကုသလံကို ရပါတယ်၊ အဟိတ် နာမက္ခန္ဓာနှင့် ရုပ်တွေဟာ အဗျာကတေန အဗျာကတံ သင်္ချာတချက်ဘဲ ရပါတယ်၊ ဒီတော့ နမဂ္ဂပစ္စည်း၏ ပါဠိ ကတ္တား ကောက် ဟိတ်ပါဌ်အားလုံးဟာ နဟေတုပစ္စည်း၏ အဗျာကတေန အဗျာကတံအတိုင်း ဖြစ်ပါတယ်၊ ဒီတော့ ရေးပြစရာ မလိုတော့ဘူး၊ နဟေတုပစ္စည်း ဗျာ-ဗျာအတိုင်း ပဝတ္တိ၊ ပဋိသန္ဓေ၊ ရုပ်သက်သက်၊ ဝတ္ထုကံ-စသည်တွေကို ဆိုပါတော့။

## နဝိပ္ပယုတ္တပစ္စည်း

နဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အရူပဝိပါက်လေးခု ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါး၊အရူပဘုံ၌ဖြစ်သော အခါ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် မဟာကြိယာ အရူပကုသိုလ်အရူပကြိယာ အထက်မဂ် ၃-ခု ဖိုလ်လေးခု နာမက္ခန္ဓာ၊ ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်။ ။နဝိပ္ပယုတ္တေ တီဏိ၊ တီဏိ၊ တီဏိ။ ။တီဏိ ဟူသော်ကား ကုသလေန ကုသလံ၊ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ ဟူသည်တည်း။

ကု-ကု၊ အကု-အကု သည် နပုရေဇာတပစ္စည်းနှင့် တူ၏။

အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ န ဝိပ္ပယုတ္တပစ္စယာ။အရူပေ ဝိပါကာဗျာကတံ ကြိယာ ဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ၊ တယောခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ ။ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယောမဟာဘူတာ၊ တယောမဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။ မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ။ အသညသတ္တာနံ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ၊ မဟာဘူတေ ပဋိစ္စ ကဋတ္တာရူပံ ဥပါဒါရူပံ။

အဗျာကတေန အဗျာကတံ၌-ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား အရူပဝိပါက် လေးခု ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။အရူပဘုံ၌ ဖြစ်သောအခါ မနောဒွါရာဝဇ္ဇန်း မဟာကြိယာ အရူပကြိယာ ဖိုလ်လေးခု+ စေတသိက် ဆတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာကို (၆-ဝါရ) မနောဒွါရာဝဇ္ဇန်း မဟာကြိယာ အရူပကြိယာ ဖိုလ်လေးခု+ စေတသိက် ဆတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

န ဝိပ္ပယုတ္တ ပစ္စယာဟူသော ဟိတ်ပါဌ်၏ အရကား ပုရေဇာတ ပစ္ဆာဇာတ ဝိပ္ပယုတ္တ-ဤ(၃)ပစ္စည်းမှ တပါး (၂၁)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

ရုပ်သက်သက်၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ဗာဟိရ မဟာဘုတ် အာဟာရဇ မဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇ မဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်ကို (၄-ဝါရ)ဘုတ်နှင့် တကွသော ဗာဟိရဥပါဒါရုပ် အာဟာရဇ ဥပါဒါရုပ် ဥတုဇဥပါဒါရုပ် အသညသတ် ကမ္မဇ ဥပါဒါရုပ် ပဝတ္တိကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

န ဝိပ္ပယုတ္တပစ္စယာ-ဟူသော ဟိတ်ပါဌ်၏ အရကား သဟဇာတ အညမည နိဿယ ကမ္မ အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ- ဤ(၈)ပစ္စည်းတို့၏ ယထာရဟသတ္တိ ရ၏။

န ဝိပ္ပယုတ္တပစ္စည်းပြီး၏။ ဒေသနာက္ကမ အစဉ်အတိုင်း ဟောနိုင်ပါသည်။

ဆဝါရ၏ အနုလုံ ပစ္စနိက် ဝိဘင်္ဂပါဠိတော်များ, ကတ္တားကောက်များ, ဟိတ်ပါဌ်သတ္တိများကို ပြဆိုပြီး၍ ခန္ဓာဝါရများ ဖွဲ့ရန်ကျန်ရှိ၏။ ခန္ဓာဝါရဖွဲ့ပုံကို သီးခြား ပြဆိုပေအံ့။ အနုလုံဖြစ်စေ၊ ပစ္စနိက်ဖြစ်စေ အပြည့်အစုံ ဟောရာ၌ ဦးစွာပါဠိတော်ကိုဟော၊ ယိုပါဠိအရ ကတ္တားကောက်ကိုကောက်၊ ထို့နောက် ဟိတ်ပါဌ်သတ္တိကိုသိ၍ပြီးမှ ခန္ဓာဝါရကို ဖွဲ့ရမည်။

——

## ခန္ဓာဝါရ

ဆဝါရအနုလုံနှင့် ပစ္စနိက်၌ သင်္ချာအများဆုံး "သတ္တရသ"သာ ရ၏။ ထိုထက်ပို၍ မရနိုင်။ ဆဝါရအနုလုံနှင့် ပစ္စနိက်အတွက် သင်္ချာအသီးသီး၌ ခန္ဓာဝါရ မည်မျှစီရသည်ကို ရေတွက်ပြထားပါတယ်။ အနုလုံအတွက် ဤ စာအုပ် စာမျက်နှာ(ထ)မှာကြည့်ပါ။ ပစ္စနိက်အတွက် စာမျက်နှာ (ဟ)မှာကြည့်ပါ။ ခန္ဓာဝါရဖွဲ့ရာ၌ အနုဝါဒ ပါဠိတော်ကို နှုလုံးသွင်းမှတ်သား၍ဖွဲ့လျှင် လွယ်ကူပါတယ်။ ဧကံ ခန္ဓံဆိုရင် ခန္ဓာတပါး၊ တယောခန္ဓာဆိုရင် ခန္ဓာ ၃-ပါး၊ ဒွေ ခန္ဓာဆိုရင် ခန္ဓာ ၂-ပါးကို ပြဆိုတယ်။ ဒီတော့ ခန္ဓာလေးပါးထဲမှ ဧကံ ခန္ဓံအရ ခန္ဓာတပါးအတွက် ရနိုင်သမျှ ရေတွက်ယူရမယ်။ ဥပမာ ကံပုဒ်ဘက်၌ ဧကံ ခန္ဓံအရ ဝေဒနာက္ခန္ဓာကိုယူရင် ခန္ဓာသုံးပါးကို ကတ္တားပုဒ်ဘက်က ယူရတယ်။ ဧကံ ခန္ဓံအရ ဝေဒနာက္ခန္ဓာကိုယူသလို သညာက္ခန္ဓာကိုလဲ ယူရမယ်၊ သင်္ခါရက္ခန္ဓာကိုလဲ ယူရမယ်၊ ဝိညာဏက္ခန္ဓာကိုလဲ ယူရမယ်။ ခန္ဓာဝါရဖွဲ့ရန် နည်းပြဇယားဆိုပြီး ဇယားတခုပြုလုပ်ခါ ဤစာအုပ် စာမျက်နှာ (ဒ)မှာ ပြထားပါတယ်။

အဲဒီဇယားမှာ ကေက လေးဝါရဆိုပြီး (၁) ဂဏန်းကလေးတွေကို နာမ်ခန္ဓာဆိုင်ရာ အသီးသီး အောက်မှာ ရေးပြထားပါတယ်။ (၁) ဂဏန်းကလေးတွေကို ကံပုဒ် နာမ်ခန္ဓာယူပြီး ကွက်လွတ်တွေကို ကတ္တားပုဒ်ဘက်က နာမ်ခန္ဓာ သုံးပါးစီအနေဖြင့် ယူရပါတယ်။ ထိုနည်းတူစွာ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ စသည်တွေကိုလဲ ဂဏန်းကလေး တွေကို ကံပုဒ်အနေမှတ်ယူ၍ ကွက်လွတ်တွေကို ကတ္တားပုဒ်အနေဖြင့် မှတ်ယူဖွဲ့ဆိုပါ။ ဒါက ဧကံ တယော ဒွေ စသည်နှင့် ပတ်သက်ပြီး ယူပုံဖြစ်ပါတယ်။ အကယ်၍ "ခန္ဓာ" သဒ္ဒါနဲ့ဟောရင် ခန္ဓာအစိတ်အပေါင်း ရပါတယ်။ အစိတ်ဆိုတာ တပါး နှစ်ပါး သုံးပါးဖြစ်တယ်၊ အပေါင်းကတော့ ခန္ဓာလေးပါးလုံးကို ဆိုပါတယ်။ ဒီတော့ ကိန်းသေမှတ်ထားရမှာက "ခန္ဓာ"ဆိုရင် တပါး နှစ်ပါး သုံးပါး လေးပါးရတယ်လို့ မှတ်ယူပါ။ ခန္ဓာဝါရ ဖွဲ့ရခြင်းအတွက် အကျိုးတရားက အစိတ်အစိတ်၊ အစိတ်အပေါင်းယူဆဖို့၌ ဉာဏ်အမြင်သန့်ရှင်းမှု ရလာပါလိမ့်မယ်။ နာမ်ခန္ဓာလေးပါးကို ယူသကဲ့သို့ မဟာဘုတ်လေးပါးကိုလဲ ဒီသဘောအတိုင်း ဆိုရပါတယ်။

အနုလုံမှာဖြစ်စေ၊ ပစ္စနိက်မှာဖြစ်စေ ခန္ဓာဝါရ (၁၄) ဝါရ ရတာတွေကို ဇယားမှာလိုက်ရှာရင် အောက်ပါအတိုင်း တွေ့ပါလိမ့်မယ်။

(၁) ကံပုဒ် နာမ်ခန္ဓာ အစိတ်အစိတ်၊ ကတ္တားပုဒ် နာမ်ခန္ဓာ အစိတ်အစိတ် (ကု-ကု။ အကု-အကု။ ဗျာ-ဗျာ၊ ပဝတ္တိ ပဋိသန္ဓေစသည်မှာ ရတယ်။)

(၂) ကံပုဒ် နာမ်ခန္ဓာ အစိတ်အစိတ်၊ ကတ္တားပုဒ် နာမ်ခန္ဓာ အစိတ်အစိတ်နှင့် ဟဒယဝတ္ထု (အနုလုံ အညမည ပစ္စည်း ပဋိသန္ဓေအခါမှာ ရတယ်။)

(၃) ကံပုဒ် နာမ်ခန္ဓာ အစိတ်အစိတ်နှင့် ဟဒယဝတ္ထု၊ ကတ္တားပုဒ် နာမ်ခန္ဓာ အစိတ်အစိတ် (ကုဗျာ-ကု။ အကုဗျာ-အကုမှာရကယ်။ န ကမ္မပစ္စည်းနှင့် မဆိုင်။ နကမ္မ၌ (၁၅)ဝါရ ရ၏။)

(၄) ကံပုဒ် မဟာဘုတ် အစိတ်အစိတ်၊ ကတ္တားပုဒ် မဟာဘုတ် အစိတ်အစိတ် (ရုပ် ၇-မျိုးရှိရာ ဥပါဒါရုပ်မရဘဲ မဟာဘုတ်လေးပါးသာရသော အညမည ပစ္စည်း၌ ရုပ်တမျိုးတမျိုးအတွက် ခန္ဓာဝါရ (၁၄) ဝါရစီ ရသည်။)

နံပါတ်(၁)= ကံပုဒ် နာမ်ခန္ဓာ အစိတ်အစိတ်၊ ကတ္တားပုဒ် နာမ်ခန္ဓာ အစိတ်အစိတ်အတွက် ကုသလေန ကုသလံကို ဆိုရိုးနှင့်တကွ ပြဆိုအံ့။ အကုသလေန အကုသလံ၊ အဗျာကတေန အဗျာကတံ စသည်တို့ကိုလည်း ကုသလေန ကုသလံနည်းတူ ဆိုရ၏။ စာမျက်နှာ (ဒ)ရှိဇယားကို အသုံးပြုနိုင်ပါတယ်။

ကုသလေန ကုသလံ၌- ခန္ဓာဝါရ (၁၄)ဝါရ ဖြစ်သတည်း။ ၁၄-ဝါရဟူသော်ကား ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရအားဖြင့် ၁၄-ဝါရ ဖြစ်သတည်း။

ဧကက လေးဝါရဟူသော်ကား ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ-ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ ဧကံ ခန္ဓ၏ အရကို ဝေဒနာယူ၍ တယောခန္ဓာ၏ အရကို သညာ သင်္ခါရ ဝိညာဉ်ယူ၍ တဝါရ။ ဧကံ ခန္ဓ၏အရကို သညာယူ၍ တယောခန္ဓာ၏အရကို သင်္ခါရ ဝိညာဉ် ဝေဒနာယူ၍ တဝါရ။ ဧကံ ခန္ဓ၏အရကို သင်္ခါရယူ၍ တယောခန္ဓာ၏အရကို ဝိညာဉ် ဝေဒနာ သညာယူ၍ တဝါရ၊ ဧကံ ခန္ဓ၏အရကို ဝိညာဉ်ယူ၍ တယောခန္ဓာ၏အရကို ဝေဒနာ သညာ သင်္ခါရယူ၍ တဝါရ၊ ဤသို့လျှင် ဧကက လေးဝါရ ဖြစ်သတည်း။

တိကလေးဝါရ ဟူသော်ကား "တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ တယော ခန္ဓေ၏ အရကို ဝေဒနာ သညာ သင်္ခါရယူ၍ ဧကော ခန္ဓော၏ အရကို ဝိညာဉ်ယူ၍ တဝါရ၊ တယော ခန္ဓေ၏ အရကို သညာ သင်္ခါရ ဝိညာဉ်ယူ၍ ဧကော ခန္ဓော၏ အရကို ဝေဒနာယူ၍ တဝါရ၊ တယော ခန္ဓေ၏ အရကို သင်္ခါရ ဝိညာဉ် ဝေဒနာယူ၍ ဧကော ခန္ဓော၏ အရကို သညာယူ၍ တဝါရ၊ တယော ခန္ဓေ၏ အရကို ဝိညာဉ် ဝေဒနာ သညာယူ၍ ဧကော ခန္ဓော၏ အရကို သင်္ခါရယူ၍ တဝါရ၊ ဤသို့လျှင် တိကလေးဝါရ ဖြစ်သတည်း။

ဒုကခြောက်ဝါရ ဟူသော်ကား "ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ သညာယူ၍ ဒွေ ခန္ဓာ၏ အရကို သင်္ခါရ ဝိညာဉ် ယူ၍ တဝါရ၊ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ သင်္ခါရယူ၍ ဒွေ ခန္ဓာ၏ အရကို သညာ ဝိညာဉ်ယူ၍ တဝါရ၊ ဒွေ ခန္ဓေ၏ အရကို ဝေဒနာ ဝိညာဉ်ယူ၍ ဒွေ ခန္ဓာ၏ အရကို သညာ သင်္ခါရယူ၍ တဝါရ၊ ဒွေ ခန္ဓေ၏ အရကို သညာ သင်္ခါရယူ၍ ဒွေ ခန္ဓာ၏ အရကို ဝေဒနာ ဝိညာဉ်ယူ၍ တဝါရ၊ ဒွေ ခန္ဓေ၏ အရကို သညာ ဝိညာဉ်ယူ၍ ဒွေ ခန္ဓာ၏ အရကို ဝေဒနာ သင်္ခါရ ယူ၍ တဝါရ၊ ဒွေ ခန္ဓေ၏ အရကို သင်္ခါရ ဝိညာဉ်ယူ၍ ဒွေ ခန္ဓာ၏ အရကို ဝေဒနာ သညာယူ၍ တဝါရ၊ ဤသို့လျှင် ဒုကခြောက်ဝါရ ဖြစ်သတည်း၊ ဤသို့လျှင် ဧကကလေးဝါရ၊ တိကလေးဝါရ၊ ဒုက ခြောက်ဝါရအားဖြင့် ခန္ဓာဝါရ (၁၄) ဝါရ ဖြစ်သတည်း။

နံပါတ် (၂) = ကံပုဒ် နာမ်ခန္ဓာ အစိတ်အစိတ် ကတ္တားပုဒ် နာမ်ခန္ဓာ အစိတ်အစိတ်နှင့် ဟဒယဝတ္ထု၊ အနုလုံ အညမညပစ္စည်း ပဋိသန္ဓေအခါမှာ ဟောပါတယ်။

ပဋိသန္ဓေအခါ အစိတ်အစိတ် နာမက္ခန္ဓာ၌ ခန္ဓာဝါရ (၁၄) ဝါရ ဖြစ်သတည်း၊ ၁၄-ဝါရဟူသော်ကား ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ ဖြစ်သတည်း။

ဧကကလေးဝါရ ဟူသော်ကား "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ဝတ္ထု စ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ ဧကံ ခန္ဓ၏ အရကို ဝေဒနာယူ၍ တယော ခန္ဓာ ဝတ္ထု စ ၏ အရကို သညာ သင်္ခါရ ဝိညာဉ် ဟဒယဝတ္ထုယူ၍ တဝါရ၊ ဧကံ ခန္ဓ၏ အရကို သညာယူ၍ တယော ခန္ဓာ ဝတ္ထု စ ၏ အရကို သင်္ခါရ ဝိညာဉ် ဝေဒနာ ဟဒယဝတ္ထုယူ၍ တဝါရ၊ ဧကံ ခန္ဓ၏ အရကို သင်္ခါရယူ၍ တယော ခန္ဓာ ဝတ္ထု စ၏ အရကို ဝိညာဉ် ဝေဒနာ သညာ ဟဒယဝတ္ထုယူ၍ တဝါရ၊ ဧကံ ခန္ဓ၏ အရကို ဝိညာဉ်ယူ၍ တယော ခန္ဓာ ဝတ္ထု စ၏ အရကို ဝေဒနာ သညာ သင်္ခါရ ဟဒယဝတ္ထုယူ၍ တဝါရ၊ ဤသို့လျှင် ဧကကလေးဝါရ ဖြစ်သတည်း။

**မှတ်ချက်။** ။နံပါတ် (၁)၌ ပြဆိုခဲ့သည့်အတိုင်းတွင် ကတ္တားပုဒ်ဘက်မှ ပါဠိသွားအတိုင်း ဟဒယဝတ္ထု ထပ်ထည့်ပေးရသည်သာဖြစ်၏၊တိကလေးဝါရနှင့် ဒုကခြောက်ဝါရတို့၌လည်းကတ္တားပုဒ်ဘက်၌ ဟဒယဝတ္ထုထည့်၍ဆိုပါ။

နံပါတ် (၃) = ကံပုဒ်နာမ်ခန္ဓာ အစိတ်အစိတ်နှင့် ဟဒယဝတ္ထု၊ ကတ္တားပုဒ် နာမ်ခန္ဓာ အစိတ်အစိတ်၊ ကုဗ္ဗာ-ကု၊ အကုဗ္ဗာ-အကုမှာ ဟောပါတယ်။

ကုသလာဗျာကတေန ကုသလံ၌ ခန္ဓာဝါရ (၁၄)ဝါရ ဖြစ်သတည်း၊ ၁၄-ဝါရ ဟူသော်ကား ကေကလေးဝါရ၊ တိကလေးဝါရ၊ ဒုကခြောက်ဝါရအားဖြင့် ၁၄-ဝါရ ဖြစ်သတည်း။

ကေကလေးဝါရ ဟူသော်ကား "ကုသလံ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ပစ္စယာ တယော ခန္ဓာ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ၏အရကို ဝေဒနာ ဟဒယဝတ္ထုယူ၍ တယော ခန္ဓာ၏ အရကို သညာ သင်္ခါရ ဝိညာဉ်ယူ၍ တဝါရ၊ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ၏ အရကို သညာ ဟဒယဝတ္ထုယူ၍ တယော ခန္ဓာ၏ အရကို သင်္ခါရ ဝိညာဉ် ဝေဒနာယူ၍ တဝါရ၊ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ၏အရကို သင်္ခါရ ဟဒယ ဝတ္ထုယူ၍ တယောခန္ဓာ၏ အရကို ဝိညာဉ် ဝေဒနာ သညာယူ၍ တဝါရ၊ ဧကံ ခန္ဓဉ္စ ဝတ္ထုံ စ ၏အရကို ဝိညာဉ် ဟဒယဝတ္ထုယူ၍ တယော ခန္ဓာ၏ အရကို ဝေဒနာ သညာ သင်္ခါရယူ၍ တဝါရ၊ ဤသို့လျှင် ကေကလေးဝါရ ဖြစ်သတည်း။

တိကနှင့် ဒုကတို့ကိုလည်း ကံပုဒ်ဘက်၌ ဟဒယဝတ္ထုထည့်၍ ဆိုရသည်သာဖြစ်၏၊ ဟိုပါတော့။

နံပါတ် (၄) = ကံပုဒ် မဟာဘုတ် အစိတ်အစိတ်၊ ကတ္တားပုဒ် မဟာဘုတ် အစိတ်အစိတ်။

ဝိတ္တဇမဟာဘုတ်၌ ခန္ဓာဝါရ (၁၄) ဝါရ ဖြစ်သတည်း၊ ၁၄-ဝါရ ဟူသော်ကား ကေကလေးဝါရ၊ တိကလေးဝါရ၊ ဒုကခြောက်ဝါရအားဖြင့် (၁၄)ဝါရ ဖြစ်သတည်း။

ကေကလေးဝါရ ဟူသော်ကား "ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော် ပါဠ်၌ ဧကံမဟာဘူတံ၏ အရကို ပထဝီမဟာဘုတ်ယူ၍ တယော မဟာဘူတာ၏ အရကို အာပေါ တေဇော ဝါယော မဟာဘုတ်ယူ၍ တဝါရ၊ ဧကံ မဟာဘူတံ၏ အရကို အာပေါ မဟာဘုတ်ယူ၍၊ တယော မဟာဘူတာ၏ အရကို တေဇော ဝါယော ပထဝီ မဟာဘုတ်ယူ၍ တဝါရ၊ ဧကံမဟာဘူတံ၏ အရကို တေဇောမဟာဘုတ်ယူ၍ တယော မဟာဘူတာ၏ အရကို ဝါယော ပထဝီ အာပေါ မဟာဘုတ်ယူ၍ တဝါရ၊ ဧကံမဟာဘူတံ၏ အရကို ဝါယော မဟာဘုတ်ယူ၍၊ တယော မဟာဘူတာ၏ အရကို ပထဝီ အာပေါ တေဇော မဟာဘုတ် စိတ္တဇရုပ်ယူ၍ တဝါရ၊ ဤသို့လျှင် ကေကလေးဝါရ ဖြစ်သတည်း။

တိကလေးဝါရ ဟူသော်ကား "တယော မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ တယော မဟာဘူတေ၏ အရကို ပထဝီ အာပေါ တေဇော မဟာဘုတ်ယူ၍၊ ဧကံမဟာဘူတံ၏ အရကို ဝါယော မဟာဘုတ်ယူ၍ တဝါရ၊ တယော မဟာဘူတေ၏ အရကို အာပေါ တေဇော ဝါယော မဟာဘုတ်ယူ၍၊ ဧကံ မဟာဘူတံ၏ အရကို ပထဝီမဟာဘုတ်ယူ၍ တဝါရ၊ တယော မဟာဘူတေ၏ အရကို တေဇော ဝါယော ပထဝီမဟာဘုတ်ယူ၍၊ ဧကံမဟာဘူတံ၏ အရကို အာပေါ မဟာဘုတ်ယူ၍ တဝါရ၊ တယော မဟာဘူတေ၏အရကို ဝါယော ပထဝီ အာပေါ မဟာဘုတ်ယူ၍၊ ဧကံမဟာဘူတံ၏ အရကို တေဇော မဟာဘုတ်ယူ၍ တဝါရ၊ ဤသို့လျှင် တိကလေးဝါရ ဖြစ်သတည်း။

ဒုကခြောက်ဝါရ ဟူသော်ကား "ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ ဒွေမဟာဘူတေ၏အရကို ပထဝီ အာပေါ မဟာဘုတ်ယူ၍၊ ဒွေ မဟာဘူတာ၏ အရကို တေဇော ဝါယော မဟာဘုတ်ယူ၍ တဝါရ၊ ဒွေ မဟာဘူတေ၏ အရကို ပထဝီ တေဇော မဟာဘုတ်ယူ၍၊ ဒွေ မဟာဘူတာ၏ အရကို အာပေါ ဝါယောမဟာဘုတ်ယူ၍ တဝါရ၊ ဒွေ မဟာဘူတေ၏ အရကို ပထဝီ ဝါယော မဟာဘုတ်ယူ၍၊ ဒွေ မဟာဘူတာ၏ အရကို အာပေါ တေဇော မဟာဘုတ်ယူ၍ တဝါရ၊ ဒွေ မဟာဘူတေ၏ အရကို အာပေါ တေဇော မဟာဘုတ်ယူ၍၊ ဒွေမဟာဘူတာ၏ အရကို ပထဝီ ဝါယော မဟာဘုတ်ယူ၍ တဝါရ၊ ဒွေ မဟာဘူတေ၏ အရကို အာပေါ ဝါယော မဟာဘုတ်ယူ၍၊ ဒွေ မဟာဘူတာ၏ အရကို ပထဝီ တေဇော မဟာဘုတ်ယူ၍ တဝါရ၊ ဒွေ မဟာဘူတေ၏ အရကို တေဇော ဝါယော မဟာဘုတ်ယူ၍၊ ဒွေ မဟာဘူတာ၏ အရကို ပထဝီ အာပေါ မဟာဘုတ်ယူ၍ တဝါရ၊ ဤသို့လျှင် ဒုကခြောက်ဝါရ ဖြစ်သတည်း၊ ဤသို့လျှင် ကေကလေးဝါရ၊ တိကလေးဝါရ၊ ဒုကခြောက်ဝါရအားဖြင့် ခန္ဓာဝါရ (၁၄) ဝါရ ဖြစ်သတည်း၊

မဟာဘုတ် လေးပါးသာရ၍ ဥပါဒါရုပ် မရသော ရုပ်များ၌ ခန္ဓာဝါရ (၁၄-ဝါရ)စီ ရမည်၊ အညပညပစ္စည်း အနုလုံရုပ်သက်သက်၌ ရုပ်တမျိုးတမျိုး၌ ခန္ဓာဝါရ(၁၄)ဝါရစီ ရရှိရာ ရုပ်(၇)မျိုးအတွက် ခန္ဓာဝါရ(၉၈)ဝါရဖြစ်၏။

## ခန္ဓာဝါရ (၁၅) ဝါရ

အောက်ပါတို့၌ ခန္ဓာဝါရ (၁၅)ဝါရစီ ရကြသည်။

(၁) ပဋိသန္ဓေအခါ = ကံပုဒ်နာမ်ခန္ဓာ အစိတ်အပေါင်း၊ ကတ္တားပုဒ် ဟဒယဝတ္ထု။
(၂) ပဋိသန္ဓေအခါ = ကံပုဒ်ဟဒယဝတ္ထု၊ ကတ္တားပုဒ် နာမ်ခန္ဓာ အစိတ်အပေါင်း။
(၃) ကံပုဒ် ဆဝတ္ထုတပါးပါး၊ ကတ္တားပုဒ် နာမ်ခန္ဓာအစိတ်အပေါင်း။
(၄) ကံပုဒ် နာမ်ခန္ဓာ အစိတ်အပေါင်း၊ ကတ္တားပုဒ် စေတသိက်။ (နဟေတု=အကု-အကု၊ နကမ္မ= ကု-ကု၊ အကု-အကု၊ ဗျာ-ဗျာ ပဝတ္တိတို့၌ ရသည်။)
(၅) ကံပုဒ် နာမ်ခန္ဓာ အစိတ်အပေါင်း + ဟဒယဝတ္ထု၊ ကတ္တားပုဒ် စေတသိက်။ (န ဟေတု= အကုဗျာ-အကု၊ နကမ္မ=ကုဗျာ-ကု၊ အကုဗျာ-အကု တို့၌ ရသည်။)
(၆) ရုပ် (၇)မျိုးရှိရာ ရုပ်တမျိုးတမျိုး၌ (၁၅)ဝါရစီ ရသည်။

နံပါတ်(၁)= ပဋိသန္ဓေအခါ နာမ်ခန္ဓာ အစိတ်အပေါင်း၌ ခန္ဓာဝါရ (၁၅)ဝါရ ဖြစ်သတည်း။ ၁၅-ဝါရ ဟူသော်ကား ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ စတုက္ကတဝါရအားဖြင့်(၁၅)ဝါရ ဖြစ်သတည်း။

